www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ◆ ၅၀၀၁၉၁၀၂၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၅၀၀၆၇၂၀၆၀၇

ထုတ်ဝေခြင်း
၂၀၀၇-ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်
အုပ်ရေ-၅၀၀၊ တန်ဖိုး(၁၀၈) ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း (၀၉၁၀) (ယုံကြည်ချက်စာပေ)
အမှတ် (၁၁၁)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၁၈၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ တာမွေလမ်း
တာမွေကြီး (က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်
ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
အောင်လွှင် (CONQUEROR)

ပြင်ပဆက်သွယ်ရေးမှူး
ခင်မာဆွေ

ဖြန့်ချိရေးမှူး
မြတ်မာမာမင်း

အတွင်းဖလင်/စာအုပ်ချုပ်
သစ္စာမွန် (T.S.M)

သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

# သျှင်မ

# တစ်ယူသန်စွာချစ်
# တစ်ယူသန်မေတ္တာ

အချစ်မေတ္တာဘွဲ့
လုံးချင်းသန့်သန့်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခန်းဆီးစကို သိမ်းဖယ်တော့မလို လှမ်းလိုက်တဲ့ လက်က လမ်းတစ်ဝက်မှာပင် ရပ်တန့်သွားသည်။

ခန်းဆီးကြားက တစ်ဝက်တစ်ပျက် လှမ်းမြင်လိုက်ရသည့် မျက်နှာတစ်ခုကြောင့် နှုတ်ခမ်းတို့က အလိုလို စေ့ပိတ်ပြီးသား ဖြစ်သွားရသည်။

ညှို့သည်ဆိုလို့ ခပ်သွက်သွက် ထွက်လာမိသည့် ခြေလှမ်းကို တမင်တကာ တုံ့နှေးပစ်ကာ လွန်စွာကန့်ကြွကြီးသော ခြေလှမ်းများအဖြစ်နှင့် ညှို့ခန်းထဲသို့ လှမ်းဝင်ခဲ့သည်။

ဖျတ်ခနဲ မော့လာသည့် မျက်နှာနှင့် ဆုံ၏။

"ရှင် ကိစ္စရှိလို့လား . . ."

**သစ္စာမွန်စာစဥ**

www.burmeseclassic.com

"မရှိဘဲ မင်းဆီကို ငါကရောက်လာမယ်လို့ ထင်လား. . ."

"အဲဒီလိုဆို ကျွန်မကရော ဒီလိုတွက်တွေ့လိမ့်မယ်လို့ ရှင်ထင်လား. . ."

ဦးဘုန်းသော် မျက်နှာမှာ မဲ့ပြုံးတစ်ခု ဖြစ်ထွန်းသွားသည်။

ဒေါ်တမာခိုင် ဦးဘုန်းသော်၏ ခပ်စောင်းစောင်းလောက်မှာ ဝင်ထိုင်လိုက်၏။

"ကဲ. . . ရှင့်ကိစ္စကို ပြောသင့်ပြီ ထင်တယ်. . ."

မပြေလည်လှသည့် ဆက်ဆံရေးအပေါ် ဦးဘုန်းသော် မကျေနပ်စိတ်နှင့် မျက်နှာကြီး တင်းနေသည်။

"ငါ့သမီးနဲ့ ဟိုအရူးသားအဓိတိစ္စ မင်း ရုပ်တန်းက ရှော်လိုက်ဖို့ ငါလာပြောတာ. . ."

ဒေါ်တမာချို မျက်မှောင်ကုတ်သွားသည်။

"မောင်နဲ့သူ့အမေကို ပြောတာလား. . ."

"ဟုတ်တယ်. . ."

"အဲဒါ ဘာဖြစ်လို့လဲ. . . အင်ဖျင်နီယာဘွဲ့ရပြီးပြီ. . . မျိုးရိုးသန့်တယ်. . . ရိုးသားတယ်. . . သမီးလေးကို ချစ်တယ်. . . စိတ်မနှံ့တဲ့ မအေရှိနေတာ အပြစ်လား. . ."



www.burmeseclassic.com



"အဲဒါ အပြစ်ပေါ့. . . ရူးနေတဲ့ မအေတစ်ယောက်နဲ့ ဒီလို အနုတ်စုတ်ဂုတ်စုတ်ကောင်ကို မင်း ကြည့်မနေသင့်ဘူး. . . ဒီသတင်း ထွက်လာရင် နိုင်ငံကျော် ရုပ်ရှင်မင်းသမီး တစ်ယောက်ရဲ့ အနာဂတ်ဟာ ဘာဖြစ်သွားမလဲ. . ."

ဒေါ်တမာချိုက အေးစက်စက် ပြုံးသည်။

"ရုပ်ရှင်မင်းသမီး ခင်ဘုန်းထက်ရဲ့ ကျော်ကြားခြင်းတွေကို ရှင် သိထားတယ်ဆိုရင် သမီး အနာဂတ်အတွက် ကျွန်မ ဘယ်လို ထိန်းသိမ်းသွားနိုင်တယ်ဆိုတာလည်း ရှင်တွေးမိဖို့ ကောင်းတယ်. . ."

"မင်းလက်တွေနဲ့ လောကကို ကိုင်လှုပ်ဖို့ မကြိုးစားနဲ့ တမာချို အထူးသဖြင့် ငါ့သမီးရဲ့ဘဝ အညွှန့်ကို မကျိုးပါစေနဲ့. . ."

အသက်တွေလည်း မငယ်ကြတော့ပါ။

တမာချိုဆိုသော မိန်းမ၏ မျက်နှာတစ်ခုလုံးမှာ ပျားရည်အပြုံးလို ချိုမြမြ ရှိနေတတ်ပေမယ့်. . .

တကယ်တမ်း အဲဒီမျက်နှာမှာ ဘယ်လို အကြောင်းအချင်းအရာ တစ်စုံတစ်ရာကိုမှ ဂရုမစိုက်တတ်စွာ မထိပြင်ပြင် နေတတ်သည့် မာန တရားများက ဇရာ၏ လက္ခဏာများပေါ်မှာ ရိုးတိုးရိတ်တိတ်။

"မင်း ငါ့စကားတွေကို ဂရုမစိုက်စွာ မယ်ချုပ်မယ်ဆိုတာ ငါသိ

www.burmeseclassic.com



တယ်. . .

. . . ဒါပေမယ့် ဒီနေ့ သမီးအတွက် ဒီစကားကို ပြောမှဖြစ်မှာမို့ လာပြောတာပဲ. . . ဖေးလေ မင်းမွေးတဲ့သမီးပဲ. . . ဒါ မင်းသဘောပေါ့"

စားပွဲကို ဒုန်းခနဲ ထုချ ဆက်တီကို ခြေတစ်ဖက်နှင့် ကန်ထုတ်ပစ်လျက်. . .

ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားသူ. . .

ပြုံးနေသည့် နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသည်။

နှုတ်ခမ်းထောင့်ကွေးလေး တစ်ချက်မဲ့ကျသွားကာ ဒေါ်တမာချို မျက်ဝန်းများက ထွက်ခွာသွားသူ၏ ကျောပြင်နောက်မှာ ကပ်ပါသွား၏။

ဖြစ်ရလေ ဦးဘုန်းသော်ရယ်. . .

ဒီအချိန်ကျမှများ ရှင်မို့ အမိန့်တွေ လာပေးရဲသေးတယ်နော်. .

အတွေးနှင့် နှုတ်ခမ်းမှာ ခနဲ့ပြုံးတစ်ခု ဖြစ်ပွင့်သွားသည်။

အတိတ်ဆိုသည့် ကားချပ်တစ်ချပ်ကို လှန်ကြည့်မည်ဆိုပါလျှင် ဦးဘုန်းသော်ဆိုသော အနိုင်လုသားသည် သူမအပေါ် ဘယ်တုန်းကမှ နားမလည်ခဲ့ပါ။

ဦးဘုန်းသော်ကို နားလည်ဘို့လည်း သူမဘယ်တော့မှ မကြိုးစားခဲ့. . .





မျဉ်းပြိုင်နှစ်ကြောင်းပေါ်မှာ ရှိနေသည့် လူနှစ်ယောက်။

ငါဆိုသော မာနတရားတွေ ဘစ်ပွေ့တစ်ပိုက်နှင့် လဘာစ်ဦးကို စိတ်ပျက်စွာ နာကျည်းစွာ နောက်ဆုံး သည်းမခံနိုင်စွာ. . .

လမ်းခွဲခဲ့ကြသည့်အထိ ဖြစ်လာခဲ့ရသော အကြောင်းတရားများသည်. . .

• • •

www.burmeseclassic.com

www.burmeseclassic.com

"မှင်း မအိပ်သေးဘူးလား. . ."

နေပျို့စဉ်အခါကတည်းက ဘုန်းသော်ဆိုသော လူနှင့် တမာချို

ဆိုသည့် မိန်းမတစ်ယောက်၏ ဆက်ဆံမှုက အေးစက်စက်။

တမင် စောင့်နေခဲ့တာမို့ ဘုန်းသော် အိပ်ယာပေါ် ပစ်လှဲချ

လိုက်သည်နှင့် တမာချို လှဲနေရာမှ ထထိုင်လိုက်သည်။

"ကျွန်မ ရှင့်ကို စောင့်နေတာ. . ."

"ပြောစရာ ရှိလို့လား. . ."

"ဟုတ်တယ်. . ."

မိဘတွေ သဘောတူ ကြည်ဖြူစွာ ပေးစားခဲ့ကြသည့်တို

တစ်ဦးအပေါ် တစ်ဦး ချစ်ခင်နားလည်ဖို့ မကြိုးစားမိခဲ့ကြသည့် သူ





အိမ်ထောင်ရေးက မသာယာခဲ့တာ အမှန်။

တမာချိုက တက္ကသိုလ်မှ ကထိကတစ်ယောက်

ငွေကြေးချမ်းသာသူ မဟုတ်ပေမယ့် ပညာကို တန်ဖိုးထားတတ်

စွာ ပညာမာန ရှိနေခဲ့သူ။

ဘုန်းသော်ကျတော့ ဆယ်တန်းကို ဘယ်လိုဖြေဖြေ မအောင်ခဲ့

သည့်တိုင် မိဘတွေက ကြိုကြိုတက် ချမ်းသာသည်။

ဥစ္စာပေါ ရုပ်ချောသော ဘုန်းသော်က ပညာနည်းပေမယ့် ဥစ္စာ

မာန ခပ်ကြီးကြီး။

ပညာနှင့် ဥစ္စာပေါင်းစည်းပေးဖို့ ရည်သန်လျက် သူ့မိခင်

ဖနီးမောင်နှံတို့က သားသမီးတွေကို ကြည်ဖြူစွာ လက်ထပ်ပေးခဲ့သည်။

သူတို့ ထင်သလို ပြည့်စုံမလာခဲ့ပါ။

ဘုန်းသော်တစ်ယောက် ဇနီးဖြစ်သူက ပညာမာနများ လွှမ်းမိုး

လာမှာကို ယောကျ်ားမာနနှင့် လက်မခံနိုင်သလို. .

တမာချိုကလည်း ပညာတတ်သူမို့ ဥစ္စာပစ္စည်းတွေ အောက်မှာ

လည်စင်း မပေးနိုင်သူပါ။

ငှင်းအချင်းအရာများသည် အက်ကြောင်း၏ နိဒါန်းဆိုလည်း

မမှား။



www.burmeseclassic.com

www.burmeseclassic.com



တမာချို စကားတစ်ခု ပြောတော့မည်ဆိုလျှင် ပါးသောနှုတ်ခမ်းလေးတွေ စေ့ထားတတ်သလို မျက်ခုံးနက်နက်တို့ကို စုကျုံ့ထားတတ်၏။

အဲဒီလို ခပ်မိန့်မိန့် အမူအယာမျိုးတွေကို ဘုန်းသော် လုံးဝကြည့်လို့မရတာ။

တမာချို မျက်နှာကို သူမကျေနပ်စွာ စူးစူးစိုက်စိုက် ကြည့်နေမိ၏။

"ဒီည မင်းစကားကို နားထောင်ဖို့ နောက်ထပ် အချိန်ဘယ်လောက်ထပ် ပေးရဦးမလဲ..."

စဉ်းစားဟန် ရှိနေသည့် တမာချို ဦးခေါင်း ဆတ်ခနဲ မတ်သွား၏။

"ဆောရီး... ကျွန်မ အတွေးလွန်သွားတယ်..."

တမာချို သူဘက်မလှည့်ပဲ မျက်နှာကို ခပ်လွှဲလွှဲထားကာ...

"ရှင့်ကို ကျွန်မ မေးစရာရှိတယ်..."

"ဘာလဲ..."

"ရှင့်ရဲ့ ဟိုတယ်လ်လုပ်ငန်းမှာ ဟို..."

တမာချို မျက်နှာပူသလို ဖြစ်သွားလျက် စကားထစ်သွားသည်။ ပြီးမှ တစ်ချက်တွေးသလို ဖြစ်ကာ...





"ကျွန်မ ရှင်းရှင်းပဲ ပြောတော့မယ် ရှင်..."

"ဟုတ်တယ်..."

"ဘာ..."

"မင်းပြောမဲ့စကားဟာ ဟုတ်တယ်လို့ ပြောတာလေ..."

ခပ်အေးအေး ဖြေရင်း ဘုန်းသော် မျက်လုံးတွေကို မှိတ်ထားလိုက်၏။

"ရှင် ကျွန်မ မေးမှာကို သိလို့လား..."

"သိတယ်..."

သံပြတ်နှင့် ဖြေတော့ ,တမာချို မျက်နှာတင်းကနဲ ဖြစ်သွားသည်။

"ရှင် ဒါမျိုးတွေ မလုပ်သင့်ဘူး..."

"မင်းနဲ့ဒါ ကိုယ့်နေရာနဲ့ ကိုယ် နေကြတာပဲ... ဒီကိစ္စ မင်းဝင်မပါသင့်ဘူး... ထင်တယ်..."

"ဒီကိစ္စမို့ ဝင်ပါနေရတာရှင့်... နိုင်ငံအတွက်လည်း မကောင်းဘူး... ကိုယ်ကျိုးအတွက်လည်း မကောင်းဘူး..."

ဘုန်းသော် မျက်လုံးတွေ ဖျတ်ကနဲ ပွင့်လာသည်။

"မင်းလို ပညာမတတ်တော့ ငါက နိုင်ငံနဲ့ချီပြီး မသိဘူးလေ..."



www.burmeseclassic.com

ဒါပေမယ့် ကိုယ်ကျိုးအတွက် ကောင်းတယ်. . .”

“ဘာကောင်းတာလဲ. . .”

“ချမ်းသာသထက် ချမ်းသာတယ်လေ. . .”

တမာချို့ မျက်နှာ ရှုံ့မဲ့သွားသည်။

ဘုန်းသော်ကို မကျေနပ်စွာ စိုက်ကြည့်၍. . .

“ရှင့်မှာ စားဖို့လည်း မပူရဘူး. . . ဝတ်ဖို့လည်း မပူရဘူး. . . နေစရာလည်း အဆင်သင့်. . . ဒါကိုပဲ လောဘမသတ်နိုင်ပဲ နိုက်ကလပ် ဖွင့်စားသေးတယ်. . . ဒီလိုနေရာမျိုးမှာ အမျိုးကောင်း သားသမီးလေးတွေ ဘယ်လောက် ပျက်စီးသလဲ. . . ဘာဖြစ်ကုန်မလဲ. . . ဒါတွေ ရှင်မသိဘူးလား. . .”

ဘုန်းသော် လှဲနေရာမှ ထထိုင်လာသည်။

“မလိုဘူးလေ. . . ဒါတွေ မလိုပါဘူး. . . လောကမှာ လူတွေရဲ့ အရိုအသေပေးခြင်း အလေးထား ဆက်ဆံခြင်းတွေရဖို့ ငွေလိုတယ်. . . လူတွေ အားလုံးရဲ့ မျက်ခုံးပေါ်မှာ နေနိုင်ဖို့ ငွေက အဓိကပဲ. . .”

“ရှင် တရားမဲ့ စကားမပြောပါနဲ့. . . ရှင့်လိုလူ တစ်ယောက်ကြောင့် မြန်မာလူမျိုးတို့ရဲ့ ဂုဏ်သိက္ခာ. . . ယဉ်ကျေးမှုတွေ မိကောင်းဖခင်ရဲ့ သားသမီးလေးတွေ ဘဝအားလုံး ပျက်စီးရမယ်. . .”





“မင်း ဒီစကားတွေကို မင်းရဲ့တက္ကသိုလ်မှာ သွားပြော တမာချို ငါဆိုတဲ့ကောင်ကို ဘာအဓိပ္ပါယ်မှ ပေးဖို့ မကြိုးစားနဲ့. . .”

“အဓိပ္ပါယ်ပေးတာ မဟုတ်ဘူး ကိုဘုန်းသော်. . . ရှင့်ကို သတိလက် လွတ်ဖြစ်မှာစိုးလို့ ပြောပြတာ. . .”

“မလိုပါဘူးကွ. . . ငါဘယ်သူ့ကိုမှ ဆွဲမသွင်းဘူး. . . ငါ့အလုပ် ထဲကို ဝင်လာလိုသူလာ. . . ထွက်လိုသူ ထွက်သွားလို့ရတယ်. . . ငါ့ အလုပ်ကို ငါလုပ်တာပဲ. . . ဘယ်အမျိုး ဘယ်ဇာတိကိုမှ လိုက်ဖျက်ဆီး နေတာ မဟုတ်ဘူး. . .”

“ဒါပေမယ့် ပေါက်ပင်ကိုင်းရတာဟာ ဖျိုင်းနားလို့ပဲ ကိုဘုန်း သော်. . .”

“အေး. . . ပေါက်ပင်ကိုင်းစေအောင် တမင်နားတာ မဟုတ်တဲ့ ဖျိုင်းမှာလည်း အပြစ်မရှိဘူး. . . မင်း စကားလုံးကြီးတွေကို ပြန်ရုတ်သိမ်း လိုက်ပါ တမာချို. . . တစ်ခုတော့ ပြောလိုက်မယ် ငါက မင်းယောကျ်ား”

သူ့ မျက်နှာကို ရှုံ့တိုးပြလျက် ဘုန်းသော် အံကို ကျိတ်ကာ ကြိမ်းသည်။

“မင်းပေးတဲ့ အမိန့်တွေကို ခေါင်းညိတ်ရင် လုပ်ပေးမယ့် ခပ်ညံ့ညံ့ကောင် တစ်ယောက် မဟုတ်ဘူးဆိုတာ မင်း မှတ်ထား. . .”

www.burmeseclassic.com



သူနားနားမှာ အံကြိတ်သံနှင့် ခပ်ကြိတ်ကြိတ် ဆိုလျက် ခေါင်းအုံးနှင့် စောင်ကို တစ်ခါတည်း ကောက်ယူကာ အခန်းထဲမှ ထွက်သွားပါတော့သည်။

"တမာချိုဆိုတဲ့ မိန်းမကလည်း ယောကျ်ားရဲ့ ဥပေက္ခာကို မျက်ရည်ဝဲဝဲနှင့် ခံစားကျန်ခဲ့မယ့် မိန်းမမျိုး မဟုတ်ခဲ့ပါ။

ကျားသစ်ပျိုမလေး တစ်ကောင်လို ယက်လက်ဖြာနေသည့် မျက်ဝန်းတို့က စူးစူးရဲရဲ။

တစ်ကိုယ်ကောင်းဆန်စွာ ပြောရက်လွန်းသည့် ဘုန်းဧသော်အပေါ် ဒေါသတွေ တားဆီးရခက်စွာ. . .

♥ ♥ ♥

ဖတ်နေရင်းမှ လက်ထဲက ဝတ္ထုစာအုပ်ကို ကြမ်းပေါ်သို့ ဘုန်းကနဲ မြည်သွားသည်အထိ ပစ်ပေါက်လိုက်မိသည်။

ဝတ္ထုထဲက စာသားတွေကို မျက်လုံးထဲမှာ မြင်နေဆဲ. . .

ဝတ္ထုဇာတ်ကောင်ရဲ့ စကားလုံးတွေက နားထဲမှာ စွဲထင်လျက် ကြမ်းပေါ်မှ ငြိမ်သက်စွာ ရှိနေသည့် စာအုပ်ကို ဒေါသဖြစ်စွာ ကြည့်နေရင်း ညှော်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

မအေဖြစ်သူ၏ ဒေါသကြောင့် ခေါင်းလေးတွေ ပြူကြည့်လာကြသည့် သမီးနှစ်ယောက်ကို တမာချို ခပ်တည်တည်ပဲ စိုက်ကြည့်ကာ. .

"သမီးတို့ ခြံထဲမှာ သွားဆော့နေကြစမ်း. . . "

ခေါင်းလေးတွေ ပြန်ကွယ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသော် ရောက်လာသည်နှင့် မပြေလည်နိုင်သည့် စကားဝိုင်းလေး အစပျိုးခဲ့ ပြန်ပါသည်။

အိမ်ထောင်သက်တွေ ကြာလာသည့်တိုင် သူတို့ လင်မယားကြားမှာ ပျော့ပျောင်းမှု မရှိခဲ့ပေ။

"ရှင့်တိုက်က ထုတ်လိုက်တဲ့ စာရေးဆရာမဟာ သိပ်ကိုတော်ပါတယ်. . . စာဖတ်တဲ့ သူ့ရဲ့ဘဝကို ချုပ်ကိုင်နိုင်စွမ်းလည်း ရှိတယ်. . . ဒါပေမယ့် သူတော်တဲ့ ပညာတွေကို အသုံးချကာ သိပ်ကို သိမ်ဖျင်းလွန်းတယ်. . ."

ချပြထားသည့် ဝတ္ထုစာအုပ်ကို သူတစ်ချက်ငွေ ကြည့်ကာ အအေးတစ်ခွက်လုံးကို တစ်ကျိုက်ချင်း မော့သောက်နေလိုက်သည်။

"မြန်မာအမျိုးသား စာရေးဆရာ တစ်ယောက်ဟာ မိဘနဲ့သားသမီးရဲ့ ဆက်ဆံရေးကို ဒီလောက်ထိ ရေးမထားသင့်ဘူး. . ."

ဘုန်းသော် အအေးဖန်ခွက်ကို စားပွဲပေါ်မှာ ဒေါက်ကနဲ မြည်အောင် ချလိုက်သည်။

"ပြောစမ်းပါဦး ဘာတွေ ရေးထားလို့လဲ. . ."

"ဝမ်းနည်းပါတယ်ဆိုတဲ့ စကားဟာ မြန်မာက ပေါက်ဖွားလာတာမှ မဟုတ်တာ. . . ဒီစကားတစ်လုံး ရှေ့ကခံပြီး မိဘကို ပြန်လှန်ပြောနေလိုက်တာ. . . မြန်မာဆဲ့တွေးမ ခြန်မာ့မျက်လုံးနဲ့ ကြည့်ရင် သိပ်ကိုရင်နာစို့ ကောင်းတယ်. . ."

ဘုန်းသော် နှုတ်ခမ်းကို မဲ့ထားလိုက်မိသည်။

သူ့ဘာလုပ်လုပ် အမြဲဝေဖန် ရှုံ့ချနေတတ်သော မိန်းမတစ်ယောက်ကို သူစိတ်ပျက်လာသည်။

တစ်ဖက်ကမူ ကျေ့ကျော့ကြီးတွယ်လာနိုင်ဖွယ် မရှိသော အိမ်ထောင်ရေးက တာကယ့်မျဉ်းပြိုင် နှစ်ကြောင်းလို. . .

"ရှင်တိုက်က ဒီလိုစာပေမျိုးတွေ ထုတ်ကာ ကျွန်မ လုံးဝကန့်ကွက်တယ်. . ."

"မင်းရဲ့ကန့်ကွက်မှုကိုလည်း ငါ လုံးဝပယ်တယ်. . ."

"ရှင်ပယ်လို့ မရဘူး. . . ဒီလို အရေးအသား ကောင်းတဲ့ ဆရာတစ်ယောက်ရဲ့ လမ်းပြခေါ်ဆောင်မှုက မှောင်မဲနက်ရှိုင်းတဲ့ အသူရာချောက်ကြီးနဲ့ တူနေတယ် ရှင့်. . . တွေးချင်မှတ်ချင်တဲ့ အရွယ်ရောက်စ လူငယ်လေးတွေ နှလုံးသားမှာ အတွေးမှား အမှတ်မှားတွေ ဖြစ်ကုန်မယ်. . ."

တမာချို့ အသံက ကျယ်လာသည်။

"စာပေ ဂီတ အနုပညာသမားတွေဟာ တစ်နည်းအားဖြင့် ပြော







www.burmeseclassic.com

www.burmeseclassic.com

ရှရှင် ပြည်သူတွေရဲ့ ဖန်ဆင်းရှင်တွေပါ. . . သူတို့ရဲ့ လုပ်ရပ်တိုင်း ဖန်တီးမှုတိုင်းဟာ ပြည်သူထဲက လူငယ်လေးတွေရဲ့ အနာဂတ်ပဲ. . . ဒါကို ရှင်နားလည်ပါတယ်. . . တမိသားနဲ့ တမိသား ပေါင်းဖက်ကြတဲ့နေရာမှာ ဘယ်လူကြီးမှ ပါဖို့ မလိုဘူး. . . ထိမ်းမြားခြင်း လက်ထပ်ခြင်းနဲ့ အသိအမှတ်ပြုဖို့ ကြိုးစားတာနဲ့ အတူတူပဲ. . . မြန်မာဟာ မြန်မာအသိမျိုးပဲ ရှိရမယ်. . ."

အာပြန်ပြောရမှန်း မသိတော့သည့် အဆုံး ဘုန်းသော် နေရာမှ ဝုန်းကနဲ ထရပ်လိုက်မိသည်။

"အတွေကိုပဲ သောင်းသောင်းဖျဖျ လက်ခံနေကြတဲ့ စာဖတ်ပရိသတ်ကိုကျတော့ မင်း ဘာပြောမလဲ. . ."

သူ ကုန်းအော်မိသည်။

"ဒါကလည်း စာရေးဆရာရဲ့ စွမ်းအားကြောင့်ပဲ. . ."

"အေး ဘယ်သူကြောင့်ပဲ ဖြစ်ဖြစ် ဘာအစွမ်းကြောင့်ပဲ ရရ အစိကက ထုတ်ဝေပေးလိုက်ရတဲ့ စာအုပ်ဟာ အမြတ်နဲ့ပဲ ပိုင်းရဖို့. . ."

"ရှင် သိပ်ငွေစကား ပြောပါလား. . ."

"မင်းလို ကဗိကကြီးမှ မဟုတ်တာ. . . ငါက ငွေပဲရှာနိုင်တဲ့ ကောင်ဆိုတော့ ဘာပဲလုပ်လုပ် ငွေကိုပဲ မြင်တယ်. . ."





"ရှင့်သမီးတွေကိုတော့ ရှင်မမြင်တော့ဘူးလား. . ."

ဘုန်းသော် တစ်ချက် ကြောင်သွားသည်။

"ဒီလိုစာပေမျိုးတွေကို အမျှင်းပြေ ဖတ်ကောင်းလို့ ဖတ်ဘာမျိုး မဟုတ်ပဲ. . . အဲဒီထဲက ဇာတ်ကောင်ကို သက်ဝင်အထင်ကြီးပြီး အဲဒီ စရိုက်မျိုးတွေ ရှင့်သမီးတွေ ရင်ထဲကိန်းအောင်လာမှာ ရှင်မစိုးရိမ်ဘူးလား"

ဘုန်းသော် ဟားတိုက်ရယ် ပစ်လိုက်သည်။

"မြင့်မိုရ်တောင်ကို ဇီးစေ့နဲ့ မပေါက်ချင်နဲ့ တမာချို. . . တစ်လောကလုံးမှ ဒီသမီးနှစ်ယောက်တည်း ရှိတာ မဟုတ်ဘူး. . . မိကောင်းဖခင်သားသမီးတွေ တစ်ပုံကြီး. . . ဒီလို စာအုပ်တွေကို ထုတ်တာလည်း ငါတစ်ယောက်တည်း မဟုတ်ဘူး. . . လောကကြီး တစ်ခုလုံး မင်းလက်ဝါးထဲထည့်ထားချင်ရင် အိပ်မက်ထဲမှာပဲ ရမှာပေါ့. . ."

"ရှင်. . . ရှင် ဒီနေ့ ပြောတဲ့စကားတွေဟာ ကျွန်မကို အနိုင်လိုချင်လို့ ပြောတာလား. . . ရှင့် ရင်ထဲက စကားတွေလား. . ."

ဘုန်းသော် ခါးနှစ်ဖက်ကို ထောက်ထားလိုက်သည်။

"မင်းကို အနိုင်မခံ နိုင်တာတော့ သေချာတယ်. . . ဟင့် မင်းကြိုးစား ကြည့်စမ်းပါဦး တမာချို. . . ကမ္ဘာကြီးဟာ လုံးသလား ပြားသလားဆိုတာ မင်းက ပိုသိမှာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



အရာရာကို နားလည်မှု လွဲခဲ့ရရင် ကြီးမားလာသည့် အကျိုးဆက်ကြောင်းက တိတိရိရိ ပြတ်ကျခဲ့ရသည်။

အရှုံးမပေးနိုင်သော မာနတရားများကြားမှာ ခင်ဘုန်းဆက်နှင့် ခင်ဘုန်းမြတ်ဆိုသော ညီအစ်မနှစ်ယောက်၏ ဘဝ. . .

## အပိုင်း (၁)

သစ္စာမွန်စာပေ

www.burmeseclassic.com

"ဆရာ. . . ခင်ဘုန်း ပြန်လို့ရပြီလား ဟင်. . ."

"ရပြီ သမီး. . . ရပြီ. . ."

ရပြီ ပြောပြီးမှ ဆရာဦးမြထွန်းက တစ်စုံတစ်ခုကို တွေးမိသွားတာ. . .

"အော်. . . ဒီနေ့ သမီး ရှုတင်ပြီးရင် ခဏလောက် တွေ့ဆုံချင်ပါသတဲ့. . . ဆရာ့ကို ကြိုပြောထားတဲ့ လူရှိတယ် သမီးရဲ့. . ."

နာမည်ကြီး အတယ်ဒမီ မင်းသမီးလေး ခင်ဘုန်းဆက် မျက်နှာညိုသွားသည်။

သူမအနေဖြင့် ကိုယ့်လက်ဦးဆရာ ဒါရိုက်တာဦးမြထွန်းနှင့် ပဏ်သက်သမျှသာ ဦးစားပေး ဆောင်ရွက်ပေးချင်သည်။





သည့်ပြင် ကိစ္စတွေကျတော့ သိပ်ခေါင်းရှုပ်မခံချင် ဒါကိုရိပ်မိလိုက်ပုံဖြင့် ဦးမြထွန်းက အားနာစွာ ဆိုသည်။

"တခြားလူတွေ မဟုတ်ပါဘူး သမီးရဲ့. . . သမီးရဲ့ ပေဖေရယ်ကုမ္ပဏီဒါရိုက်တာ နှစ်ဦးရယ်ပါ. . . သမီးကို ကြော်ငြာရိုက်ချင်ပုံ ရတယ် ဆရာအထင်တော့ သမီးကို အပိုင်ပြောနိုင်အောင် သမီးဖေဖေကို အကူအညီ တောင်းလာတာ ဖြစ်မယ်. . ."

ခင်ဘုန်းဆက် သူ့ရဲ့မိတ်ကပ်ဆရာမကို ပြန်ကြည့်ရင်း. . .

"မလေး. . . ခင်ဘုန်းကို ဖုန်းခဏပေးပါ. . ."

မလေးက ခင်ဘုန်း ကိုင်နေကျ ဆယ်ယူလာဖုန်းလေး ထုတ်ပေးသည်။

"မေမေလား ဟင်. . ."

ဖုန်းပြောရင်း လျှောက်ထွက်သွားသော ခင်ဘုန်းကို ငဲ့ကြည့်ရင်း ရုပ်ရှင်အဖွဲ့သားတွေ ခေါင်းတညိတ်ညိတ်။

"ဒီမင်းသမီးမျိုးကတော့ တစ်ခေတ်မှာ တစ်ယောက်ပဲဗျာ. . . အလုပ်ကို လေးစားတာရော ဆရာသမား ကျေးဇူးကို သိတတ်တာရော မိဘကိုလည်း ဘုရားနဲ့တစ်ဂိုဏ်းထဲ ကိုးကွယ်တာဗျ. . ."

"ဒါတင် ဘယ်ကမလဲ. . . နာမည်ကြီးသလောက် ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



မမောက်မာဘူးဗျာ. . ."

မိမိတပည့်အရင်းလေးမို့ လူတို့၏ ကောင်းချီးသြဘာသံများကို နားထောင်ရင်း ဒါရိုက်တာကြီး ဦးမြထွန်း၏ ရင်ထဲမှာ တပည့်ကောင်း၏ ဆရာဖြစ်ဦးအဖြစ် ပီတိတို့က ပြည့်နှက်လျက်. . .

❤ ❤ ❤

ဦးဘုန်းသော် သမီးဖြစ်သူကို မယုံနိုင်စွာ ကြည့်၏။

သူ့အပေါ် အားကိုးသော တူမွေကို ဒါရိုက်တာတွေ ရှေ့မှာ မျက်နှာ ဘယ်လိုထားရမှန်း မသိ။

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်. . . နောက်ဆုံး အမီးသူများလုပ်ငန်းတွေကို ကြော်ငြာမပေးချင်နေ. . . ဖက်ဒီလုပ်ငန်းအတွက်တော့ ဘာမှငြင်းစရာ အကြောင်းမရှိဘူး. . ."

တစိမ့်စိမ့် ထိုင်ကြည့်နေချင်လောက်အောင် ရက်ရက်စက်စက် လှနေသည့် မင်းသမီး ခင်ဘုန်းဆက်. . .

တင်ပါးထိ ဝဲဖြာနေသော ဆံနွယ် မဲခက်ခက်ကြီးတွေနှင့် တည်တည်ငြိမ်ငြိမ်လေး ထိုင်နေပါသော စံပယ်တင် မှဲ့နက်ကလေး ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဘုန်းဆက်။ သူမ ဖခင်ဖြစ်သူကို ဘာပြောမလဲဆိုတာ အားလုံး စိတ်ဝင်တစား ရှိနေကြပြီ။

"ဖေဖေ့မို့ သမီး ခုလို အချိန်ပေး တွေ့ဆုံတာပါ ဖေဖေ. . . ကြော်ငြာရိုက်ဖို့ဆိုတာ သမီးအနေနဲ့ လက်ခံဆွေးနွေးဖို့ မလိုတဲ့ကိစ္စပါ"

ဖြူဝင်းသော ဦးဘုန်းသော် မျက်နှာ ရဲတနဲ ဖြစ်သွားပြန်သည်။

"ဒါလည်း သမီးမာမီရဲ့ အမိန့်တစ်ခုပဲလား. . ."

မျက်ဝန်းညိုကြီးများမှ မျက်တောင်မဲမဲတို့ ဖျတ်ကနဲ ပင့်တက်သွားသည်။

"အမိန့်မဟုတ်ပါဘူး ဖေဖေ. . . မေမေ့ ဆန္ဒဟာ သမီးဆန္ဒပါပဲ လူတွေ ပြောကြတဲ့ သမီးအပေါ် လွှမ်းမိုးထားနိုင်တယ်ဆိုတဲ့ မြုံပုဝါဟာ စေတနာ ပုဝါပါ. . . မေမေ့ရဲ့ စေတနာပုဝါကို သမီး အမြတ်တနိုး လွှမ်းခြုံထားတာပါ. . . သမီးနဲ့ မေမေဟာ နှစ်ကိုယ့်တစ်စိတ်ပါပဲ. . ."

ကြားရဖန်မို ဒီလေသံ ဒီစကားတွေ. . .

သမီးအပေါ် ဒေါသဖြစ်ချင်လာသည်။

"ကြော်ငြာမရိုက်ဘူးဆိုတာ သမီး မာမီ. . . အဲ သမီးမေမေရဲ့ ဆန္ဒပါနေတယ်ဆိုရင် အခု ထပ်မေးကြည့်ပါဦး. . . ဒက်ဒီ အဲလေ. . . ဖေဖေ့ရဲ့ လုပ်ငန်းအတွက် ဆိုရင်တော့ ခွင့်ပြုမယ် ထင်ပါတယ်. . ."





ဖြူနုသော လက်ကလေး တစ်ဖက်နှင့် ဆံနွယ်လေး တစ်ချို့ကို နောက်သို့ သိမ်းလှန်ရင်း ခင်ဘုန်းဆက် ခေါင်းခါလိုက်သည်။

"သမီးကို ခွင့်လွှတ်ပါ ဖေဖေရယ်. . . သမီး ကြော်ငြာလုံးဝ မရိုက်နိုင်တာ ခွင့်လွှတ်ပါ. . . သမီးထက် ပိုတော်တဲ့ နာမည်ကြီး သရုပ်ဆောင်တွေကို အကူအညီ တောင်းကြည့်ပါ. . ."

ဘေးက ထိုင်နေကြသည့် ဒါရိုက်တာကြီးတွေက ဘယ်လိုရွဲဆိုသော မျက်လုံးများနှင့် ကြည့်လာကြပြီ. . .

ဦးဘုန်းသော် မျက်နှာကြီး တင်းလာ၏။

"ဒီပြင် မင်းသမီးတွေကို ငှားရိုက်လို့ ရတယ် သမီး. . . ဖေဖေ့မှာ ငွေကို ကြိုက်သလို သုံးလို့ရတယ်. . . အေးလေ ဖေဖေက ကိုယ့်သမီး တစ်ယောက်ရယ်လို့ အားကိုးမိတာ ဖေဖေ မှားသွားတာပေါ့. . ."

ဦးဘုန်းသော် ဖျတ်ကနဲ ထရပ်လိုက်သည်။

ကျန်တဲ့လူတွေပါ ထရပ်လိုက်ကြသည်။

လက်ကလေး နှစ်ဖက်ကိုအုပ်လျက် ဆုပ်ကိုင်ရင်း ခေါင်းလေး ငုံ့ထိုင်ကျန်သည့် သမီးဖြစ်သူကို ဦးဘုန်းသော် ဖြန်ငုံ့ကြည့်လိုက်သည်။

"ဒေါ်တာမာချိုကို ပြောလိုက်စမ်းပါ. . . ဦးဘုန်းသော်က လိုက်လိုက်လဲလဲ ချီးကျူးပါတယ်လို့. . ."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လှည့်ထွက်သွားလေသည်။

ကြော်ငြာ လုံးဝမရိုက်ပါသော အကယ်ဒမီ မင်းသမီး တစ်ဦး၏ ဖခင်တစ်ယောက်အဖြစ် သူမှာ ဘာအခွင့်အရေးမှ မရှိ။

တင်းမာခြင်း မရှိ တုံ့ပြန်လိုခြင်း ကင်းသော သမီးမျက်နှာလေးကို ပြန်မြင်လျက် မကျေနပ်ခြင်းတို့က ဘယ်သူ့ဆီကိုမှန်း မသိ။

သူဒေါသတရားများကို သိနေလျက် နောက်ဝါးမှ ဒါရိုက်တာကြီးများ၏ ခြေလှမ်းများက တိတ်ဆိတ်စွာ. . .

♥ ♥ ♥



"ဟင် သမီး. . ."

သမီးကို မထင်မှတ်သည့် အချိန်ကြီး မြင်လိုက်ရသည်မို့ ဒေါ်တာမာချို ထိုင်နေရာမှ ထရပ်လိုက်မိသည်အထိ တအံ့တဩ အထိတ်တလန့်။

သမီးကြီးဆိုပေမယ့် သမီးငယ် ခင်ဘုန်းဆက်ထက် နုပျိုလှပနေသည့် သမီးဖြစ်သူ တစ်ကိုယ်လုံးကို မျက်လုံးတို့က ခြုံငုံကြည့်မိပြီးသား ဖြစ်သွားရသည်။

ခရမ်းရောင် ဇာဝတ်စုံမှာ အကျီကို လည်ပင်းဟိုက်ချထားလျက် ခါးတွင်နေရာမှာ တွန့်ဖတ်ဖားဖားကြီးများ တပ်ထားပုံက လှတော့လှပေမယ့် မအေတစ်ယောက်၏ မျက်လုံးထဲမှာတော့ အရာမထင်။

www.burmeseclassic.com

www.burmeseclassic.com



စီးထားသည့် ဖိနပ်အမြင့်က ဘယ်နှစ်လက်မထိ ရှိမည် မသိပေမယ့် ဒူးဆစ်ထိ တက်ဝတ်ထားသည့် ထမီတိုတိုကြောင့် ပြောင်ရှင်းနေသည့် ခြေသလုံးဝင်းဝင်းနှင့် ဒေါက်ဖိနပ်က ကြည့်လို့မကောင်း။

ဒေါ်တမာချို စိတ်ဖင့်လေးစွာ ငေးကြည့်လိုက်မိရင်း. . .

"ဘယ်အချိန်ရှိပြီလဲ သမီးကြီးရယ်. . . ကိုးနာရီ ထိုးတော့မယ် အဖော် ပါသေးလား. . ."

"သမီးသူငယ်ချင်းတွေ ပါတယ် မာမီ. . ."

"သမီး ကိစ္စရှိလို့လား. . ."

အကြောင်းကြီးငယ်ရှိမှ လာတတ်သူမို့ မေးလိုက်ရခြင်းပါ။

"အကြောင်းရှိတယ် မာမီရဲ့. . . ညီမလေး အိပ်နေပြီလား"

ဒေါ်တမာချို ခေါင်းညိတ်လိုက်သည်။

"ခုနကမှ သမီးငယ် ပြန်ရောက်တယ်. . . အိပ်ရာဝင်သွားပြီလေ သမီး ဘာလုပ်မလို့လဲ. . ."

ခင်ဘုန်းမြတ်က ပခုံးလေးတွေ လှုပ်နေအောင် ရယ်လျက်. . .

"သူငယ်ချင်းတွေက ညီမလေးကို မိတ်ဆက်ချင်တယ်လို့ နားပူနေကြလို့. . . အဲဒါ မနက်ဖြန်တွေ့ဖို့ ညီမလေးနဲ့. . ."

"မနက်ဖြန် သမီးညီမလေး. . . အားမှာ မဟုတ်ဘူး သမီး. . .





ရုပ်ရှင်တန်တော့ပွဲ တက်ရဦးမယ်. . . ရှုတင်တွေလည်း ရှိတယ်. . . မြန်မာ့ရုပ်မြင်သံကြားမှာလည်း သီချင်းဆိုဖို့ ရှိတယ်. . ."

"ဟာ. . ."

ခင်ဘုန်းမြတ် ခြေဆောင့်လိုက်တာတွေ လက်ခါလိုက်တာတွေ ခဏအတွင်း ရှုပ်ယှက်ခတ်သွားသည်။

ဆံပင်တိုတိုလေးတွေပါ ဖွာခနဲ ကျဲကနဲ ဖြစ်သွားအောင် ခေါင်းကို ယမ်းပစ်လိုက်ပြီးမှ. . .

"မာမီရွတ်ပြတာတွေက နားနဲ့တောင် မဆံ့တော့ဘူး မာမီရာ. . . အကယ်ဒမီ မင်းသမီး တစ်ယောက်အတွက် ဒီလောက်တော့ ရှိမှာပေါ့. . . သမီး အခုပြောနေတာက အကယ်ဒမီ မင်းသမီး တစ်ယောက်ရဲ့ အချိန်ယားကြီးကို မဟုတ်ဖူး သမီးရဲ့ ညီမလေး တစ်ယောက်အနေနဲ့ပဲ. . ."

ဒေါ်တမာချို သမီး မျက်နှာရှေ့ထိ လျှောက်သွားလိုက်သည်။

သမီးငယ်ကို ရုပ်ရှင်ရိုက်ကွင်းမှာ မြင်ရတဲ့ မျက်နှာမျိုး. . .

အကျအန လိမ်းခြယ်ထားသည့် မျက်နှာလေးက ဖူးရွှနေအောင် လှနေလေသည်။

သူမ သမီးကြီးကို ဘယ်နေရာ ကြည့်ကြည့် ဘဝင်မကျပါ။

ငါးနှစ်သမီး အရွယ်ကတည်းက ဖခေဖြစ်သူ နောက်ပါသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည့် သမီးကြီး. . .

"သမီးကြီးကို ငါခေါ်သွားမယ်. . . ဒီသမီးနဲ့ ပတ်သက်လို့ မင်း ဘာမှ ပူစရာမလိုဘူး. . . အေး မင်းလက်ထဲက သမီးကိုသာ တထိက ဒေါ်တမာချို ဘယ်လိုပုံသွင်းမလဲဆိုတာ ငါ စောင့်ကြည့်မယ်. . ."

ကိုဘုန်းသော် သမီးကြီးကို ကောက်ယူချီလိုက်ရင်း ပြောခဲ့သော စကားတွေပါ။ ဒီတုန်းကလေ. . .

သမီးနှစ်ယောက်ရဲ့ ငိုသံတွေကြားမှာ သူမ နှလုံးကွဲတော့မတတ် အလူးအလိမ့် ခံစားခဲ့ရတာတွေ ကာလတွေ ကြာလာတဲ့အထိ ကျစားခဲ့ရသည်။

နောက်တော့ နှစ်တွေကြာလာသည် နှင့်အမျှ ကိုဘုန်းသော် အပေါ် နာကျည်းချက်တွေနှင့် အစားထိုးကာ သမီးကြီးအပေါ် မေ့မေ့ ပျောက်ပျောက် နေနိုင်အောင် ကြိုးစားခဲ့သည်။

သမီးကို ခေါ်သွားသည့် နောက်ပိုင်းလည်း သားအမိ တစ်ခါမှ မတွေ့ခဲ့ရပါ။

ကိုဘုန်းသော်ကြောင့် သူမကိုယ်တိုင် သမီးကို တွေ့ဖို့ မကြိုးစား ခဲ့သလို သမီးနဲ့ သူမကို မတွေ့စေအောင်လည်း ဆယ်နှစ်ကျော်လုံးလုံး ဝှက်ထားနိုင်သူပါ။

သစ္စာမွန်စာပေ



"မာမီး. . ."

မိခင်တစ်ယောက်အပေါ် သမီးကြီးရဲ့ ဆက်ဆံရေးက ဒါးမခံသာ။

"သမီးနဲ့မေမေ နှစ်ယောက်တည်းရှိတဲ့ အခန်းထဲမှာ ဘာလို့ ဒီလောက်ကျယ်ကျယ် အော်ပြောတာလဲ သမီး. . ."

ဒေါ်တမာချို မျက်နှာပြောင်းသွားရပြီ။

"သမီးကို အဲဒီမျက်လုံးတွေနဲ့ မကြည့်ပါနဲ့ မာမီ. . . အဲဒီ မျက်လုံးတွေဟာ တစ်ချိန်သောအခါက အိမ်ထောင်တစ်ခုကို ပြိုကွဲစေခဲ့တဲ့ အဆိုးရွားဆုံး လက်နက်. . ."

ခင်ဘုန်းမြတ် အသံက ဘာကိုမှ အလေးမထားသည့်ဟန်နှင့် ကျယ်ကျယ်လောင်လောင်. . .

ဒေါ်တမာချို သမီးဖြစ်သူကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။

"သမီး ညီမလေးကို သမီးသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင် တယ်. . . ဒီအတွက် မာမီဖြစ်အောင် စီစဉ်ပေးပါ ဒါပဲ. . ."

ဖအေလုပ်သူ၏ တလွဲစကားများကြောင့် မအေတစ်ယောက် အပေါ် အမြင်မကြည်သည့် သမီး၏ ဆက်ဆံရေးက ခပ်တင်းတင်း မရှုပါ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးဆို ဒေါ်တာမာချို ဘယ်လိုမှ အလျှော့ပေးလို့ မရ။

သမီးရေ့မှ လက်ပိုက်ရပ်လျက် နှုတ်ခမ်းအစုံမှာ ခပ်ယွဲ့ယွဲ့ အပြုံးတို့ ထင်လာ၏။

"မေမေဟာ ရှိုင်းစိုင်းတဲ့ သားသမီးမျိုး မွေးထုတ်ခဲ့မိတဲ့ နောင်တမျိုး မရချင်ဘူး. . ."

မာနသွေးတက်နေသည့် ခင်ဘုန်းမြတ် မျက်နှာတင်းသွားသည်။

"သမီးကလည်း ဥညာမာနတွေနဲ့ တစ်ကိုယ်လုံး သွေးကြွနေတဲ့ အမေတစ်ယောက်ရဲ့ သမီးဖြစ်ရတာ အရမ်းရင်နာတယ်. . . မာမီဟာ မိန်းမသားတွေမှာ ရှိနေတတ်ကြတဲ့ နူးညံ့သိမ်မွေ့ခြင်းတွေ ကြင်နာသနားတတ်ခြင်းတွေ မာမီ့မှာ ဘာမှမရှိဘူး. . . မာမီ့မှာရှိတာ အတ္တတွေ မာမီ့မှာ အတ္တတွေပဲ ရှိတယ်. . ."

ခင်ဘုန်းမြတ် မျက်ရည်တွေ ဝဲနေတာမြင်လိုက်ရတော့ မအေတစ်ယောက်၏ ရင်ထဲက ဒေါသတွေ မီးနဲ့တွေ့လိုက်သည့် ဖယောင်းလုံးလေးနှယ်။

နူးညွှေပျော့ကျ မတတ်ပါ။

"သမီး. . . မာမီနဲ့တွေ့တဲ့ အချိန်တိုင်း ရင်ထဲမှာ ပူလောင်မှုတွေပဲရတယ်. . . သမီးပဲ စိတ်ဆင်းရဲရတယ်. . . မာမီဟာ ညီမလေး





အဂ္ဂျက် မိခင်ကောင်း ဖြစ်အောင် ကြိုးစားခဲ့ပြီး ဒက်ဒီ့အပေါ်ထားတဲ့ အတ္တမာနတွေနဲ့ သမီး အပေါ်ကျတော့ လုံးဝ လျစ်လျူရှုထားခဲ့တယ်. . ."

"တော်စမ်း သမီး. . . သမီးရဲ့စကားတွေကို မေမေ နားမထောင်ချင်တော့ဘူး. . . ဒါတွေ မေမေနဲ့ ဆွေးနွေးချင်သေးဘယ်ဆိုရင် မနက်ကမှလာခဲ့. . . အခုအချိန် မရှိတော့ဘူး. . . သမီး ပြန်တော့. . ."

ခင်ဘုန်းမြတ် နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

"ပြန်မှာပါ မာမီ. . . ဒီအကြောင်းတွေကို မာမီနဲ့ နောက်ထပ်ဆွေးနွေးဖို့ မလိုသလို ခုလည်း ဒါတွေ ဆွေးနွေးဖို့ လာတာမဟု [illegible] သွားမယ်. . ."

မအေကို မထီတရီ တစ်ချက်ကြည့်လျက် ဒေါ [illegible] ပြင်းပြင်းနှင့် ချာကနဲ လှည့်ထွက်သွားသည့် သမီးဖြစ်သူကို ဒေါ်တာမာချို မျက်စေ့တစ်ဆုံး လိုက်ကြည့်နေမိသည်။

ဝမ်းနည်းကြေကွဲခြင်းတွေက ဒေါသတွေ [illegible] ကိုတန်းသော ဆံသို့သော အပြုံးလိုက် အခဲလိုက်။

လောကမှာ ငွေတဲ့. . .

ငွေတွေ အသည်းအမဲ ရှာကာ သမီးဖြစ်သူကို အခုလို [illegible] [illegible] အောလျက် ပြည့်စုံစွာ ထားနိုင်ခဲ့မှုနှင့် အရာရောဟာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြီးပျောက်သွားနိုင်သတဲ့လား...

သမီးရဲ့ အနာဂတ် ပြည့်စုံသွားပြီတဲ့လား...

ကိုဘုန်းသော်...

ရှင့်ရဲ့ တလွဲမာနတွေကြောင့် ကျွန်မ သမီးလေး ဒုက္ခရောက်ရတော့မယ်...

ရှင်... ရှင်တစ်နေ့ ကောင်းကောင်းနောင်တရတော့မယ်...

မျက်ရည်တွေ ဝဲတက်လာရင်း ခြံဝဆီသို့ လှမ်းမြင်ရသည့် မြတင်းဆီသို့ ပြေးကပ်ကာ သမီးကြီး ဘယ်သူတွေနဲ့ ဘယ်လိုမြန်သလဲဆိုသည့် စိုးရိမ်စိတ်များနှင့် လိုက်ကာစလေး တိမ်းဖယ်ရင်း...

သူမ ခြံထဲသို့ စူးစမ်းရှာဖွေလိုက်မိပြန်သည်။

သမီးရယ် မေမေဟာလေ...

❤ ❤ ❤



"လှဲ့ဝါ... လှဲ့ဝါ... လာ လာ... ဘယ်ထဲဝင်ပြေးတာလဲ သဲ့ဝါရေး..."

သူမ အလွန်ချစ်သော ကြောင်မလေး နောက်လိုက်ရင်း တစ်ကော်ခြံထဲသို့ ခင်ဘုန်းဆက် ရောက်သွားမိလေသည်။

ခုတင်ပဲ မျက်စိအောက်က ပြေးထွက်သွားတာ မကျေနပ်နိုင်ပဲ ခင်ဘုန်းဆက် ရှေ့ဆက်တိုးဝင်ခဲ့သည်။

ဒီခြံထဲမှာ စိတ်မနှံ့သည့် ဒေါ်သန္တာ ဆိုသော မိန်းမကြီးရှိနေတာ သိထားသည်မို့ ခြေလှမ်းတို့က မရဲတရဲ။

တိုက်အိုကြီး၏ နောက်ဖေးဖက် အလုပ်သမား တန်းလျားလို အဆွယ်နားရှိ ထပ်မိုးလေးနား အရောက် ခင်ဘုန်းဆက် ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လွဲဝါ. . . လွဲဝါရေ. . . လာ လာ သမီးလာ. . . လွဲဝါ ပြန်လာ[illegible]
လေ. . ."

အသံခပ်အုပ်အုပ်နှင့် ခေါ်ကြည့်ရင်း စိတ်ကခြောက်ခြားလာ[illegible]
သည်မို့ နောက်ကြောင်း ပြန်အလှည့်။

ဘွားကနဲ ပေါ်လာသည့် မျက်နှာကြီး တစ်ခု။

"အား. . ."

ဆံပင်တွေ ဖားလျားကြီးချလျက် ပြောင်လက်ခနေသော မျက်လုံး
ကြီးတွေကို ရင်ဆိုင်လိုက်ရသည်နှင့် ခင်ဘုန်းဆက် ငယ်သံပါအောင် အော်
လိုက်မိသည်။

"ဟီး. . . ဟီး. . . လာစမ်း. . ."

"ဟင့်အင်း. . . တင့်အင်း. . . လွှတ်. . ."

ဒေါ်သန္တာဆိုသော အရူးမကြီးနေမှာ. . .

ကြောက်စိတ်နှင့် တန်းတာနဲ တွေးလိုက်မိရင် မိန်းမကြီးလက်ထဲ
မှ အတင်းရုန်းမိသည်။

ခင်ဘုန်းရဲ့ လက်ကောက်ဝတ်ကလေး တစ်ဖက်ကို မြဲမြဲစွာ ဆုပ်
ကိုင်ထားကာ ကဟီးဟီး ရယ်မဆုံးရှိစဉ် ခင်ဘုန်း လည်ပင်းဆီ လက်[illegible]
ဖက် ရောက်သွားလေသည်။





"အား. . . အမလေး. . . ခမ်မေခရ. . ."

လည်ပင်းမှာ တင်းကျပ်သော ဝေဒနာကို ခံစားလိုက်ရရင်း
ကြောက်စိတ်များနှင့် ခင်ဘုန်း သတိလစ် ခွေကျသွားရှာသည်။

စိတ်မနှံ့ဖြစ်နေသည့် ဒေါ်သန္တာ သဘောကျမဆုံး. . .

"ဟီး. . . ဟီး. . ."

အနီးရှိ သံတုတ်ကြီး တစ်ချောင်းကို ဖျတ်ကနဲ ဆွဲယူလိုက်ပြီး

"အခုမ. . . အမေ မလုပ်နဲ့. . . မလုပ်ပါနဲ့ အမေ. . ."

အော်သံက ပတ်ဝန်းကျင် တစ်ခုလုံး ဟိန်းထွက်သွားသည်။

လူရိပ်တစ်ခု အနီးသို့ ဖျတ်ကနဲ ကျလာလျက် ဒေါ်သန္တာ
[illegible]မှ သံတုတ်ကြီးကို ဆွဲလုယူလိုက်သည်။

"ပြန်ပေး. . . ငါ့တုတ်ပြန်ပေး. . . ဒီကောင်မ ငါ့ပန္နည်းတွေ ခိုး
[illegible] အိမ်ထဲ ဝင်လာတာ သူခိုးမ. . ."

"မဟုတ်ဘူး. . . ဒါ သူခိုးမဟုတ်ဘူး အမေ. . ."

မောင် ခေါင်းတွေ ထူပူသွားလျက် သံတုတ်ကို လွှင့်ပစ်လိုက်
[illegible] ခင်ဘုန်း ကိုယ်လုံးလေးကို ပွေ့ယူလိုက်သည်။

နိုင်ငံကျော် ရုပ်ရှင်မင်းသမီးချောလေး၏ လှပရှည်လျားသော
[illegible]ဘာသာတို့မှာ အမှိုက်စတစ်ချို့ ကပ်ငြိလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



မောင် ခင်ဘုန်း မေးစေ့လေးကို ဆွဲလှုပ်လိုက်ရင်း...

"ခင်ဘုန်း... ခင်ဘုန်းဆက် မခင်ဘုန်းဆက်..."

ခင်ဘုန်း တစ်ယောက် တုတ်တုတ်မျှ မလှုပ်။

သားဖြစ်သူ ပျာနေတာကို မျက်မှောင်ကြီး ကုတ်လျက် ရပ်ကြည့်နေသည့် ဒေါ်သန္တာသည်လည်း ငြိမ်သက်လျက်...

"အမေ... အမေ အိမ်ထဲပြန်ဝင်တော့နော်... ကျွန်တော် ဒီ့ကို အိမ်ပြန်ပို့ပေးလိုက်ဦးမယ်..."

သူ ခင်ဘုန်း ကိုယ်လုံးလေးကို ပွေ့ချီလျက် ထရပ်လိုက်သည့် အထိ ပေကပ်ကပ်နှင့် ရပ်နေဆဲရှိနေသည့် အမေ့ကို တောင်းပန်ရ သည်။

ခင်ဘုန်းကို မကျေမနပ်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး အိမ်ထဲ သွားမှ သူ တံခါးကို ကိုယ်လုံးနှင့် တိုက်ပိတ်ထားခဲ့ကာ တစ်ဖက် ခြံဆီ အပြေးအလွှား ထွက်လာခဲ့သည်။

♥ ♥ ♥



"ကျွန်တော် ဘယ်လိုတောင်းပန်ရမှန်းတောင် မသိပါဘူး ခင်ဗျာ ခုလို ဖြစ်ရတာ ကျွန်တော်..."

"ဒီလောက်လည်း စိတ်မဆင်းရဲပါနဲ့ကွယ်... အန်တီ့သမီးမှာ လည်း အပြစ်ရှိပါတယ်..."

တည်ငြိမ်စွာ ပြောနေသည့် ဒေါ်တမာချို မျက်နှာက ညှိုးနေ လျက် သမီးမျက်နှာလေးကို တယုတယ ပွတ်သပ်နေရှာတာမို့ မောင့်ရင်ထဲ မှာ ဘယ်လိုမှ မကောင်းနိုင်။

မြည်သူ့အနုပညာရှင် တစ်ယောက်။

ဘာမှမထင်မှတ်သော ဖြစ်ရပ်လေး တစ်ခုကြောင့် အိပ်ရာထဲမှ လဲနေတာ ဒီနေ့ပါဆို သုံးရက်ရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်နှင့် နာကျင်မှုတို့ ရောထွေးကာ နူးညံ့သော နှလုံးသားမှာ အနာတရ ဖြစ်သွားလေသလား . . .

နောက်လေးရက်ပြည့်သော နေ့မှာ အဲဒီကို မောင် ခြေဦးလှည့်ခဲ့ပေမယ့် မသွားဖြစ်တော့ပါ။

နာမည်ကျော် မင်းသမီးရဲ့ အနားမှာ ဝိုင်းဝိုင်းလည်နေသည့် လူတွေထဲ သူမတိုးဝှေ့လိုတော့ . . .

ဒီလောက်ထိ ကိုယ်မလိုတော့ပါဘူးလေ . . .

စိတ်ကိုဖြေ၍ ကျောခိုင်းထားလိုက်သည်။

"သူ မလာတော့ဘူးနော် မေမေ . . ."

"မောင်လား . . ."

"ဟုတ်တယ် . . . ဟိုနေ့က သမီး စကားသိပ်မပြောဖြစ်လိုက်တာ တစ်မျိုးများ ထင်သွားမလား . . ."

"မထင်လောက်ပါဘူး သမီးရယ် . . . ဒီရက်ပိုင်း သမီးနားမှာ ညည့်သည်တွေ ရှုပ်နေလို့ ဖြစ်မှာပါ . . ."

သမီး မျက်နှာလေးကို တစ်ချက်ကြည့်၍ ဒေါ်တမာချို အပြင်ထွက်သွားသည်။

ခင်ဘုန်းဆက် ခေါင်းအုံးပေါ်မှာ ခပ်လျော့လျော့ လှဲအိပ်ရင်း





ခေါင်းဆိုတဲ့ လူတစ်ယောက်ရဲ့ ပုံရိပ်က စိတ်အာရုံမှာ ထင်လာသည်။

သူ့ကို အပြင်မှာ ဘယ်မှာတွေ့တွေ့ လွယ်အိတ်တစ်လုံးနှင့် အဆောင်အယောင် ကင်းမဲ့စွာ . . .

အပြုံအပြင်ကင်းသည့် ပုံစံက အသားဖြူပေမယ့် အနည်းငယ် ညစ်နွမ်းသည်။

မျက်ခုံးထူထူ မျက်လုံးစူးစူးနှင့် သားနားသော ဥပမိရုပ်က နှုတ်ခမ်းတွေ အမြဲစေ့ပိတ်၍ မှုန်ကုတ်ကုတ် ဖြစ်နေတတ်သည်မို့ ထူးခြားပေါ် လွင်ခြင်းတို့ ကွယ်ပျောက်ကုန်သည်။

ခြုံမှာ တစ်ခါတလေ သူက အဝင် ကိုယ်က အထွက်။

ကိုယ်က အဝင်မှာ သူက အထွက်။

မကြာခဏ ဆုံတတ်ပေမယ့် ခင်ဘုန်း တကူးတက လိုက်ကြည့်မိတာတောင် သူက ငဲ့၍တောင် မကြည့်။

ဒါ နာမည်ကြီး ရုပ်ရှင်မင်းသမီးပါလားလို့ အမှတ်ထားပုံမျိုး ရှိသလို ရှားပါးလှစွာ မျက်လုံးချင်းဆုံမိလျှင်တောင် ထူးခြားငေးစိုက်တာမျိုး မရှိဘဲ သာမန်ကာလျှံကာ တွေ့ဆုံလွှဲဖယ်သွားတာမျိုး။

ဘယ်လိုလူလဲ . . .

အဲဒါတွေကြောင့် ခင်ဘုန်း သူ့ကို စိတ်ဝင်စားခဲ့ရတာ . . .



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသဘာဝက ကိုယ့်ကို ဂရုစိုက်မခံရတာကို အမွန်းခံ

ပြီးတော့ သူနေတဲ့ ခြံတွေကိုလည်း ကြည့်ပါအုံး...

ခြံကြီးကျယ်သလောက် ခြံတွေက ဟိုတစ်စု ဒီတစ်စု။

တစ်ခါတလေ သူ ဓါးတစ်ချောင်းနှင့် လိုက်လံခုတ်ရှင်းထားတ
လေးရှိ၍ အဲဒီနေရာလောက်ပဲ ရှင်းလင်းနေတာမျိုး ရှိသည်။

မအေဟု ထင်ရသည့် အမျိုးသမီးကြီး တစ်ယောက်ကို ရေးရေး
ပေးတာ မြင်ရတတ်သည်မှလွဲ၍ ဒီခြံထဲမှာ ဒိုပြင်လူတစ်ယောက်မှ မတွေ့

အဲဒီမိန်းမကြီး စိတ်မနှံ့လေမှန်း ခင်ဘုန်း သိခဲ့ပေမယ့် ခုလော
ဖောက်ပြန်တတ်မှန်း တကယ်မသိခဲ့ပါ။

စိတ်မနှံ့တဲ့ မိခင်ကို စောင့်ရှောက်နေရတဲ့ အံ့ဖွယ်လူသား
လား...

တစ်ခြံလုံး မီးလောင်ငုတ်တိုနှင့် အိမ်ကြီးတစ်ဆောင်မှာ စိတ်မ
သော မိခင်နှင့် နှစ်ယောက်တည်း နေရသည့် သူ့ရဲ့စိတ်သဏ္ဌာန် မည်
ရှိမည်နည်း။

"တော်တော်လေး ရည်မွန်တယ် သမီးရဲ့... မိဘကို ကိုယ်မိ
ဖိ ပြုစုနေတဲ့ လူဟာ ဘယ်ရိုင်းစိုင်းမှာလဲကွယ်..."

မေမေကတော့ ခင်ဘုန်း နေကောင်းကာစ သူ့ကို ဝေဖန်တော





အဲဒီလို ပြောဖူးသည်။

"သမီးကို ပွေ့ပြီး သူ ကိုယ်တိုင်လာပို့တာ..."

ခင်ဘုန်း ပြန်တွေးမိပြီး ကျေနပ်သလိုလို နှုတ်ခမ်းတို့က ပြုံး
ယောင်သမ်းသွားလေသည်။

"ဘာတွေ စဉ်းစားနေတာလဲ သမီး... ပြုံးလို့ပါလား..."

ဖျတ်ခနဲ ဝင်လာသည့် ဒေါ်တာမာချိုက ခင်ဘုန်းအပြုံးကို အင်
အရ ဆုပ်ဖမ်းသည်။

"ဘာမှ မဟုတ်ပါဘူး မေမေ... ဘာမှမဟုတ်တဲ့ လူတစ်
ယောက်ကို သမီးက စိတ်ဝင်တစား ဝေဖန်နေမိလို့ ကိုယ့်ကိုယ်ကို ရယ်ချင်
နေတာ..."

ခင်ဘုန်းက ဝန်ခံသည်။

"ကဲ... နောက်မှဝေဖန်... ဆေးသောက်လိုက်အုံး..."

ဒေါ်တာမာချိုက သမီးဖြစ်သူရဲ့ စိတ်တွေကို မချုပ်ချယ်သလို
အကြံမတောင်းဘဲ ဝေဖန်ပြတတ်သူ မဟုတ်ပါ။

သမီးအပေါ် ယုံကြည်ပြီးတာလည်း ဖြစ်ပါလိမ့်မည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com

"ဒီ... ဒီမှာ..."

ကျော်ဖြတ်သွားလုဆဲဆဲမှာ သူ ဖျတ်ခနဲ လှည့်ကြည့်သည်။

"ကျွန်တော့်ကို ခေါ်တာလား..."

"ဟုတ်တယ်... ရှင့်ကို ခေါ်တာ..."

လူမရှိသော ကားထဲကို တစ်ချက် လှမ်းကြည့်၍ သူပြန်လှည့်လာ၏။

"ကားပျက်လို့လား..."

"ဟုတ်တယ်... ကိုမောင်မောင်... နားလည်ရင် နည်းနည်းလောက်ကြည့် ပေးပါလား..."

စက်မှုအင်ဂျင်နီယာဘွဲ့ ရပြီးသားဆိုတာ ခင်ဘုန်း သိထားပြီး





ပြီမို့ အကာအညီ တောင်းခံခြင်း ဖြစ်သည်။

သူက ခပ်လန့်လန့် ပြုံးပြုံး...

"ကျွန်တော့်နာမည် 'မောင်' ပါ... ကိုမောင်မောင် မဟုတ်ပါဘူး..."

ခင်ဘုန်းက ရုပ်ဖျက်ထုပ်ဆင်ထားသည့် မျက်မှန်ဝိုင်း နက်နက်ကြီးကို ဖြုတ်၍ လှပစွာ ပြုံးလိုက်သည်။

"ရှင့်နာမည်ရင်းကို ခင်ဘုန်း ဘယ်လိုခေါ် ရမလဲ..."

ဟော... သူသွားတွေ ပေါ်အောင်ပြုံးတော့ ပါးပေါ်က ပါးချိုင့် ရှည်လေး တစ်ဖက်က ထင်ရှားစွာ ပေါ်လာလျက် လွန်စွာ ကြည့်ကောင်းပါဘိခြင်း။

"ရပါတယ်... ကြိုက်သလို ခေါ်ပါ... ကျွန်တော် အလကားနောက်တာပါ..."

နောက်တာတဲ့လား...

မထင်မှတ်တဲ့ အပြုံးလေးတွေမှာ ရင်းနှီးမှု ပိုသွားကြသည်။

သူက ကားကို ကျွမ်းကျင်စွာ ပြုပြင်၍ အဖုံးကို ပြန်ပိတ်လိုက်သည်။

"ရပါပြီ..."



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောပြီး သူ့လက်တွေကို ခင်ဘုန်း ကမ်းပေးတဲ့ အဝတ်စုတ်နဲ့သုတ်၍ လျှော့ရဲ့ရဲ လွယ်အိတ်ကို ပြန်လွယ်သည်။

"ရှင် ဘယ်သွားမှာလဲ..."

"မြို့မှာလေ..."

"ခင်ဘုန်းလည်း မြို့မှာ... တစ်ခါတည်း လိုက်ခဲ့လေ..."

သူကွေခနဲ ဖြစ်သွားပြီးမှ...

"ရတယ်... ကျွန်တော် ဝင်စရာ ရှိသေးလို့ သွားမယ်..."

တမင် ညာသွားတာမှန်း ခင်ဘုန်း သိသည်။

ကားပေါ်တက်မိပြီးမှ တော်တော်နှင့် မမောင်းဖြစ်သေးဘဲ ကျောခိုင်းသွားတဲ့ သူ့ကျောပြင်ကို ငေးကြည့်နေမိသည်။

ရှားပါးစွာ မြင်လိုက်ရတဲ့ သူ့အပြုံးကို ထပ်မံမြင်လိုခြင်း ဆန္ဒကထူးဆန်းစွာ...

♥ ♥ ♥



ခင်ဘုန်းရဲ့ ရှေ့တင်မှာ ခင်ဘုန်းမြတ်နဲ့ သူငယ်ချင်း တစ်စုဝင်လာ...တ်တာ အားလုံး အလုပ်ရှုပ်သွားတော့သည်။

သူမနဲ့ ပါလာတဲ့ သူငယ်ချင်း ကောင်မလေးတွေ...

ခင်ဘုန်းကို အော်တိုရေးခိုင်း ကဗျာစပ်ခိုင်း စကားတွေ ဖောင်...

...

ခင်ဘုန်းမြတ်က ခင်ဘုန်းရဲ့ မိတ်ကပ်သေတ္တာကို ဖွင့်၍...အောင်လျှောက်ကိုင် နှုတ်ခမ်းမွဲ ပြီးတော့ ကဲ့ရဲ့...

"ခင်ဘုန်းရယ်... နင်သုံးတာတွေကလည်း ညံ့လိုက်တာ... ...မှာ မသုံးရသေးတဲ့ နှုတ်ခမ်းနီ တစ်ကဒ်ရှိသေးတယ်... အဲဒါယူသုံး ...တ်ကပ်တွေကလည်း အရင့်တွေချည်းပဲ... ငါ့မှာ နံပါတ်စုံ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘေးနားက မလေးကတော့ မျက်နှာပျက်ချင်ပြီ။

"ဒီမိတ်ကပ်မျိုးတွေနဲ့ မိတ်ကပ်ဆရာသာ မတော်ရင် နင့်မျက်နှာ စုတ်ပြတ်သွားမှာပဲ. . ."

မလေး မျက်နှာအနည်းငယ် လျှော့ကျသွားသည်။

ခင်ဘုန်း အခန်းတွေ ရိုက်ပြီးတဲ့အထိ သူတို့ မပြန်ကြသေး။

"ခင်ဘုန်း. . ."

"ဟင်. . ."

"လာမယ့် ငါ့မွေးနေ့ နင်လာခဲ့ပါလား. . . မနှစ်ကလည်း မလာ ဘူး. . ."

"အဲဒါ တိုက်ဆိုင်သွားလို့ပါ. . ."

"ဒါဖြင့် ဒီနှစ်လာမလား. . ."

ခင်ဘုန်း ရုတ်တရက် မဖြေတာကို ခင်ဘုန်းမြတ် သဘောမကျ

"ဘာလဲ နင်က မာန်တွေတက်ပြီး ညီအစ်မလေး နှစ်ယောက် တည်း ရှိတာကိုတောင် ခွဲခြားချင်နေပြီလား. . ."

"မဟုတ်ပါဘူး မမြတ်ရယ်. . . ခင်ဘုန်း နေရာတကာ သွား သာရတာ မလွတ်လပ်တာ မမြတ်သိသားနဲ့. . . ခင်ဘုန်းမန်းသိတ မီးရှူးတွဲကြီးတွေလိုပဲ. . ."

သစ္စာမွန်စာပေ



"အိုလေ့ကိုင်း ဒီလိုဖြစ်လို့ရသလား. . . ဒါက ကိုယ့်အောင်မြင် မှု. . . ငါ့မွေးနေ့ပွဲမှာ ညီမဖြစ်တဲ့ ရုပ်ရှင်မင်းသမီး ခင်ဘုန်းဆက်က ကိုယ်တိုင် တက်ရောက်ပြီး . . . လက်ဆောင် အနမ်းပေးတယ်ဆိုတာ သတင်းတွေမှာ ပါလာရင် နင်သိက္ခာမကျပါဘူး. . ."

"မမြတ်က သိပ်စွပ်စွဲတာပဲကွာ. . ."

ခင်ဘုန်း စိတ်ညစ်သံလေးနှင့် ဆိုသည်။

"ဒါဆို လာမှာလား. . . ဒက်ဒီက နင်လာမယ်ဆိုမှ ရုပ်ရှင် သရုပ်ဆောင်တွေ ငှားပြီး တီးဝိုင်းနဲ့ ဧည့်ခံပေးမှာတဲ့. . ."

အဲဒီမှာ ပရိုဂျူဆာတွေ ကြော်ငြာသမားတွေ အားလုံးစုဝေးနေ တော့ကြမှာ ထင်ရှားနေပြီ။

ခင်ဘုန်း စိတ်ညစ်သွားလေသည်။

ဒါပေမယ့် ကိုယ့်အစ်မမို့ သံယောဇဉ်ကလည်း ခေါင်းမခါရက် ပါ. . .

"ခင်ဘုန်း. . . လာနိုင်အောင် ကြိုးစားမယ်လေ. . . လာဖြစ်မှာ . . ."

ခင်ဘုန်းမြတ် ကျေနပ်သွားသည်။

"လာမယ်လို့ပဲ ယူဆလိုက်တော့မယ်. . ."

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တယ်. . . မမ လာမှာလား. . ."

"ဒါဆိုအဲတော့ပဲ အဲဒီပွဲမှာ 'သစ်ရွက်စိမ်းတို့ကြွေ' တားထဲက သီချင်းကောင်းဆိုမယ်. . . မမ ဆိုပြနော်. . ."

သာလိကာလေးတွေ ဝင်လာကြပြန်သည်။

ခင်ဘုန်းမြတ်ကတော့ လွယ်အိတ်အနက်ကလေးထဲက မျက်မှန် လှလှလေး ထုတ်တပ်၍ ဆိုပေမယ့် ပုံကျလှမသော သူမ ဆံပင်တွေကို တစ်ချက်နှစ်ချက် ပြုပြင်သည်။

လက်ကိုင်ပုဝါနှင့် နှာခေါင်းချွန်ချွန်လေးကို အနည်းငယ်တို့ဖိ၍ သူ့အုပ်စုကို ရှုတ်သိမ်း၏။

"သွားကြမယ်ဟေ့. . . ဩော် ခင်ဘုန်း. . ."

ခင်ဘုန်း လက်မောင်းလေးကို လှမ်းဆွဲ၍ ပြန်လှည့်လာ၏။

"ငါ့မွေးနေ့ကို မာမီက မလာရဘူးဆိုလို့ ဘာညာနဲ့ အကြောင်း မပြန်နဲ့နော်. . . ငါ မာမီနဲ့ ရန်ဖြစ်ရလိမ့်မယ်. . ."

"မီဘာကို ဒီလိုပဲ ပြောရလား မမြတ်ရဲ့. . ."

"ဘာဖြစ်လဲ. . . အိမ်မှာ ဒက်ဒီနဲ့လည်း ရန်ခဏခဏ ဖြစ် အယ်. . . ခုတလော ဒက်ဒီ မာမီ့ဆီ ဘယ်နှစ်ခါ ရောက်နေသလဲ မသိ ဘူး. . . အချိုးတွေ ပြောင်းပြီး ငါ့ကို ကျပ်ချင်လာတယ်. . . ငါကတော့





ဆောရီးပဲ ဆရာ. . . နောက် အိပ်ကျပ်လာရင် အဘိုးကြီးနဲ့ အဘွားကြီး ကို ဆွဲစေ့ပေးလိုက်ရုံပဲ. . ."

"ကြည့်စမ်း. . ."

ခင်ဘုန်းမြတ်ကတော့ သာမန် စကားမျိုး ပြောသလို ပေါ့ပါးစွာ ပဲဆို၍ ထွက်သွားပါပြီ။

ခင်ဘုန်းမှာသာ သူ့စကားကြီးကို ရင်တုန်ပန်းတုန် ဖြစ်ကျန်ခဲ့ ရှာ၏. . .

❤ ❤ ❤

www.burmeseclassic.com

www.burmeseclassic.com

"ညက အဲဒီနောက် တစ်မြို့လုံး မီးပျက်နေတာကွယ်. . . ဘာမှ လည်း နားမလည်တာနဲ့ ဒီတိုင်းပဲ နေနေရတယ်. . ."

ဒေါ်တမာချိုက ပြောပြနေတာကို ခေါင်းညိတ်ပြုံးပြကာ. . . မောင်က မီးကြိုးတွေနဲ့ ခလုတ်တွေကို လိုက်စစ်သည်။

"ဒီကြိုးလွတ်နေတာ. . ."

"ဟုတ်လား. . ."

သူပြပေမယ့် ဒေါ်တမာချို ဘာမှနားမလည်။

"ဟော. . . ဟော. . . လာပြီ သား လာပြီ. . ."

အားလုံးကောင်းသွားတော့ မောင် ပစ္စည်းတွေ သိမ်းဆည်းပြန်ပေးကာ အပြင်ထွက်ခဲ့၏။



"မြန်တော့မလို့လား ကိုမောင်မောင်. . . ဒီမှာ လက်ဘက်ရည် သောက်သွားပါအုံး. . ."

"မသောက်တော့ဘူး. . . မခင်ဘုန်းဆက်. . . ကျွန်တော် သွားစရာရှိလို့. . ."

"သွားစရာကတော့ ခင်ဘုန်းလည်း ရှိပါတယ်. . . ဒါပေမယ့် လက်ဘက်ရည် သောက်ဖို့ အချိန်တော့ ရပါသေးတယ်. . ."

ခင်ဘုန်းကို စိုက်ခနဲ တစ်ချက်ကြည့်၍ မောင် ပြုံးလိုက်သည်။

"ဟုတ်သားပဲ သားရဲ့. . . တစ်ခုခုတော့ စားသွားပါအုံး. . . နောက် အကူအညီ မတောင်းဝံ့အောင် မလုပ်ပါနဲ့. . .

. . . အန်တီတို့က မိန်းမသားချည်းပဲဆိုတော့ ဒါမျိုးဆို သိပ်ဒုက္ခရောက်တာ. . ."

ဒေါ်တမာချိုပါ ဝင်ပြောမှ မောင်က ဆက်တီမှာ ထိုင်သည်။

"ဒါနဲ့ သားနဲ့မိခင်က နှစ်ယောက်တည်းပဲလား. . . ဒီပြင်မွေးချင်း မရှိဘူးပေါ့. . ."

ပထမဆုံး စပ်စုဖူးခြင်းပါ။

"ရှိပါတယ်. . . ညီမလေးက အဖေနဲ့အတူ ကားတိုက်မိလို့ ဆုံးသွားတာပါ. . ."

www.burmeseclassic.com


"စိတ်မကောင်းစရာကွယ်. . ."

ဒေါ်တာမာချို ဆက်မမေးတော့ပါ။

ခင်ဘုန်း ကမ်းပေးသည့် လက်ဘက်ရည်ကို သောက်၍ မောင်

ကလည်း ဘာမှမပြော။

"ကိုမောင်မောင့်အမေ ခုလိုဖြစ်တာ ကြာပြီလား ဟင်. . ."

ခင်ဘုန်းက စကားစရှာရသည်။

"ကြာပြီ ဒါပေမယ့် အရင်တုန်းက အမေ ခုလို မတုတ်ဘူး"

"ရှင့်ဘိုကျတော့ သိသေးပဲ. . ."

"သိတယ်. . . ကျွန်တော့်ကိုတော့ ဝရစိုက်ပါတယ်. . ."

"သူ့ကို ကုဖို့မကြိုးစားဘူးလား ဟင်. . ."

"မတတ်နိုင်သေးလို့ပါ. . . ခုလို နေစရာလေး ရှိတာတောင် ဘိုး

ဘွားခြံမြေကျန်ခဲ့လို့ ဒါလည်း ခုထိ မပြုပြင်နိုင်သေးဘူး. . ."

မောင့်စကားလုံးတွေက ဝကာသန မပါဘဲ ရိုးသားပွင့်လေး

သည်။

"ဟင် ရှင် မုန့်စားအုံးလေ. . ."

"တော်ပါပြီ. . . ကျွန်တော့်ကို ခွင့်ပြုပါအုံး. . ."

အားလုံးကို နှုတ်ဆက်၍ သူ ထွက်ပြန်သည်။

သစ္စာစွန့်တာပေ

။

တစ်ခါတလေ သူ့ပုံစံက ခံရခက်ခက်။

သားအမိနှစ်ယောက် အတွေးကိုယ်စီနှင့် ဘာမှမပြောဖြစ်ဘဲ

ဘိတ်ဆိတ်နေမိကြ၏။

♥ ♥ ♥

www.burmeseclassic.com

"ဘာ. . . ဘာရယ်. . ."

ခင်ဘုန်းမြတ် ပုံစံလေးက ဆိုးဆိုးဆတ်ဆတ်နှင့် ချစ်စရာလေး ဖြစ်နေသည်။

"ယူနာမည်က ရန်နီရဲ. . ."

မျက်ခုံးလေးပင့် မေး၍. . .

"အဟာ့. . ."

ပခုံးလေး ကျုံ့ရယ်သည်။

"နာမည်ကတော့ ရေရေလည်လည် ဂွတ်ဒ်ပဲ. . ."

"လူက မဂွတ်ဒ်ဘူးလား. . ."

လူတင်ဘယ်ကမလဲ အသံကပါ ဂွတ်ဒ်တာ. . .



www.burmeseclassic.com



ဒီတုံးက ခပြုံးပြုံးစိတ်

နေရောင်ကင်း မှုံ့မှိုင်းလင်းလင်း နေဘက်တဲ့ ခင်ဘုန်းမြတ်နှုတ်ခမ်းမှာ သဲတောကျ ကျေနပ်ခနသည့် အပြုံးလေးက ငြိတွယ်လျက်. . .

"ခင်ဘုန်းမြတ်ဆိုတော့ ခင်းသမီး ခင်ဘုန်းဆက်နဲ့ ညီအစ်မလား. . ."

"သတ်ဒ် ရိုက်သ်. . ."

"ဒါပေမယ့် မင်းက ပိုလှတယ်. . ."

"ပိုမြင်တွေ လာပြောမနေနဲ့. . ."

"အကယ်ပါ. . . ခင်ဘုန်းဆက်ကို လူတွေဘယ်လိုပဲ မြှောက်ပြော နိုက်ပြော အဲဒီလောက် သိမ်းဆည်းတာကို မကြိုက်ဘူး. . ."

မိန်းမပဲဟာ ကိုယ့်ကို လှတယ်ဆိုတော့ ခေါင်းနပ်ဘဲ ဒီ [illegible]

သူ့ခိုင်တာဆက်ပေးကြတဲ့ သငယ်ချင်းခဲ့ရာက ခင်ရုံ့ ဘုပ်နေကြရင်း ဘယ်ခပျော်ကြုနဲ့ကြသည် မသိ။

သူငယ်ချင်း တစ်ယောက်ရဲ့ ညှော်ခံပွဲကိုလာရင်း သီချင်းဆိုတဲ့ ပါသနာရှင် ရန်နီရဲနှင့် ဆုံမိခြင်းပါ။

ပေါ်ခဲ့ရာ အမူအယာကျောင်းနှင့် အသံရော စတိုင်လ်ပါ အပြတ်ကြိုက်သည့် ရန်နီရဲကို ခင်ဘုန်းမြတ် စွဲသွားသည်။

www.burmeseclassic.com



"ယူအသံကောင်းတာပဲ စီးရီးထုတ်ပါလား..."

"ပရိုဂျူဆာမှ မရှိဘဲ..."

"ရည်ရွယ်ချက် ရှိတယ်ပေါ့..."

"အခါအခွင့်သင့်ခဲ့ရင်ပေါ့... သိပ်စွဲစွဲလမ်းလမ်းကြီး ဆုံးဖြတ်ထားတာမျိုးတော့ မဟုတ်ပါဘူး..."

"ဒါဆို အပျော်တမ်း ဆိုနေတာပေါ့နော်..."

"အင်း... အဲသလို ဖြစ်မလား မသိဘူး..."

ရုန်ရုန်ရဲရဲ ရုတ်တရက် ခင်ဘုန်းမြတ် သောက်နေတဲ့ အအေးပုလင်းကို ဆွဲယူတာ သူ့နှုတ်ခမ်း မှာ တပ်လိုက်၏။

"အို... ယူတာလဲ..."

ညှို့ငင်နေသော သူ့မျက်လုံးတွေကြောင့် ခင်ဘုန်းမြတ် ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားလေသည်။

"ဒီ့ကို ခင်လား..."

"အင်း..."

ရင်တွေခုန်စပြုပြီ...

"တကယ်ခင်တာလား..."





"အင်း..."

"ခဏခဏ ဆုံချင်တယ်... ဖြစ်မလား..."

ခင်ဘုန်းမြတ်က မျက်နှာလေး ငုံ့၍ ဟင့်ခနဲ ရယ်သည်။

"ဒါတော့ ယူကြိုးစားပေါ့..."

"ကြိုးစားခွင့်ပြုတယ်နော်..."

"ဟင်..."

နားမလည် သလိုလေး ခင်ဘုန်းမြတ် မျက်လုံးလေးတွေက ရွှန်းသဲ့လျှက်...

"မင်းက ခွင့်ပြုမယ်ဆိုရင် ဗိုက မြင်ဘက်ရှိတာတောင် အလဲထိုးခံဖို့ ဝန်မလေးဘူး..."

"ဘာလဲ... ယူက ရည်းစားစကားပြောဖို့ ကြိုးစားနေတာလား အစောကြီး ရှိသေးတယ်နော်..."

"မစောတော့ဘူး... မြတ်ရေ ငါတို့ ပြန်ချင်နေတာကြာလှပြီ လာသွားစို့..."

သူငယ်ချင်းတွေ ရောက်ချလာတော့ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားသည်။

"အမလေး... ခုမှသိလို့ပဲ တော်တော့တယ်... ဟယ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ် သူက အဲ့အေးနှမ်းလေးကြီး သောက်လိုက်သလား . . .

"အေးလေ . . . ဘီတစ်ပုလင်းက ကောင်းသေးတယ်"

"ဩော် . . . မိတ်ဖြစ် ဓဆွေဖြစ် မြိတ်ဆီက အဲ့အေးပဲ အကုန် သောက်ကြမလို့ နေမှာပေါ့ . . ."

သူငယ်ချင်းတွေ ဝိုင်းစကျတော့ ရဲနီရဲ လွန်စွာ ဆွဲဆောင်သော အပြုံးကို ပြုံးလေသည်။

"အားလုံးပဲ နောက် ကျွန်တော့်ကို တွေ့ရင် ဘယ်မှာတွေ့တွေ့ ခေါ်ပါနော် . . . ခင်မင်စရာ ကောင်းတဲ့ ခင်ဗျားအုပ်စုထဲကို ပါဝင်ခွင့်ပြု ပါ . . ."

"အကို . . . ဒီလောက်ထိ ချည်နှောင်ကုန်ပါရောလား . . ."

"အေဒီနော် . . ."

ခင်ဘုန်းမြတ်က ရှက်သွားပေမယ့် သူက ပြုံးပြုံးကြီး စိုက်ကြည့်လို့ . . .

"အားလုံးကို ခင်ချင်ပါတယ် . . ."

ဟု မပွင့်တပွင့် ထပ်ပြောသည်။

"အင်း . . . အားလုံးကို ဆိုတော့လည်း လက်ခံရမှာပေါ့လေ . . ."

ပျော်လိုက်တာလေ . . .

သစ္စာမွန်စာပေ



နံနီရဲဆိုတဲ့ ယောကျ်ားတစ်ယောက် ရောက်လာတာတော့ ခင်ဘုန်းမြတ် ရင်ထဲမှာ အိုအေစစ်လေး တစ်ခုဖြစ်ထွန်းခဲ့ခြင်းပါပဲ။

"ဘောမယ့် တစ်ရက်နေ့မှာ မြတ်ရဲ့မွေးနေ့ပဲ . . . ယူလာခဲ့လေ"

"ဟာ . . ."

သူ မျက်နှာမသာမယာဆိုတော့ . . .

"ယူမလာနိုင်ဘူးလား ဟင် . . ."

"မြန်မာခါနီးမှ ပြောရသလားလို့ အပြစ်တင်ချင်တာ . . ."

"အမလေးနော် . . ."

အားလုံး ရယ်ဖြစ်ကြပြန်သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"တောက်. . ."

ဖုန်းကို ဂွတ်ခနဲ ဆောင့်ချ၍ တက်ခေါက်တော့ ဦးဘုန်းသော် လှည့်ကြည့်သည်။

"ဘာပြောလို့လဲ သမီး. . ."

"မွေးနေ့ကို သူမလာနိုင်ဘူးတဲ့. . ."

ဦးဘုန်းသော်ပါ မျက်နှာတင်း သွားလေသည်။

ကွက်ခနဲဆို ဒေါ်တမာချို မျက်နှာကို ပြေးမြင်၏။

ဖုန်းနားကို လျှောက်သွား၍ ဦးဘုန်းသော် ပြန်ဆက်သည်။

"သမီးလား. . ."

"ဟုတ်. . ."



"သမီး မာမီကို ပေးလိုက်စမ်း. . ."

အသက်တအောင့်မျှ အကြာမှာ ဒေါ်တမာချို အသံထွက်လာ၏။

"မြကွဲဗိန် ရိုက်ဖို့ ကိစ္စတွေ သိပ်ရှုပ်နေတယ် ကိုဘုန်းသော်. . . ကလေးရဲ့ မွေးနေ့ပွဲကို ဒီမြင်နာမည်ကြီး သရုပ်ဆောင်တွေ ရှင်အများကြီး ငှားနိုင်တာပဲ. . . အလုပ်နဲ့ အပျော်ကို အလုပ်ကိုပဲ ဦးစားပေးရမှာပဲ. . . ဒါကို ရှင်မကျေနပ်တိုင်း ဖုန်းတဂွတ်ဂွတ်ဆက်ပြီး ရန်မရှာပါနဲ့. . . ကျွန်မတို့မှာ အဲဒီလောက် အချိန်မပိုဘူး. . ."

ဖုန်းကို ဂွတ်ခနဲ ချသွားပြီ။

သူ တစ်လုံးမှတောင် မပြောလိုက်ရပါလား. . .

"တောက်. . ."

ပြောချင်တာ ပြောလိုက်ဖို့ မရမက ထပ်ဆက်ရန် ထပ်ခေါ်တော့ မရတော့ပေ။

ပလက်ကြိုးပါ ဖြုတ်ထားလိုက်ပြီ ထင်သည်။

"ပြောသွားပြန်ပြီမို့လား. . . ဒက်ဒီ မာမီဟာ တစ်ကိုယ်လုံး တယုသန့်အပ္ပာတွေ ဖုံးနေတဲ့ မာနသမားကြီး. . . သူမာန သူ့အတ္တကလွဲ ပြီး သူ့ရင်ထဲမှာ ဘာမှမရှိဘူး. . . ခင်ဘုန်းကို ပုံစံခွက်ထဲ ထည့်ပြီး ပိုးမွေး



www.burmeseclassic.com

www.burmeseclassic.com



သလို မွေးထားခဲ့တာလည်း သားသမီးကို ချစ်လို့ တစ်ခုဘည်း ...

... တစ်နေ့ သူ ဒက်ဒီကို ဒီလိုနိုင်ရအောင်လုပ်တာ . . . ဒက်ဒီ ကျရှုံးတော့ သူ့မှာ တာတွေတိုးပွား သွားလို့လဲ . . . သူ့သမီး သိင်တော်သပ် မြင့်ပြီး သမီးက ညှဲ့ဖျင်းနိမ့်ကျနေရင်ရော . . . သူ့မှာ ပါဝါတွေ ပိုမြင့်သွား သလား . . . ကိုယ့်ဝမ်းနဲ့ လွယ်မွေးခဲ့တာချင်း အတူတူတောင် ခွဲခြားချင် တတ်တဲ့ အမေ . . . သမီး လုံးဝမကျေနပ်ဘူး . . . သမီး ခုသွားပြောမယ် ဒက်ဒီ . . ."

ဆတ်ခနဲ ထရပ်ဘော့ ဦးဘုန်းသော် လှမ်းဆွဲထားလိုက်သည်။

"မသွားနဲ့ သမီး . . . သူ့အယူအဆ ဘယ်လိုပဲလွဲလွဲ . . . မှန်မှန် ပြောမှားဆိုမှား ဖြစ်ရင် သမီးမှာ အပြစ်ရှိတယ် . . ."

"ဘာမှမဆိုင်ဘူး အပြစ်ရှိရအောင် သမီးက သွားဆွဲမှာမှ မဟုတ်တာ . . . သားသမီးနဲ့ မိဘဆိုပြီးတော့ ဟုတ်တာမှန်တာတောင် မပြောရတော့ဘူးလား . . ."

"ကိုယ့်မှာလည်း မင်္ဂလာယူနေတဲ့ အချိန်ကြီး . . . ဒါကို အဲဒီ အယူ ခံစားမနေပါနဲ့တော့ကွယ် . . . အပြင်မှာ သမီးသူငယ်ချင်းတွေ စောင့်နေရောပေါ့ . . ."

ပြောနေတုန်း အောဒီနဲ့ စကိုင်းခင်ခင်တို့ အဖွဲ့လိုက်ကြီး ဝင်ရ





လာကြသည်။

"အမလေး . . . မွေးနေ့ရှင်ကို လက်ဆောင်ပေးချင်လွန်းလို့ အိမ် ထဲဝင်ရှာရပါလားနော် . . . ရှားပါ့ . . . ရှားပါ့ . . ."

စိတ်ပေါ့သွားဟန်နှင့် ဦးဘုန်းသော်က ရှောင်ထွက်သွားသည်။

ခင်ဘုန်းဆက် နှုတ်ခမ်းစူနေဆဲ . . .

"ဟိတ် . . . နှုတ်ခမ်းက ရှေ့မှာ တစ်လံလောက် ကော့ထွက်နေ ပြီး ဘာဖြစ်တာလဲ ဒါ . . ."

"ဘာဖြစ်ရမလဲ . . . ခင်ဘုန်းလေ . . ."

"ခင်ဘုန်းလေ ဟုတ်လား . . ."

"အင်း . . ."

"လေပါဆိုမှ လေပဲနေမှာပေါ့ . . . ငါတို့ မပြောဘူးလား . . . ခင် ဘုန်းဆက်ဆိုတဲ့ မင်းသမီး မလာပါဘူးလို့ . . . ခင်ဘုန်းဆက် ဖိတ်တဲ့နေရာ တိုင်း ရောက်တက်ရင် ဒီလောက် နာမည်ကြီးမှာ မဟုတ်ဘူးသိလား . . ."

"ကဲပါ . . . စိတ်ကောက်မနေနဲ့ . . . အပြင်မှာ ရဲနီရဲ စောင့်နေ တယ် . . ."

"ဟင် . . . သူ ရောက်နေပြီလား . . ."

"ဟောကြည့် . . . ရှပ်က ရှပ်က ချက်ချင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ခင်ဘုန်းဆက် မျက်နှာလေး တကယ်ပဲ အရောင်ပြောင်းသွာ
သည်။

သူထွက်လာတော့ စပို့ရှပ် အနီရဲရဲ ဘောင်းဘီအနက်နှင့် နိုင်ငံ
ပုံစံက ေးနေချင်စရာ။

"ဒို့ကို မကြိုချင်လို့ တမင်ရှောင်နေတာတော့ မဟုတ်ပါဘူးနော်
"အို မဟုတ်တာ ကိုရဲရယ်. . ."

အဖျားစွပ်၍ ခေါ် လိုက်မိသည်။

သူငယ်ချင်းတွေက အလိုက်သိစွာ ခပ်ဝေးဝေးမှာနေ၍ မွေး
ရှင်ကိုယ်စား လိုက်၍ ဧည့်ခံပေးနေကြသည်။

"မင်း သိပ်လှတာပဲ မြတ်ရယ်. . . တာဝတိံသာက နတ်သ
ကြွေကျလာသလိုပဲ. . ."

"ဘယ်သီချင်းထဲက ကျက်ထားတာလဲ. . ."

"မြင်တဲ့အတိုင်း ပြောတာပါ. . ."

အထပ်ဇာဂါဝန် ဖားဖားကြီးနှင့် သရဖူလေး ဆောင်းထားသေ
ခင်ဘုန်းမြတ် ပုံစံလေးက ဖြူနုဝင်းစက်နေသည်။

စားပွဲမှာ ထိုင်ပြီးကြတော့ ရဲနီရဲက သူလက်ဆောင်ဗူးလေ
ခင်ဘုန်းမြတ် ရှေ့မှာချပေးသည်။





ဗူးပုံစံလေးက ဆန်းနေသည်မို့ ခင်ဘုန်းမြတ်က ဟန်မဆောင်
နိုင်ဘဲ အလျင်စလို ဖွင့်ကြည့်လိုက်၏။

"အို. . ."

အံ့ဩကျေနပ်ရလွန်း၍ အသံပင် ထွက်သွားမိတဲ့အထိ။

ကျောက်မျက်လုံး နီရဲရဲလေးတွေနှင့် နက်မှောင်ပြောင်လက်နေ
သော ဝက်ဝံရုပ်လေးက ဗူးဖွင့်လိုက်သည်နှင့် သူ့ရင်ဘတ်လေး သူပုတ်
၍ ခြေသုံးလှမ်းခန့် တိုးလျှောက်လာကာ အသံတစ်မျိုးလေး ထွက်လို့. . .

"ချစ်စရာ ကောင်းလိုက်တာ. . ."

တကယ့်ကို ခင်ဘုန်းမြတ် သဘောကျသွားသည်။

"အမြင်ယူထုတ်မယ် ကြံတော့. . .

"အမြင်မထုတ်နဲ့ မြတ်. . . အဲဒီဗူးလေးက သူ့ရဲ့ကီးပဲ. . .
အမြင်မှာဆို ဒီကောင် အလုပ်မလုပ်ဘူး. . ."

"ဟုတ်လား. . ."

"မြတ် ကြိုက်လား. . ."

"ကြိုက်တယ်. . ."

"ချစ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ဝက်ဝံလေးကိုလေ..."

ရနီရဲ့ ရွှန်းရွှန်းစားစား ကြည့်တဲ့ မျက်လုံးတွေကို ခင်ဘုန်းမြ... ရင်မဆိုင်ရဲ။

"မြတ်..."

ခင်ဘုန်းမြတ် အသံမထွက်ပေမယ့် ရင်ခုန်သံတွေက... ဆူညံနေပြီ။

"ဝက်ဝံလေးက ပြောနေတယ်... သူ့ကိုယ်စား သူ့သခင်... ချစ်လိုက်ပါတဲ့..."

"ယူကလည်းကွာ... ခုမှတွေ့တာ နှစ်ခါပဲ ရှိသေးတယ်..."

"စတွေ့တတည်းက ချစ်တာ..."

"ဟင်... သွားပါ..."

"ဟုတ်တယ်... ကိုယ် ရင်တွေတအားခုန်ခဲ့ရတာ..."

ခင်ဘုန်းမြတ် ပြုံးစစလေး ဖြစ်နေတော့ စားပွဲပေါ် တင်ထား... လက်ကလေးကို ရနီရဲက ဆုပ်ကိုင်သည်။

"ချစ်လားဟင်..."





"မသိဘူး..."

"သိလိုက်ပါကွာ... မြတ် ပွင့်လင်းတာ နှိုအကဲခတ်မိပါတယ်... ...ာမနေပါနဲ့..."

"ယူမှာ ရည်းစားရှိခဲ့ဖူးလား..."

"ရှိခဲ့ဖူးတယ်... ဒါပေမယ့် မင်းလောက် ရင်မခုန်ခဲ့ဘူး..."

"မယုံပါဘူး..."

"မင်းရော..."

"ကြိုက်သူတွေတော့ အများကြီးပဲ... စာလေးဘာလေးတော့... ...ဖူးတယ်... သေသေချာချာ ချစ်သူမဖြစ်ခဲ့ဖူးဘူး..."

"ဒါဆို အခု သေသေချာချာ ချစ်ကြည့်လိုက်တော့နော်... ဒို့... ...ဘ်ပါရစေ..."

"တစ်ပတ်တော့ စောင့်..."

"ချစ်ရဲ့သားနဲ့များကွာ..."

"ဟင်... မှုချင်သေးတာပေါ့..."

ရနီရဲက ဟက်ခနဲ ရယ်၍ ကိုင်ထားသည့် လက်ကလေးကို ဆုပ်... ...ဆ်လိုက်သည်။

"မူမနေပါနဲ့ကွာ... မမူတာလေးကိုပဲ ဒို့က မြတ်နိုးမဆုံး ဖြစ်နေ...



www.burmeseclassic.com

www.burmeseclassic.com

မှာပါ. . . "

နှစ်ယောက်သား အပြုံးချင်း ဖလှယ်ရင်း. . .

ချစ်ခြင်းတို့ တွယ်ငြိလေသည်။

အချစ်သည် အရာရာကို ဖန်ဆင်းနိုင်ပါသလား. . .

♥ ♥ ♥

"ဟိတ်ကောင်. . . ငရဲ မင်းဟာလွန်ပြီကွာ. . ."

"မလွန်ပါဘူးကွာ. . . ဒီတစ်ရက်ထဲပါ. . . ဟဲ ဟဲ. . ."

"ငါကို မာမီ ဆူလိမ့်မယ်ကွ. . . ခုတောင် ဆိုင်ကယ်က ပြန်မယူသေးဘူးလား. . . မေးတာ နှစ်ခါရှိပြီ. . ."

သူငယ်ချင်းတွေက ပြုံးစိစိ။

"ငရဲ ရည်းစားထားတိုင်း ငါတို့မှာ ပစ္စည်းစိုက်ရ သူစိုက်ရ. . . တင်း မဗိုက်ပါဘူးကွာ. . ."

ရဲနီရဲက ရယ်နေလျက်. . .

"ဒီတစ်ခါ ကောင်မလေးက မြင့်တယ်ကွ. . . ကိုယ်က ခပ်နိမ့်နိမ့်နေလို့ မဖြစ်ဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်လောက ငါ့အိမ်ကို စက်ဘီးပူက ပို့ပေးလိုက်တဲ့ သူ့သမီးလေးအတွက် ပန်းဒါပူးလေးဟာလည်း သူ့ ဓါးပြတိုက်လို့ ပါသွားရတယ်"

"အဲဒါလေး သူ့ကို မွေးနေ့လက်ဆောင် ပေးတာ တော်တော်သဘောကျသွားတယ်ကွ. . ."

"ဪ. . .ဪ. . .ဟုတ်လား. . ."

"ဟုတ်တယ်. . ."

ရွှံ့မှုန်းသိရက်နဲ့ ရဲနီရဲက ပြန်ဖြေသည်။

"မင်း ခုတလော အလုပ်မဖြစ်ဘူး ထင်တယ်. . . အတော်ခြောက်ခမ်းနေပါလား. . ."

"ဟုတ်တယ်. . . လုံးဝကို ခမ်းနေတယ်. . . အဲဒါကြောင့် ငွေရှာင်းတူးနေတာပေါ့. . ."

"အဲဒီကောင်မလေးက တော်တော် ထောအောကွ. . . ခုတဟိုက်ဘော့စ်. . ."

"နေပါဦး. . . ဒီကောင်က အတည်မကြံသေးဘူးလား. . ."

သူတို့ကို ကြည့်၍ ရဲနီရဲက ပြုံးသည်။

"မိန်းမယူရတာ ပျင်းစရာကြီးကွာ. . . ဘာလုပ်မှာလဲ အခုကာကဒီလို မိုက်ရူးရဲလေးတွေ ရှိနေသမျှ ရဲနီ ရင်ခုန်နေရမယ့် အချစ်ကို ယူမလား





ငွေယူမလား. . ."

"အေးပေါ့ကွာ. . . မင်းက မှင်းသားရုံးတဲ့ ရုပ်ဆိုတော့ ပြောအားရှိမှာပေါ့. . . တော်နေကြာမှ ခွေးကျကျအုံးမယ်. . ."

"ဘယ်နေတော့မှ မကျဘူး. . . အေး ငါ တကယ်လို့ အကျနာသွားရင်တောင် အဲဒါ မိန်းမကြောင့် ဘယ်တော့မှ မဖြစ်ရဘူး. . ."

"ထားလိုက်ပါတော့. . . ဒီနေ့ အမယ်သွားဖို့ စိတ်ကူးသလဲ. . ."

"ပထမ အလုပ်ဖြစ်မဖြစ် သွားချက်ခ်မယ် ပြီးရင် မြတ် ဆီသွားမယ်"

"အင်း. . . ကောင်မလေးတော့ အချိုကြီး ခံရပေအုံးမယ်. . ."

"မနာလို မရှိနဲ့လေ. . ."

"သနားလို့ပါ. . ."

ရဲနီရဲက လှပစွာ ပြုံး၍. . .

"သူ့ဘဝရဲ့ ဒုတိယပိုင်းမှာ ဘယ်သူမှ မယုံစားရဲအောင် အချစ်ဆို ကျီးလန့်စာစား ကြောက်သွားရတဲ့ သတိမျိုး ငါက ပေးမှာ. . ."

"ရည်ရွယ်ချက်က ကြီးမားလှချေလား. . ."

"ရဲနီရဲလေ. . ."

"လေးစားပါတယ် ဆရာရယ်. . ."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

"ဒီ ရှုတနာပူးက သေးသေးလေးမှ မဟုတ်တာ သမီး. . ကျ ပျောက်ရအောင် ဘက်စ်ကားတိုးစီးရတာလည်း မဟုတ်. . . ကိုယ်ကားနဲ့ ကိုယ်သွားတဲ့ကိစ္စ. . ."

"ပျောက်သွားပါတယ် ဆိုတာကို ဒက်ဒီက သမီးကို မယုံသက်ာ ဖြစ်နေတာလား. . ."

"မပျောက်သင့်တာကို အံ့ဩတာ. . . သမီးက ကလေးလည်း မဟုတ်ဘူး. . . ဒီပစ္စည်းမျိုးကို ကစားစရာ မှတ်လို့ ကစားရအောင် သိန်း သုံးရာလောက်တန်နေတာလည်း သမီး အသိ. . ."

ခင်ဘုန်းမြတ် မျက်နှာလေးက ဟန်လုပ်တင်းထားရပေမယ့် ခါတိုင်းလို ဆတ်ဆတ်ထိ မခံပြန်ပြောတာမျိုး မဟုတ်ဘဲ မျက်နှာကို ခပ်





ငွဲလွဲ လုပ်ထား၏။

ဦးဘုန်းသော် ညှော်ခန်းထဲမှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

ခုတလော ဒီကလေး အမူအယာတွေ ပျက်နေတာ သူသတိထားမိနေသည်။

ကိုယ့်မှာလည်း စီးပွားရေးဆိုမှ စီးပွားရေး။

သူ့ခေါင်းထဲမှာ ဒီနေ့ ဘယ်နှစ်သိန်းဝင်တာ ဘယ်နှစ်သိန်းထွက်တာ သူဦးနှောက် ကွန်ပျူတာမှာ ဒီပြင်ဘာမှ တွေးချိန်မရှိဘဲ ငွေဆိုတာ အစ်ခုတည်း။

ဒီသမီး ခြေလှမ်းပျက်နေတာ သတိထားမိတာတောင် အဖြေရှာ ဖို့ သူ့မှာအချိန်မရ။

"မနက်က. . . မန္တလေးကိုဆိုသွားတာ သမီးနဲ့ ဘယ်သူပါသွားလဲ"

"ဘယ်သူမှ မပါဘူး. . ."

"ပျောက်တာ ဘယ်ကျမှသိလဲ. . ."

"ဟိုကျမှ သိတာ. . ."

"ဒါနဲ့ လမ်းမှာသိသိချင်း သမီး ပြန်လှည့်လာတာဆို. . ."

ဦးဘုန်းသော် မေးခွန်းထောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားမှားသွားပြီ ဆိုသည့်အသိနှင့် ခင်ဘုန်းမြတ် မျက်နှာရဲခနဲ ဖြစ်သွား၏။

ဒီလိုဖြစ်အောင် တမင် လှည့်ပတ်မေးနေသည့် ဖအေဖြစ်သူကို လည်း ဒေါသဖြစ်မိလေသည်။

"ဘာဖြစ်လို့ ပုလိပ်စစ် စစ်နေတာလဲ ဒက်ဒီ. . . ဒက်ဒီ့ပစ္စည်း ကို သမီး ဖြန့်ခိုးတယ်လို့ ထင်လို့လား. . ."

"ဒက်ဒီ့ပစ္စည်း မဟုတ်ဘူး သမီး. . . ဒါ မန္တဲ့ပစ္စည်း. . . ဝယ် မယ့်လူကို ပြဖို့ ဒက်ဒီ့ဆီ ပို့ထားတာ. . . အရောင်းအဝယ် မဖြစ်လို့ သမီး ကို ဖြန့်ပို့ခိုင်းလိုက်တာ. . . အခု ဒီကိစ္စ ဒက်ဒီ ဘယ်လိုရှင်းရမလဲ. . ."

"ဒက်ဒီ့မှာ ဒီသိန်းသုံးရာလောက် အစားထိုးပေးဆိုက်ဖို့တောင် မတတ်နိုင်တော့ဘူးလား. . ."

"ငွေထက် သိက္ခာက အရေးကြီးတာလေ. . . ဒီနေ့ ဒီဖစ္စည်း ဒီလိုဖြစ်သွားတဲ့ အတွက် ဒက်ဒီ့ရဲ့ပေါ့ဆမှုဟာ သိန်းထောင်ပေါင်းများစွာ နဲ့လဲလို့ မရအောင် ထိုးကျသွားပြီ. . ."

"ကလင်. . . ကလင်. . ."

စကားပြောနေဆဲ ဖုန်းဝင်လာ၏။

ဦးဘုန်းသော် သွားကိုင်လိုက်သည်။





"ခြော်. . . မန္တဲ့. . . အင်း ပြော. . ."

စကားပြောရင်း ဦးဘုန်းသော်က သမီးကို မျက်နှာတည်ကြီးနှင့် လှမ်းကြည့်လိုက်သည်။

"အင်း အဆင်ပြေသွားတယ်. . . မန္တဲ့ သတ်မှတ် ပေးတဲ့အတိုင်း ပါပဲ. . ."

". . ."

"ဟုတ်တယ်. . . ဆက်ဆက် ကူညီတာပါ. . . အဟင်း. . . ရပါ တယ်ဗျာ. . ."

ဦးဘုန်းသော် မချိတရိ ပြုံးနေပေမယ့် မျက်နှာက မသာယာ။

"ငွေကို မန္တဲ့လာယူမလား. . . ကျွန်တော် လာပေးရမလား"

". . ."

"ရတယ်. . . အဆင်ပြေသလို လုပ်ပါ. . ."

ပြောပြီး ဖုန်းချ၍ ဦးဘုန်းသော် စိတ်ဝနာမငြိမ်စွာ မထိုင်ဖြစ်ဘဲ ရှိလေသည်။

"သမီး ဒက်ဒီမေးသမျှ ဘာမှ ဂယက်န မဖြေတော့ ဒက်ဒီ ဘယ်လိုကိုင်ရမှန်း မသိတော့ဘူး. . ."

"သမီးက ဘာဖြေရမှာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြေတာကိုက ဒက်ဒီ ဦးနှောက်ခြောက်နေတာပဲ"

"သမီးက ပိုခြောက်တယ်. . . ကိုယ့်ဟာကိုယ်တောင် ဘယ်လို ပျောက်သွားမှန်း မသိတဲ့တိစ္ဆကို ဒက်ဒီ လှည့်ပတ်မေးနေတာ ရူးတောင်ရူးချင်လာပြီ တကယ်. . ."

ခင်ဘုန်းဆက် ရှုံ့မဲ့မဲ့ ခြေလေးဆောင့်၍ ရှောင်ထွက်သွားလေသည်။

ဦးဘုန်းသော် မျက်မှောင်ကြီး ကုတ်လျက် ကျန်ခဲ့၏။

လောလောဆယ် သူ့မှာ ဘာဖြစ်သွားမှန်း မသိသည့် ပဟေဠိ တစ်ခု အတွက် သိန်းသုံးရာ စိုက်ထုတ်ပေးရပါတော့မည်။

ဒါကြောင့် ဒီဖွဲ့စားဆန်မရ အလုပ်မျိုးတွေ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့တာ. . .

သူ့တစ်သက် စီးပွားရေးလောကထဲမှာ ဘာမှန်းမသိသည့် အစားထိုးပေးလျော်လိုက်ရခြင်းမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးပေ။

ခုတော့ ကိုယ်မွေးထားတဲ့ သမီး လှည့်စားလိုက်တာကို သိသိကြီးနဲ့ ခံပေးလိုက်ရတဲ့ အဖြစ်။

ရင်ထဲမှာ ဘာလိုမှ မကောင်းနိုင်တော့. . .

♥ ♥ ♥



"မောင်တစ်ယောက် လာတာ မတွေ့ပါလား. . ."

"အိမ်တောင် ပြန်မရောက်သေးဘူး ထင်တယ်. . . မေမေ. . ."

"ဪ. . ."

ဒေါ်တမာချိုက တစ်ဖက်ခြံထဲဆီ လှမ်းကြည့်၍ ခေါင်းညိတ်သည်။

ဒီနေ့ မေမေ့ မွေးနေ့မို့ ဒန်ပေါက် ဆွမ်းကပ်သည်။

မနက်အာရုံဆွမ်းကို သံဃာတော် သက်စွေ့ပင့်၍ ကပ်ခဲ့ပြီးပြီ။

သိပ်အကြီးအကျယ် ကျွေးမွေးခြင်းတော့ မဟုတ်ပါ။

ခင်ဘုန်းဆက် မိခင်ရဲ့ မွေးနေ့လို့ လူသိရှင်ကြား ကျေညာလိုက်သွင် အေးချမ်းမှာ မဟုတ်ဟု ဒေါ်တမာချိုက မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် အနုပညာလောကက ခင်ဘုန်းရဲ့ ဆရာများနဲ့ ပင

ဝန်းကျင်က တစ်ချို့လောက်မှဲ့ ဗိတ်ထားခဲ့တာ. . .

အလှူ့ဒါန ပြုရတာတောင် တိုးတိတ်စွာ ကျင်းပရတဲ့ အဖြ

"တယ်နာရီထိုးသွားပြီလဲ သမီး. . ."

"ဆယ်နာရီခွဲတော့မယ် မေမေ. . ."

"ဒါဖြင့် မေမေ သွားတော့မှ ထင်တယ်. . ."

"ဟုတ်တယ် မေမေ. . . သွားတော့. . ."

ဖွီနေ့ ကိုယ့်မွေးနေ့မှာ ဥပုသ်စောင့် အဓိဋ္ဌာန်ဝင်ဖို့ ဒေါ်တမာ

စီစဉ်ထားသည်။

"မောင်မထွေးရေ. . ."

"ဗျာ. . ."

"မင်း စားသောက်ပြီးရင် ကားထုတ်တော့. . ."

"ဟုတ်ကဲ့. . ."

ဒေါ်တမာချို့ အခန်းထဲ ပြန်ဝင်၍ လိုအပ်သည်များ ပြင်

ကာ ပြန်ထွက်လာသည်။

မျက်ခုံးလှုလှု နှုတ်ခမ်းတွဲတွဲနှင့် ကိုယ့်မအေကို ကိုယ် 

ကြည့်ကာ ခင်ဘုန်းဆက် ပြုံးလိုက်မိသည်။





"ဟော. . . မေမေ့ကို ကြည့်ပြီး သမီးက ဘာပြုံးတာလဲ. . ."

"ဩော်. . . မေမေက ဘယ်လိုပဲ လူကြီးဆန်အောင်နေနေ. . .

နုပျိုနေတုန်းပဲဆိုတာ သိသာလို့ပါ. . . သမီးရှင် ဇာတ်ကားထဲက ရုပ်ရှင်

မင်းသမီး ခင်သန်းနုလိုပဲ. . ."

"လုပ်ပြီ. . . မေမေက အသက်ကြီးပြီနော်. . . မြှောက်လည်း

မမြှောက်တော့ဘူး. . ."

"တကယ်ပြောတာပါ မေမေရဲ့. . ."

မေမေ့ခါးကို လက်နှစ်ဘက်နှင့် သိုင်းဖက်၍ ခင်ဘုန်းက မေမေ့

ရင်ဘက်ကို နမ်းလိုက်သည်။

"ခြော်. . . သမီးကြီးရယ်. . ."

သမီးကြီး ခင်ဘုန်းမြတ်ရဲ့ မျက်နှာ တင်းတင်းလေးကို ကွက်ခနဲ

မြင်လိုက်မိသည်။

သူ့ခမျာ ငယ်ငယ်ကတည်းက ဖအေ့အရိပ်မှာ နေရသူမို့ မိဘ

မေတ္တာရဲ့ နွေးထွေးခြင်းကို ခံစားရမှာ မဟုတ်။

သူမ အပေါ် မခံချင်စိတ်တို့နှင့် ထိပ်ဆုံးရောက်ဖို့သာ အပတ်

တကုတ် ကြိုးစားနေမည် ဖြစ်သည့် ဖအေ့ဆီက ကြင်နာယုယမှုကို ရနိုင်

မည် မထင်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးအတွက် ရင်ထဲမှာ တစ်ခါတစ်ခါ တုန်ခါသွား လောက်အောင် ဆို့နစ်ခံစားရခဲ့လျှင် ဒေါ်တမာချို အဲဒီအချိန်မှာ မီးမြိုက် ခံရတဲ့ သစ်ရွက်ညွန့်ကလေးလို ညှိုးနွမ်းသေ့ခြောက်ကျသွားသည့်နှယ်

ဒါပေမယ့် ဒေါ်တမာချိုက သာမန် မိန်းမတစ်ယောက် မဖြစ် စေရ။

ဘဝတစ်ခုလုံးကို စနစ်တကျ အစီအစဉ်ရှိရှိ တန်ဖိုးမြင့်စွာ ထိန်း ကျောင်းမွေးမြူနိုင်တဲ့ မိန်းမ။

တယ်ယူသန်တယ် ပြောပြော အစွန်းရောက်တယ် ဆိုဆို။

ဒီသမီးကို ကြည့်၍ သူ့ရင်ထဲမှာ အလိုလို ထိခိုက်ကြေကွဲ၍ ခံနိုခံလာတာမျိုး ဖြစ်ကိုဖြစ်ရမည်။

တမာချို မွေးခဲ့တဲ့ သမီးဟာ ဘယ်လို ရှင်သန်လာသလဲဆိုတာ ပတ်ဝန်းကျင်နဲ့အတူ သူကိုယ်တိုင် ပြတ်ပြတ်သားသား မြင်လာရမည်။

ဒါကြောင့် လူသားနှစ်ဦးရဲ့ ဘဝနှစ်ခုဟာ...

ဦးဘုန်းသော်နဲ့ ဒေါ်တမာချိုရဲ့ လက်ပေါ်မှာ ပြယုဂ်တစ်ခု အဖြစ် ဖြစ်တည်လာရသည်ဆိုလျှင်...

ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် တစ်ဦးက နိုင်လျှင် တစ်ဦးကတော့ ကျရှုံးမည်သာ...





သူမက အနိုင်ရတဲ့ဘက်မှာ ရှိနေခဲ့လျှင် ရှုံးနိမ့်ခြင်းကို ခံရသူဟာ သမီးလေးသာ ဖြစ်တော့မည်။

ကိုဘုန်းသော်...

ရှင်အသိတရားရဖို့ ကောင်းတယ်...

ဘဝနဲ့ငွေ ဘယ်ကတန်ဖိုးရှိသလဲ...

ရှင်လက်ထဲမှာ သမီးကြီးရဲ့ဘဝ လူတစ်လုံး သူတစ်လုံး ဖြစ်ဖို့ ငွေဟာ အဓိက မဟုတ်ဘူးဆိုတာ ခုလောက်ဆို ရှင် သိသင့်နေပြီ။

ဒေါ်တမာချို မျက်နှာတည်တည် ပြောင်းလဲလျက် လှမ်းထွက် သွားသည်ကို အကဲခတ်မိသော ခင်ဘုန်းဆက် အသာကြည့်နေလိုက်ပါ သည်။

ဩော်... တကယ်တော့ မေမေဟာ ဖေဖေ့ရဲ့ ငွေဆိုသော တယူသန်မာန တစ်ခုကို အနိုင်ယူနိုင်ဖို့ မာနတစ်ခုနဲ့ ဖုံးလွှမ်းထားပေမယ့် ရင်ထဲမှာတော့ အတော်လေး ကြိတ်မှိတ်ခံစားရရှာမှာပါ၊

ခုလည်း သမီးငယ်က ခပ္ပဖက်ရွှန့်တော့ သမီးကြီးကို သတိရ သွားတာ ဖြစ်ပေမည်။

တကယ်တမ်း လူတွေ ပါးစပ်ဖျားမှာ မာနကြီးသော မာကြော သော သမီးနှစ်ယောက်ထဲကိုတောင် ခွဲခြားချစ်နိုင်ခဲ့သော မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ပက်ပက်စက်စက် ဝေဖန်ပြောဆိုခံနေရသည့် မေ့နှမှရင်ထဲက လောင်ကျွမ်းနေခြင်းကို ဘယ်သူမြင်နိုင်မလဲ။

ညညဆိုလည်း ညဥ့်သုံးယံမှာ တစ်ယံလောက်ပဲ မေမေ တိတ်ဆိတ်စွာ အိပ်တတ်တာ. . .

ကျန်တဲ့အချိန်တွေမှာ ပရံဘာမှာ ထွက်ထိုင်. . .

ဖရင်းဘာတ်ဒ်ပေါ်မှာ ပုတီးစိပ် မကြာခဏ ခင်ဘုန်းကို ဝင်ကြည့်နိုင်ယာရီရေး။

မေမေ့ခံစားချက်ကို ခင်ဘုန်းထက် ဘယ်သူပိုသိမှာလဲ. . .

♥ ♥ ♥



ခင်ဘုန်းရဲ့ ကားလေး ခြံရဲ့အပြင် ကွေ့ထွက်လိုက်သည်နှင့် လွယ်အိတ်တစ်လုံးလွယ်လျက် သူ့ခြံထဲက ထွက်၍ ခြံတံခါးပြန်ပိတ်နေသော မောင့်ကို တွေ့လိုက်ရသည်။

"တီ. . ."

အနားကပ်၍ ဟွန်းတီးလိုက်တော့ သူ လှည့်ကြည့်သည်။

ခင်ဘုန်းက ကားမှန်ကို ချ၍ သူ့ကို ပြုံးပြလိုက်သည်။

မောင်က ပြန်ပြုံးပြ၍. . .

"မခင်ဘုန်းဆက် အချိန်ရရင် ခဏလေး. . ."

ထူးဆန်းစွာ စတင်တောင်းဆိုလာမှုကြောင့် ခင်ဘုန်းရဲ့ ကားလေးက တုံ့ခနဲ ရပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ကားနားကို လျှောက်လာ၍...

"အန်တီနဲ့ မခင်ဘုန်းဆက် အားရင် ညကျ ကျွန်တော့်အိမ်ဘက် ခဏကူးလာပေးလို့ ရမလား..."

"ဘာကိစ္စရှိလို့လဲ ဟင်..."

"သိပ်အထူးတော့ မဟုတ်ပါဘူး... အမေ့အတွက် မွေးနေ့သေးသေးလေး လုပ်ပေးချင်လို့... မွေးနေ့မွေးရက်တွေလည်း တိုက်ဆိုင်နေတယ်... အမေ့ ကျန်းမာရေးလည်း ကောင်းစေချင်တာနဲ့..."

"ကိုမောင်မောင်ရယ်... မွေးနေ့လုပ်တာပဲဟာ မွေးနေ့သေးသေးလေးပဲ ဖြစ်ရတယ်လို့..."

ခင်ဘုန်းဆက် ရယ်တော့ သူ့အပြောသူ ဘယ်လိုပြန်ရှင်းရမှန်းမသိပုံမျိုးနှင့် ခပ်ပြုံးပြုံး မျက်နှာလွှဲလျက်...

"ဟို.., မွေးနေ့ဆိုပေမယ့် ဒီပြင်လူတွေလို သိပ်ခမ်းခမ်းနားနား မလုပ်နိုင်ဘူးလေ...

... ဘုန်းကြီးကျောင်းကို နေ့ဆွမ်းပို့ပြီး မေမေ့ကို တရားနာခိုင်းမယ်... အဲ... ညဘက် ကျွန်တော်ရုံးက မန်နေဂျာတွေနဲ့ ဆရာတို့မိသားစုရယ် မခင်ဘုန်းဆက်တို့ရယ် ဒါပဲ... ဖိတ်ပြီး နည်းနည်းပါးပါး ဧည့်ခံချင်တယ်... ဒါလောက်ပဲမို့..."





"ဘာဖြစ်လဲ... ဒါလည်း ကိုယ်တတ်နိုင်သလောက် လုပ်တာပဲ ဥစ္စာ..."

"မခင်ဘုန်းဆက်တို့ လာနိုင်မလား ဟင်..."

မေမေ့မွေးနေ့တုန်းက သူ မလာတာကို ပြောမိတော့မည်ဆဲဆဲ ခင်ဘုန်းဆက် ပါးစပ် ပြန်ပိတ်ထားလိုက်သည်။

"လာပါ့မယ်... ဘယ်အချိန်လောက်လဲ..."

"ညစာမစားခင် ဘယ်အချိန် ဖြစ်ဖြစ် လာလို့ရပါတယ်..."

"အိုခေ... သွားမယ်နော်..."

မောင် ခေါင်းညိတ်ပြ၍ ရပ်ကျန်ခဲ့သည်။

"မဆက် သူ့ကိုပါ ခေါ်ခဲ့ပါလား... ဘုရားမှာ ယကြာချေသွားတာပဲ... အကူအညီ ရတာပေါ့..."

ကိုတွေးက အကြံပေးသည်။

ရှုပ်တင်သွားတာ မဟုတ်၍ ခေါ်ခဲ့စေချင်တာမျိုး။

"သူက လမ်းကြုံခေါ်လို့ လိုက်လာတတ်တဲ့ လူမျိုးမဟုတ်ဘူး ကိုတွေးရဲ့...

.. ဒါကြောင့် သူ့ကို ခင်ဘုန်းလမ်းမှာ ဘယ်မှာတွေ့တွေ့ နောက်ပြင်း မခေါ်ဖြစ်တော့ဘူး... သူ့စိတ်က တစ်မျိုးရယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဖွဲ့တော့ တော်းပုံပုံနော်. . . မီးလောင်ထားတဲ့ တိုက်ကြီးမှာ မအေနဲ့ နေလာတာ အတော်ကြာပြီ. . . ပြင်ဖို့ဆင်ဖို့ထိ မဖန်တီးနိုင်သေးပေမယ့် ကြိုးတော့ ကြိုးစားတယ်. . ."

"ကိုထွေးက သူ့ကို အပြင်မှာ သိလို့လား. . ."

"သိတာပေါ့. . . ဟိုလကတောင် ကွန်ပျူတာ တစ်လုံးဝယ်နေ

တာ တွေ့တယ်. . . ဘာလုပ်ဖို့လဲ မေးတော့ ပန်းချီဆွဲတာတဲ့. . ."

"ဟင်. . . သူ ပန်းချီဆွဲသလား. . ."

"ဟုက်မှာပေါ့. . . သူက သိပ်ပျူပျူငှာငှာ မရှိလို့. . . ကျွန်တော်

ဘာမှ ထပ်မမေးခဲ့ဘူး. . ."

"ဟုတ်တယ်နော်. . . သူ့ပုံစံက ပတ်ဝန်းကျင်နဲ့ သိပ်မဆက်ဆံ

ချင်သလိုပဲ. . . ကိုယ်ကလွဲပြီး ဘယ်သူ့မှ အထင်မကြီးချင်တဲ့ပုံမျိုး"

ဟုတ်ပါ့မလားတော့ မသိ။

ခင်ဘုန်းဆက် တစ်ဖက်သားကို စေ့ဖန်နေမိပြီ။

တကယ်လည်း သူ့ကို ဒီတိုင်းပဲ ထင်ခဲ့သည်။

ဒီလောက်ထိ ခင်ဘုန်းတို့နဲ့ ခင်မင်ခဲ့တာတောင် မေမေ့ေ

သူ့မပါ အရေးတယူ ခေါ်ပြောဆက်ဆံခဲ့လို့ မဟုတ်ဘူးလား။

မေမေလည်း ဒီလိုလူကျမှ ဘာတွေ သဘောကျနေမှန်း မသိ

သစ္စာမွန်စာပေ



အတော်လေး လိုက်လိုက်လဲလဲလျော ခေါ်ပြောနေလို့. .

ခင်ဘုန်းလည်း သူ့ကို. . .

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းနေရင်း စိတ်တို့က လွင့်ချင်ရာ လွင့်နေသည်။

ခုတလော ကိုရဲရဲ့သတင်းတွေ တိုကကြား စီကကြား။

"တဲ့. . . သူက မရိုးမသား အဖွဲ့အစည်းတွေနဲ့ ရှုပ်နေတယ်တဲ့ နော်. . ."

"နင်က သူ့ဓွေးသား ထင်နေလား. . ."

"ခုလည်း နင့်လောက်နီးနီး ချမ်းသာတဲ့ ကောင်မလေး တစ်ယောက်နဲ့ ငြိနေတယ်လို့ ကြားတယ်ဟ. . ."

သူငယ်ချင်းတွေ ဝိုင်းပြောသမျှ နားထဲက မထွက်ဘဲ ရှိနေသည်။

ကိုရဲကို ချစ်မိတာက ရှုးရှူးမူးမူး မိုက်မိုက်မဲမဲကို ဖြစ်နေပြီ။

ကိုရဲ ဘာဖြစ်ဖြစ် သူ ခွင့်လွှတ်မိမှာပင်။



မမှားသင့်တာ မမှားရအောင် ခုနေ ကိုရဲကို သူမဖြုပြင် နားချ ယူလို့မရဘူးလား. . .

ဒါပေမယ့် နောက်တစ်ယောက်နဲ့ တွဲနေတဲ့ ကိုစွမျိုး တကယ်မှန်နေခဲ့လျှင် ခင်ဘုန်းမြတ် လုံးဝသည်းမခံနိုင်။

ဒီနေ့ဆို ကိုရဲနဲ့ မတွေ့ဖြစ်တာ လေးရက်ရှိပြီ။

သူရှိတတ်တဲ့ ဘယ်နေရာမဆို ရောက်ခဲ့ပေမယ့် ဘယ်မှာမရှိ။

ခုတစ်ခါ တွေ့ကြလျှင် ကိုရဲကို ဘယ်လိုပုံစံနှင့် တွေ့ရအုံးမှာ လဲ. . .

သူနဲ့ကိုရဲ တွေ့ကြတိုင်း ကိုရဲမှာ ပြဿနာ တစ်ခုမဟုတ် တစ်ခု အမြဲရှိနေတတ်သည်။

ချစ်သူမျက်နှာညိုတော့ မခံနိုင်သည့် သူက အတင်းမေး မေးတိုင်းလည်း မနေတတ်သည့်မို့ သူ့အခက်အခဲကို ခင်ဘုန်းမြတ် ဖြေရှင်း ပေးခဲ့သည်ချည်းပင်။

ဟိုနေ့က အဖြစ်များဆို ခင်ဘုန်းမြတ် အတော့်ကို စွန့်စားခဲ့ရ သည်။

အန်တီနဲ့ဆီ စိန်ထစ်ဆင်တာ ပိုဖြိုတွား. . .

လမ်းမှာ ကျောပိုးအိတ်တစ်လုံးနဲ့ ရပ်နေတဲ့ သူ့ကို တွေ့ရှိတား

www.burmeseclassic.com

ပေါ် ခေါ်တင်ခဲ့သည်။

"ဘယ်သွားမလို့လဲ ကိုရဲ... မျက်နှာလည်း မကောင်းပါလား"

"ကိုရဲ ခရီးထွက်မလို့..."

"ဟင်... ဘယ်ကိုလဲ... ဘာဖြစ်လို့လဲ..."

ခင်ဘုန်းမြတ် ပျာပျာသလဲ မေးမိသည်။

ကိုရဲကို သူမရဲ့ မျက်စိအောက်က အပျောက်မခံနိုင်ဘဲ ရဲ မျက်နှာက ညှိုးမှိုင်းနေသည်။

"ကိုရဲတို့ မိသားစု ဒုက္ခရောက်ပြီ မြတ်ရယ်... ဖေဖေ အလုပ်ထဲမှာ ငွေအလွဲသုံးစားလုပ်မှုနဲ့ တရားစွဲခံထားရတယ်..."

"ဟင်... ဘာအလုပ်လဲ... တကယ်လုပ်မိလို့လား..."

"မဟုတ်ပါဘူး မြတ်ရယ်... သူများ လုပ်ထားတာကို ချော တွန်းခံလိုက်ရတာပါ... သူတို့ဆင်ထားတဲ့ ထောင်ချောက်က နိုင်နေ လျှော်ချင်လျှော် မလျှော်နိုင်ရင် ထောင်ချမှာပဲ... မေမေလည်း အိပ် ထဲ လဲနေပြီ..."

"ဖြစ်ရလေ ကိုရဲရယ်..."

"အခု... ခြံနဲ့တိုက်ကို ဖြစ်သလို ထိုးရောင်းပြီ အဲဒီငွေကို လျော် ဖို့ စီစဉ်နေကြတယ်..."





"ဒါဆို ကိုရဲ ဘယ်သွားမှာလဲ..."

"ကိုရဲ သားတစ်ယောက်ဖြစ်ပြီး အစွမ်းအစ မရှိဘူး ဖြစ်နေတာ ရှက်ဖို့ ကောင်းတယ် မြတ်ရယ်... ဒါကြောင့် အဲဒီငွေ ကိုယ်ရှာပေးချင်တယ်..."

"ငွေက ဘယ်လောက်မို့လို့လဲ ဟင်..."

"သိန်းနှစ်ရာ့ရှစ်ဆယ်..."

"မြတ်စွာဘုရား..."

ကားလေးက လမ်းဘေးမှာ တံ့ခနဲ ထိုးရပ်သွားသည်။

"ဒီလောက်ငွေတွေကို ကိုရဲက ဘယ်မှာသွားရှာမှာလဲ... ဘယ်တော့ ပြန်ဆပ်ရမှာတဲ့လဲ..."

"လကုန်ပြီ နှစ်ရက်နေ့ ပေးရမှာ..."

"အို... ရှစ်ရက်ပဲ လိုတော့တာကို..."

"ဘယ်တတ်နိုင်မလဲ မြတ်ရယ်... ကိုယ်ယောက်ျားပဲ... ဖြစ်အောင်လုပ်ရင် ဖြစ်ပါတယ်..."

ဘာဖြစ်တာလဲ...

ဒီလောက်ငွေတွေကို သမ္မာအာဇီဝနည်းနဲ့ ဒီရက်ပိုင်းလေးမှာ ရအောင် ဘယ်လိုရှာမလဲ။


www.burmeseclassic.com

www.burmeseclassic.com

ခင်ဘုန်းမြတ် ရင်ထဲမှာ မီးတွေတောက်နေသလို ဖူးလောင်သွားမိသည်။

ကိုရဲကို အဝေးထွက်မသွားစေချင်တာ. . .

ဥပဒေမဲ့တဲ့ လှိုင်းနန်းတွေထဲ ဝင်မိ၍ အမှောင်လောကထဲမှာ နစ်မွန်းသွားမှာ. . .

အို. . . အဲဒီလို ခင်ဘုန်းမြတ် ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်။

သူမ လက်က ဖက်ရှိဘုတ်ပေါ်မှာ တင်ထားသည့် ရတနာဘူးဆီ ရောက်သွားသည်။

"ဒါ ယူသွား ကိုရဲ. . . အဲဒီထဲက ပစ္စည်းက သိန်းသုံးရာလောက်တန်တယ်. . . ကိုရဲ ထင်ရာလျှောက်သွားပြီး ဘာမှမလုပ်ရဘူး. . . ဒီပစ္စည်းနဲ့ ကိုရဲ ပြဿနာကို ရှင်းလိုက်. . ."

ရဲနီရဲ မျက်လုံးပြူးသွားသည်။

ကားပေါ်မှာ ဒီလောက်အဖိုးတန် ပစ္စည်းပါလာမှန်း သူ တကယ်သိမထားခဲ့ပါ။

မျက်နှာကို အပြတ်သရုပ်ဆောင်၍ ပြခဲ့တာက ငွေကို မြတ်နိုးသူက တစ်ရစ်ချင်း ချေယူဖို့ ဖြစ်သည်။

သူ့လက်ထဲကို ရတနာဘူး အတင်းထည့် ပေးနေသည့် ခင်ဘုန်း





မြတ် မျက်နှာလေးကို အံ့ဩလွန်းစွာ. . .

ပြီးတော့ သနားသွားမိတဲ့ မျက်ဝန်းတို့နှင့် ကြည့်လိုက်မိ၏။

တကယ့်ကို အချစ်ကို နူးမိုက်စွာ ကိုးကွယ်ရှာသူလေးပါ ဆိုသော အတွေးနှင့် စိတ်ထဲမှာပင် ကရုဏာ ဖြစ်ခဲ့မိသည်။

ခင်ဘုန်းမြတ် ရဲနီရဲရဲ့ မျက်နှာက အပြောင်းအလဲဘွေကို ဘာမှ သတိမထားမိပေ။

ချစ်သူ ပြဿနာကို ဖြေရှင်းပေးလိုက်နိုင်သော သူဌေးသမီးလေး အဖြစ် ဂုဏ်ယူဝံ့ကြွားသော မာန်ကလေးများ သူမမျက်နှာမှာ ရှိနေသည်။

ဘယ်နေရာ ဘယ်မှာတွေ့တွေ့ ရဲနီရဲ အတွက်ဆို ခင်ဘုန်းမြတ်က ဘာအတွက်မဆို လက်တွန့်ခဲ့ခြင်း မရှိပေ။

"ဒီမှာ ဒီကောင်တွေ ဝိုင်းညစ်နေတယ်ကွာ. . . အလကား အငတ်တွေ. . ."

"ဘာတဲ့လဲ ကိုရဲ. . ."

"မြရိပ်ညိုမှာ ဝမ်းတေးဘယ်လိုတဲ့ မြတ်ရယ်. . . ကိုရဲမှာ ဒီနေ့ အပိုပါမလာဘူး. . . သိပ်အရှက်ခွဲတဲ့ ကောင်တွေ. . ."

အဲဒီလိုလေး ပြောလိုက်သည်နှင့် ခင်ဘုန်းမြတ် လက်က ပိုက်ဆံ အိတ်ဆီ ရောက်ပြီသား. . .



www.burmeseclassic.com

www.burmeseclassic.com



"ပလာဇာလေ့ခါးမှာ ဘာရပ်လုပ်နေတာလဲ ကိုရဲ . . ."

အဲဒီလို အမှတ်တမဲ့ နေရာတွေမှာလည်း ကိုရဲကို အမှတ်တရ ပြဿနာလေးတွေနဲ့ တွေ့ရမြဲ။

"ကိုရဲ အဝတ်အစားဝယ်မလို့ မေမေ့ဆီက ငွေငါးသောင်း တောင်းလာတာ ခါးပိုက်နှိုက် သုတ်သွားပြီ ထင်တယ် . . . သွားပါပြီကွာ တော်သေးတာပေါ့ . . . လူတွေရှေ့ မရောက်ခင် သိလို့ . . ."

အဲဒီလို ဖြစ်ပြန်တော့လည်း ခင်ဘုန်းမြတ် မနေတတ်စွာ သူ ကြိုက်တာတွေ လက်ညှိုးထိုးခိုင်းပြီး စိတ်ကြိုက်ဝယ်စေခဲ့သူ။

ဒါပေမယ့် ဘယ်လိုအနေအထားမှာ ဖြစ်ဖြစ် ကိုရဲအပေါ် ခင် ဘုန်းမြတ် သံသယ အနည်းငယ်မျှ မဝင်ခဲ့ပေ။

"မြတ်ရယ် . . . သူ့မှာလည်း မြင်လိုက်ရရင် သောကတွေချည် ပါလား . . . နင့်လူ သိပ်မဟုတ်ချော့ဘူး ထင်တယ် . . ."

"ငါလည်း သတင်းသဲ့သဲ့ ကြားမိတယ် . . . သူ့မှာ ဘာမိဘ တ တိုက်တာခြံမြေမှ မရှိဘူးတဲ့ . . . သူ့ဦးလေးဆီမှာ နေတာတဲ့ . . . ဦးလေး ကတော့ ချမ်းသာတယ် ပြောတာပဲ . . ."

"နောက်တစ်ခါ သူမှာဘာ အခက်အခဲ ဖြစ်ဖြစ် . . . နင် မကူ တော့ . . . ငါတို့တော့ သိပ်မကြိုက်တော့ဘူး . . ."





သိန်းသုံးရာတန် ပစ္စည်းတွေကို ခင်ဘုန်းမြတ် မိနစ်ပိုင်းအတွင်း မှာ တစ်ထိုင်တည်း ဆုံးဖြတ်ပြီး ထိုးပေးပစ်ခဲ့တာ သူတို့တွေ သိကြရင် ဘယ်လိုနေကြမလဲ . . .

ခုချိန်ထိ ဒီကိစ္စကို ခင်ဘုန်းမြတ် ဘယ်သူ့ကိုမှ မပြောရဲ။

အဲဒီလို ကိုရဲအတွက် အမြဲအသင့် ရှိနေခဲ့တဲ့ မြတ်အပေါ် ဘာ ဖြစ်လို့ ကိုရဲ အလိုက်မသိခဲ့တာလဲ . . .

မြတ်ဖြစ်စေချင်တာက မြတ်ရဲ့နားမှာ ကိုရဲ အမြဲရှိနေဖို့ပါ။

တွေ့လိုက်ကြတဲ့အခါ ကိုရဲရဲ့ အထိအတွေ့ ကြင်နာမှုတွေ စွဲငြိ အောင် ပြောတတ်တဲ့ စကား။

တိမ်းမူးအောင် ယုယတတ်တဲ့ ရင်ခွင် . . .

ညှိုးပုတ်နေတဲ့ ပြဿနာတစ်ခုကို မြတ် ဖြေရှင်းပေးလိုက်တိုင်း ဝင်းကြည်သွားတဲ့ ကိုရဲ မျက်နှာကို ငေးကြည့်လိုက်ရလျှင် မြတ် ဘာပဲလုပ် ပေးရပေးရ။

ဒါကို သိရက်နဲ့ ကိုရဲရယ် . . .

တစ်လမ်းဝင် တစ်လမ်းထွက် ကားလျှောက်မောင်းရင်း လိုက်ရှာ နေပေမယ့် ဘယ်မှာမှ မတွေ့။

ခင်ဘုန်းမြတ် အားမလျှော့နိုင်သေးဘဲ ရှေ့ဆက်နေမိဆဲ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်. . . ဟိုမှာ ကိုရဲ. . ."

ပုစွန်ဆီရောင် စပို့ရှပ်ပွပွ ဘောင်းဘီနက်ပြာနှင့် ကိုရဲပုံစံက ဘယ်နေရာက ကြည့်ကြည့် ထင်းနေအောင် ချောနေမြဲ။

"ကိုရဲ. . ."

"ဟာင်. . . မြတ်. . ."

တစ်ယောက်တည်း ကားမှတ်တိုင်မှာ ရပ်နေသည်။

ရဲနီရဲက ချက်ချင်း ကားပေါ် တက်လိုက်သည်။

"အတော်ပဲ. . . ကိုရဲ နေမဲ့ မြတ်ဆီ လာမလို့. . ."

"တော်ပါ ကိုရဲရယ်. . . မြတ် ကျေနပ်အောင် လိမ့်ပါအုံး. . ."

"ဘယ်လို ပြောတာလဲ မြတ်. . ."

ရဲနီရဲ မျက်နှာမှာ ယူကျုံးမရတဲ့ အမူအယာတွေကြောင့် တည် တည်မဲ့မဲ့ကြီး ဖြစ်သွား၏။

"ကိုရဲတို့မှာ စီးပွားရေး အခြေမဲ့သလို ဖြစ်သွားတော့ ပတ်ဝန်းကျင်က အထင်မြင်သေးပြီ. . . ကိုရဲ ရှုန်းကန်နေရတာ ဘယ်သူမှ မသိချင်လို့ တစ်ယောက်တည်း ကြိတ်မြေရှင်းနေတာပါ မြတ်ရယ်. . . ဒါကို မြတ်ကတောင် အထင်လွဲနေတယ်ပေါ့. . ."

"ဟို. . . အထင်လွဲတယ်တော့ မဟုတ်ပါဘူး. . . ဒါပေမယ့်





မြတ် မြတ် ကိုရဲကို အပျောက်မခံနိုင်အောင် ချစ်တာ. . . ကိုရဲ သီသားနဲ့ လေးရက်တောင် မြတ်ဆီ မလာတော့ မြတ် လွမ်းရတာ. . . အလူးအလိမ့်ပဲ သိလား. . ."

ရဲနီရဲ သက်ပြင်း ခိုးချမိသည်။

တကယ်တော့ မြတ်ကို စတင်ရှောင်ရှားနေတာပါ။

သိန်းသုံးရာဆိုသော ငွေနောက်ကို တစ်ယောက်ယောက် ခြေရာခံလာတာမျိုး သူ အဖြစ်မခံနိုင်။

ဒီလောက် တန်ကြေးကြီးတဲ့ ပစ္စည်း ပျောက်သွားတယ်ပြောရော သူကြီးက ယုံကြည်မယ်တဲ့လား. . .

ပြီးတော့ မြတ်နဲ့ ပတ်သက်၍ သူ ဒီလောက် ရနိုင်ခဲ့လျှင် တော်လောက်ပြီ ထင်သည်။

ကန်တော်ကြီး တစ်နေရာမှာ ကားလေးရပ်သွားတော့ မြတ်ရဲ့ ဘိုယ်လုံးလေးကို ရင်ခုန်ဖွယ် ကောင်းလောက်အောင် သူ ရွှရွှည်သာစွာ သွေးဖက်လိုက်သည်။

"ချစ်လိုက်တာ မြတ်ရယ်. . . ကိုရဲကို အထင်မလွဲပါနဲ့ကွာ. . . ကိုရဲလေ မြတ်ကို သိပ်ချစ်တယ်. . . ဒါပေမယ့် မြတ်နဲ့ ကိုရဲအခြေအနေက ပိုကွာသွားပြီ. . . မြတ်နဲ့နီးဖို့ဆိုတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို. . . အဲဒီ အခြေအနေ အဲဆင့်အတန်းတွေ ဆည့်မပြောပါ နဲ့. . . ကိုရဲ့သာ ခေါ်မယ်ဆို ခုခေါ်မလား. . . မြတ်လိုက်ရဲ့တယ်. . ."

"ကိုယ်တန်ဖိုးထားတဲ့ ချစ်သူကို ကိုရဲ့ဒီလိုမျိုး ဟင်းရွက်ကန်စွန်းလို သဘောထားပြီး မယူရက်ပါဘူး မြတ်ရယ်. . . ကိုရဲ့တို့ လက်ထပ်ဖို့ ကိုရဲ ကြိုးစားနေပါတယ်. . ."

စကားလုံးလှလှလေး သုံး၍ ရဲနီရဲက လိမ္မာစွာ ရှောင်ထွက်လိုက်သည်။

ဒီစည်းကမ်းကိုတော့ သူ တကယ်စောင့်စည်းခဲ့သည်။

မိန်းကလေးများစွာနဲ့ ပတ်သက်ခဲ့ဖူးပေမယ့် သူ လွန်ကျူးအောင် မစော်ကားခဲ့ပေ။

ဒီထိလည်း စိတ်မဝင်စား. . .

သူလိုချင်တာက ငွေ. . .

လောကမှာ အလှအပလေးတွေ ကြားမှာ ပျော်၍ မပင်ပန်းရဘဲ ငွေကို သုံးဖြုန်းနိုင်ဖို့. . .

ဒီ့ပြင် ရှုပ်ထွေးလာနိုင်တဲ့ ပြဿနာ အစိုင်အခဲတွေကို သူ မမွေးနှောက်ချင်။

ခင်ဘုန်းမြတ် မျက်နှာနုနုလေးကို မော့စေ၍ အတန်ကြာ ငုံ့





စိုက်စိုက် ကြည့်ကာ မျက်နှာကို တဖြည်းဖြည်း ငုံ့ချကာ ရှည်ကြာသော အနမ်းတွေ ပေးလိုက်သည်။

ဒါတွေဟာ တိမ်းမူးစေတဲ့ အချစ်ရဲ့ သင်္ကေတတွေပဲ မဟုတ်ပါလား. . .

"နောက်ကို ကိုရဲ့လာမှာပေါ့ မြတ်ရယ်. . . ခုလို ထင်ရာကား လျှောက်မောင်းပြီး လိုက်မရှာနဲ့နော်. . . ကိုရဲ စိတ်မချဘူးကွာ. . ."

ကိုယ်လုံးလေးကို တင်းကျပ်စွာ ထွေးဖက်၍ သူဆိုတော့ မြတ်က ခေါင်းညိတ်သည်။

သူ့ရှေ့မှာဆို မြတ်ရင်ထဲမှာ ဘာအစိုင်အခဲမှ မရှိ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

သူ့လက်မောင်းကို လှမ်းကိုင်တာလည်း မြင်သည်။

ခြံဝကို ထွက်အလာမှာ လက်သီးဆုပ်ကလေးနဲ့ ထုလိုက်တာလည်း တွေ့၏။

နောက်ဖက်က လျှောက်ထွက်လာကြတဲ့ လူကြီးတွေကတော့ သူတို့ကို မထူးဆန်းတော့သည့် သဘောနှင့် ခြံနဲ့တိုက်ကြီးကို လှည့်ပတ်အကဲခတ်ကြရင်း သူတို့ဟာသူတို့ စကားပြော ထွက်လာကြသည်။

သူ့ဆရာ မိသားစုဆိုတာ ထင်ပါရဲ့. . .

ဒီအမျိုးသမီးနဲ့ သူ ဘယ်လောက်ထိ ရင်းနှီးနေပါလိမ့်. . .

စိတ်ထဲမှာ ဒါကိုပဲ ဆက်တွေး၍ သိချင်လာသည်။

"သမီး ဘာကြည့်နေတာလဲ. . . မသွားသေးဘူးလား. . ."



နောက်ကနေ လာရပ်၍ ဒေါ်တမာနီက ပြောသည်။

"ဪ. . . ဟုတ် သွားမယ် မေမေ. . . ဟိုမှာ ဧည့်သည်တွေ တွေ့လို့. . ."

ကိုယ့်မှာ ရုပ်ရှင်မင်းသမီးမို့ ဟိုနားမသွားရ ဒီနားမသွားရ။

ခြံဝမှာ သူရှိနေမှာပဲ ခုနေသွားရကောင်းမလား. . .

ခဏတုန်း စဉ်းစားနေဆဲ. . .

တံခါးဝက လူခေါ်ဘဲလ်သံ မြည်လာ၏။

"ဟော. . . ဟိုမှာ မောင် လာခေါ်နေပြီ. . ."

သားအမိနှစ်ယောက် အတူ ထွက်လာခဲ့ကြသည်။

"အန်တီတို့ကို ကျွန်တော် လာခေါ်တာပါ. . ."

"အေးကွယ်. . . အန်တီက ဥပုသ်နဲ့ အစိဋ္ဌာန်ဝင်နေတော့ သစ စားဘူး. . . မင်း ညီမ လာလိမ့်မယ်. . ."

"ဟာ. . . ဟုတ်လား အဲလိုမှန်း သိရင် စောစောက အဖေါ်တွေ ဒုံးကတည်းက ကျွန်တော် လာခေါ်ပါတယ်. . . ကျွန်တော်က အန်တီ နှစ်ယောက် လာမယ်မှတ်တာ. . ."

အားတုံ့အားနာနှင့် ရှိုးသားစွာ ဆိုခြင်းကို ဒေါ်တမာချို ကျေနပ်စွာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . .ကဲ. . . သွားကြ. . ."

မောင်နှင့်သူ ပခုံးချင်းယှဉ် လျှောက်လာကြတော့ ခင်ဘုန်း ရင်ထဲမှာ လှုပ်လှုပ်ရှားရှားလေး ဖြစ်နေမိတာ ကိုယ့်ကိုယ်ကို အံ့ဩနေမိသည်

ကိုယ်က ရုပ်ရှင်မင်းသမီးမို့ ယောကျ်ားတို့နဲ့ ထိတွေ့ခြင်းမှာ အစိမ်းသက်သက် မဟုတ်ပါ။

အခု ယှဉ်တွဲလျှောက်ရတာတောင် ရင်ထဲမှာ ကျေနပ်သလိုလို လှုပ်ရှားနေတာ. . .

"မခင်ဘုန်းထက်. . ."

"ခင်ဘုန်းလို့ပဲ ခေါ်လို့ရပါတယ်. . ."

မောင်က လှမ်းနေသည့် ခြေလှမ်းကို ရပ်ပစ်၍ ခင်ဘုန်းကို ငဲ့ကြည့်သည်။

"ကျွန်တော် အဲဒီလို မခေါ်မိအောင် တမင်ကြိုးစားနေတာ. . .

"ရှင်. . ."

မောင်က လေးပင့်သော ခြေလှမ်းကို ဆက်လှမ်းသည်။

"ကျွန်တော် မခင်ဘုန်းဆက်နဲ့ မရင်းနှီးချင်ဘူး. . . ဒါပေမယ့် ခေါ်ချင်ပြောချင် နေပြန်တယ်. . .

. . . ပြီးတော့ စိတ်ကို တခြားနှင်ထားချင်ပေမယ့် ကျွန်တော့်ရဲ့





ခြေဦးတွေက အဲဒီကိုပဲ လှည့်လှည့်နေတယ်. . .

. . အဲ ဒါ ဘာဖြစ်တာလဲ. . မခင်ဘုန်းဆက် သိလားဟင်. . ."

"ဟင့်အင်း. . ."

ခင်ဘုန်း သူ့စကားဦးကို ပြောင်းလှည့်ဖို့ ကြိုးစား၏။

မောင်က သက်ပြင်းချကာ. . .

"မသိတာပဲ ကောင်းပါတယ်. . . အားလုံးဟာ ကိုယ့်လမ်းကြောင်းပေါ်မှာ ကိုယ်ရှိနေသင့်တယ်. . ."

ဒဿနဆန်သော စကားတွေ ပြောနေပြန်သည်။

မီးညှိန့်သင့်ခံထားရပေမယ့် အကောင်းတိုင်း ရှိနေသေးသည့် တိုက်ခြမ်းဘက်မှာ အပြင်က အမြင်ဆိုးသလောက် အထဲဝင်လိုက်တော့ သူနေရာနှင့်သူ အိမ်ထောင်ပရိဘောဂပစ္စည်းတို့ ရှိနေလျှက် အတော်လေး ကြည့်ပျော်ရှုပျော် ရှိသည်။

ညှို့ခန်းသပ်သပ် ထားတာမျိုး မရှိဘဲ ဘဲဥပုံ စားပွဲဝိုင်းကြီးနှင့် ဆက်တီကုလားထိုင် ခုနှစ်လုံးခန့် တင်ထားတာ တွေ့ရသည်။

ဘေးမှာ အတော်မြင့်သော နံရံကပ် ဘီရိုကြီးနှင့် ပြောင်လက်တောက်ပနေသော အိုးခွက်ပုံစံတို့က မိန်းကလေး ရှိနေတဲ့ အိမ်အတိုင်း။

"ဘယ်သူမှ လာမယ့်သူ မရှိတော့ဘူးလား ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှာမှ မှဖိတ်တာ. . . ထိုင် ခင်ဘုန်း အဲ. . . မခင်ဘုန်းဆက် ဘာမှမစားခဲ့သေးဘူးမို့လား. . ."

"မစားခဲ့ဘူး. . . ကိုမောင်မောင် ဘာကျွေးမွေးမှာလဲ ဟင်. . ."

"အားလုံးကိုတော့ ဒန်ပေါက်နဲ့ ရေခဲမုန့်ကျွေးတယ်. . . ကြက်သားမလာတာလည်း ရှိတယ်. . . တုလားတွေ ချက်သလို ပဲဟင်းနဲ့လေ စောစောက ချစ်ချစ်တာတော့ ကြက်သားမလာတာကို ကြိုက်ပြီး ဘယ်သူချက်ပေးတာလဲ. . . မေးနေသေးတယ်. . ."

"ဟင်. . . ချစ်ချစ်ဆိုတာ ဘယ်သူလဲ. . ."

"အရင်တုန်းက ကိုယ့် အဲ. . . ကျွန်တော့်ဆရာရဲ့ သမီးလေး. . သူတို့ ခုနကပဲ ပြန်သွားကြတယ်. . ."

ခင်ဘုန်းအပေါ် သူ့စိတ်ထဲက ရင်းနှီးပြီသားဆိုတာ မောင် ဘယ်လိုထိန်းနေပေမယ့် ခင်ဘုန်းက သိနေပြီ။

"မခင်ဘုန်းဆက်ကတော့ အနုပညာသမား မဟုတ်လား. . . အနုပညာသမားတွေက အစားအသောက် အတော်ထိန်းကြတယ်လို့. . . ကြားဖူးနားဝရှိတာနဲ့ အဆီအဆိမ့်တွေဆို မခင်ဘုန်းဆက် မစားရဲမှာစိုးလို့ ကြာဇံချက်နဲ့ ရှောက်သီးသုပ် လုပ်ထားတယ်. . . အစပ်ပေါ့ပေါ့ ချဉ်ချဉ်လေးပေါ့. . ."





"အို. . . ဒီလောက် စားစရာတွေ. . . ကိုမောင်မောင် တစ်ယောက်ထဲ စီစဉ်တာ. . ."

မောင်က မီးဖိုပေါ်မှာ နွေးထားသည့် ကြာဇံချက်ကို ကြွေပန်းကန်လုံးကြီးထဲ ခပ်ထည့်နေရင်း ပြုံးသည်။

"လူဆယ်ယောက်စာလောက် ချက်တာ ဘာအပန်းကြီးတာ မှတ်လို့ မခင်ဘုန်းဆက်ရဲ့. . . ဒန်ပေါက်က ဝယ်လိုက်တာလေ. . . ပဲဟင်းနဲ့ ပလာတာတော့ ကိုယ့်ဟာကိုယ် လုပ်ရတာပေါ့. . .

. . . မုစီနံ့ ခရမ်းချဉ်သီး ငရုတ်သီးဆိုတာ ဈေးမှာ ပြေးဝယ်ရင် အသွားအပြန် နာရီဝက်တောင် မကြာဘူး. . . ကားစီးရင် ခုနစ်မိနစ်နဲ့ ရောက်တယ်. . ."

"ကြာဇံချက်နဲ့ ရှောက်သီးသုပ်ကရော. . ."

"အဲဒါက တစ်ယောက်စာတည်း စပါယ်ရှယ် ချက်တာဆိုတော့ ပိုလွယ်ပါတယ်. . . ရှောက်သီးသုပ်က ကိုယ်ပိုင်တယ်လေ. . ."

"အဲဒီ တစ်ယောက်စာကို တခြားရင်းနှီးတဲ့ တစ်ယောက်ယောက်က စားမယ်ဆိုရင် ခင်ဘုန်းက နောက်ကျတော့ ငတ်သွားမှာပဲနော်. . ."

"ဘာလို့ငတ်ရမှာလဲ. . . ကိုယ်က ဟို. . ."

"ပြောတတ်သလိုပဲ လွှတ်လွှတ်လပ်လပ် ပြောပါ. . . ကိုမောင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ်. . . ခင်ဘုန်း စိတ်မဆိုးပါဘူး. . ."

သူက မလုံမလဲ ပြုံးလျက်. . .

"ဘယ်သူ့မှ မမြင်အောင် သိမ်းထားတာပဲ. . . မမြင်တော့ ဘယ်သူက တောင်းမှာလဲ. . ."

ခင်ဘုန်း မျက်နှာလေးက ရှက်ရိပ်ဝဲဝဲလေးနှင့် ချစ်ဖို့ကောင်းနေ ပုံကို ငေးခနဲ ကြည့်ကာ မောင် မျက်နှာလွှဲလိုက်သည်။

ထည့်ပေးသည့် ပန်းကန်ပြားလေးထဲက ကြာဇံချက်ကိုတော် ခင်ဘုန်း မကုန်နိုင်။

"ဟင်. . . တော်ပြီလား. . . မခင်ဘုန်းဆက် ကျွန်တော်က မသောက်နိုင်မှာစိုးလို့. . . မြန်မြန်အေးအောင် ပန်းကန်ပြားနဲ့ ထည့်ပေး တာ. . ."

"တော်ပြီလေ. . . ရှောက်သီးသုတ်ကလည်း စားအောင်လို့ အတော်စား ပစ်လိုက်တော့. . ."

"ဟောဗျာ ဒါဖြင့် ကျွန်တော်က နောက်ကျန်ခဲ့ပြီဆိုတော့ အလို လို အစားကြီးတဲ့ကောင် ဖြစ်သွားပြီပေါ့. . ."

နှစ်ယောက်သား ရင်းနှီးစွာ ရယ်မိကြသည်။

"ရှင် ပန်းချီဆွဲတယ်ဆို. . ."





"ဟုတ်တယ်. . . အဲဒီကတော့ ရိုးရိုးပါပဲ. . . ခုတော့ ဗေဒါ ကြော့ပြာ မျက်နှာဖုံး အားလုံးပါ နာမည်လေးရလာတာနဲ့. . . ကွန်ပျူတာ ဝယ်ထားလိုက်တယ်. . .

. . မခင်ဘုန်းဆက် စိတ်ဝင်စားရင် ကျွန်တော့် စတူဒီယိုခန်းထဲ လိုက်ကြည့်ပါလား. . ."

ခင်ဘုန်းက အနည်းငယ်တွေနေပြီးမှ ခေါင်းညိတ်လိုက်သည်။

"သူ့အမေလည်း မတွေ့ပါလား. . ."

"အမေ အိပ်နေပါပြီ. . . မခင်ဘုန်းဆက်က ကြောက်လို့လား"

"ရှင်ရှိနေတာပဲ. . . ခင်ဘုန်း မကြောက်ပါဘူး. . ."

"အမေက ဒီလောက်မဆိုပါဘူးဗျာ. . . တစ်ခါတလေ သူ့စိတ် သူ မနိုင်တာနဲ့ အကြောင်းတိုက်ဆိုင်သွားရင်သာ ဖြစ်တတ်တာပါ. . ."

ပြောရင်း\ သူ့ရဲ့စတူဒီယိုခန်းထဲ ဝင်ခဲ့ကြသည်။

ပြာလွဲ့လွဲ့ မီးရောင်လေးအောက်မှာ ပန်းချီကားတွေ ပစ္စည်းတွေ နှင့် ခင်ဘုန်း ကြောက်စိတ်ဝင်လာသည်။

"မီးရှိပါတယ် မခင်ဘုန်းဆက်ရဲ့. . . ရဲရဲလာပါ. . ."

ဖောက်ခနဲ မီးလင်းသွားတော့ တစ်ခန်းလုံး ဝင်းထိန်သွားသည်။

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ ဘွားခနဲ ပေါ်လာသည်က ဆံပင်ရှည်တွေ တွဲခနဲ့ ကျလျက် ယောက်ျားတစ်ဦး ပွေ့ချီထားသည့် လက်ပေါ်မှာ သတိလစ် မေ့မျောနေသည့် သူမရယ်. . .

သူမကို ပွေ့ထားသူက. . .

"ဟို. . .ဟိုပုံက. . ."

မောင်က ခန့်ညားစွာ ပြုံးလိုက်သည်။

"အဲဒါဟာ ကိုယ့်ရဲ့ရှုးသွပ်ခြင်း တစ်ခုလို့ပဲ မှတ်လိုက်ပါ. . ."

သူ့အသုံးအနှုန်းတွေ ပြောင်းသွားသည်။

စကားရဲ့ အဓိပ္ပာယ်က ဘာလိုလိုနှင့်. . .

"အဲ့ဒါ ခင်ဘုန်း ဒီခြံထဲ စတင်လာမိတဲ့နေ့ကလား ဟင်. . ."

မောင်က ခေါင်းညိတ်သည်။

"ဟုတ်တယ်. . . ဟိုဘက်က မျက်လုံးတွေ မှိတ်ပြီး ခပ်မော့မော့ လေး ပင့်ထားတဲ့ပုံက ဒီထဲက မင်းမျက်နှာကို နည်းနည်းပင့်တင်ပြီး မျက် နှာချည်း သက်သက်ဆွဲထားတာပေါ့. . . ဆံပင်တွေကတော့ မျက်နှာက နည်းနည်းမတ်နေတော့ လေတိုက်လို့ လွင့်နေသလို ဖြစ်သွားတယ်. . ."

ခင်ဘုန်းဆက် ရင်တွေတအားခုန်လာသည်။

ရှက်စိတ်နှင့် ကြောက်လည်း ကြောက်လာ၏။





ဟို. . .ပြုံး ပြုံးတော့မယ်. . .

ခင်ဘုန်း ချာခနဲ နောက်ပြန်လှည့်တော့ မောင်က ရှေ့ကပိတ် ရပ်လိုက်သည်။

"ခင်ဘုန်း. . . ကျွန်တော့်ကို စိတ်ဆိုးသွားတာလား ဟင်

ခင်ဘုန်း မျက်နှာလေး ငုံ့ခနဲ့၍ ခေါင်းခါပြမိသည်

"စိတ်မဆိုးဘူးဆိုရင် တစ်ခါတည်းပဲ ပြောပါရစေ. . . ကျွန်တော် ခင်ဘုန်းကို ချစ်တယ်. . ."

ခင်ဘုန်း မျက်နှာ လုံးဝမော့မလာတော့ပေ။

"ဒီနေ့ ဒီလိုအခြေအနေ မန်တီးပြီး ပြောမယ်လို့ လုံးဝမရည်ရွယ် ခဲ့ဘူးဆိုတာ ခင်ဘုန်း ယုံပါနော်. . . တစ်နေ့ပြောမယ်လို့လဲ သံဓိဋ္ဌာန်မချ ခဲ့ပါဘူး. . .

. . . ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်ဘဝကို ကျွန်တော် ရှေ့ဆက် အများကြီး ကြိုးစားရအုံးမှာမို့ပါ. . ."

မောင်က ခင်ဘုန်းရှေ့က ဖယ်ပေးကာ အမြွက်ကို ဦးဆောင်၍ ထွက်လာသည်။

"မပြောတဲ့စကားကို ခင်ဘုန်း. . . မကျေနပ်ရင် မေ့ပစ်လိုက်ပါ စဉ်းစားပေးဖို့ထိ အသိအမှတ်ပြုမယ် ဆိုရင်တော့ ဘယ်တော့မှ မမေ့ရ



www.burmeseclassic.com

www.burmeseclassic.com

အောင် စွဲစွဲလမ်းလမ်း ချစ်နေမိတဲ့ ကျွန်တော့်ဘက်က အမြဲမျှော်လင့်နေဆဲဆိုတာ ကြို့ပြောထားပါရစေ. . .”

ဪ. . . သူ ရည်းစားစကား ပြောတာကလဲကွယ်. . .

♥ ♥ ♥

“မောင်တွေးကလည်း လောလောဆယ် နေမကောင်း ဖြစ်နေတာနဲ့ သားရယ်. . . မင်းအားရင် အန်တီ့ကို ညှိခံပွဲ လိုက်ပို့ပေးပါလားကွယ်. . .”

“ဪ. . . ရပါတယ် အန်တီ. . . ကျွန်တော် အားပါတယ်”

ခင်ဘုန်းက သူတို့ ထွက်လာတော့ အိမ်မှာ ရှိမနေပါ။

ညှိခံပွဲဆိုတာကို ရောက်တော့ လူတွေ အတော်စည်းကားတာတွေ့၏။

“မလာလို့ မရတဲ့လူတွေမို့သာ လာရတာ. . .ဒီလို မွေးနေ့ပွဲမျိုး အန်တီတယ်လဲ မလာချင်ပါဘူးကွယ်. . .”

ကားရပ်တော့ ဒေါ်တာမာချိုက ညည်းသည်၊

www.burmeseclassic.com

www.burmeseclassic.com

"မင်း မဆင်းတော့ဘူးလား . . တစ်ခါတည်း လိုက်ခဲ့ပါလား . .

"မဆင်းတော့ဘူး အန်တီ . . အေးအေးဆေးဆေးသာ နေပါ . . ကျွန်တော် ဒီကပဲ စောင့်ပါ့မယ် . . ."

ဆက်မခေါ်တော့ဘဲ ဒေါ်တာမာချို ဧည့်ခံပွဲရှိရာ လျှောက်လာခဲ့သည်။

"ဟော . . ပြောရင်းဆိုရင်း လာပြီ . . ."

"အန်တီလာပြီ . . ."

မွေးနေ့ရှင်ရော သူမကပါ ထွက်ကြိုကြသည်။

"မာမီရေ . . အန်တီ့ကို ဧည့်ခံထားနော် . . . စန္ဒီလေး ဟိုမှာ သွားကမလို့ . . ."

"သွားပါ . . . ဟိုမှာ ဧည့်သည်တွေလည်း လာနေပြီ . . . သွားပါ အသီရယ် . . ကိုယ်က လူစိမ်းမှ မဟုတ်တာ . . ."

မွေးနေ့လက်ဆောင် ထုပ်ကိုင်၍ ဒေါ်သီသန့်က အားနာဟန် နှင့်ရယ်သည်။

"အဟင်း . . . ခဏလေးနော် ချို . . . ပြီးရင်လာခဲ့မယ် . . ."

"ရတယ်ဆို . . ."

ချက်ချင်း ရောက်လာသည့် စားစရာတွေကို မယူကာ လူစည်





သော ဝိုင်းတွေနှင့် ဝေးရာ အစပ်ထောင့် စားပွဲကို ဒေါ်တာမာချို ရွေးထိုင်သည်။

သူနှင့်တပ်လျက် ခြံထောင့်မှာ ပြာလဲ့လဲ့ မီးမှိန်မှိန်လေး ထွန်းထားသည့် ဒူးဆစ်လောက် သစ်ပုတ်ပင် အစုလေးတွေ ကြားထဲမှာ အတွဲလိုက်ကနေကြတာ တွေ့ရ၏။

ကြည့်စမ်း . . .

ပြောတော့ မွေးနေ့တဲ့ . . .

လူငယ်တွေတင်မက လူကြီးတွေပါ ကနေကြသည်။

ငြိမ့်ငြိမ့်လေး လုပ်ခတ်ရုံ တီးပေးနေသည့် တေးသွားက တစ်စုံတရာသော တွန်းအားကို ပေးနေသည်သို့ ရှိ၏။

"ဟင် . . ."

ထူးရှသော ဒေါ်တာမာချို မျက်လုံးထဲမှာ စုံတွဲတစ်တွဲက ဝင်လာ၏။

လက်ချင်းဆက် ခါးချင်းဖက်လို့ . . .

ပေါင်ချင်းထိလိုက် ရင်ချင်းထိလိုက် . . .

ပြီးတော့ မီးရောင်မှိန်သထက် မှိန်တဲ့ဆီ . . .

"တောက် . . ."



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှ မီးဝင်းဝင်း တောက်သွားသည်။

ခြေလှမ်းတွေက အဲဒီ စက်ဝိုင်းထဲ ဘယ်လိုက ဘယ်လိုဝင်သွားမိမှန်း မသိ။

သမီးဆိုသည့် ဖောအဟုန်ကြောင့် လူမှုရေးတွေ စောင့်ထိန်းခြင်းတွေကို သတိမရတော့. . .

"သမီး. . ."

အံကြိတ်သံနှင့် ကြိတ်ခေါ်၍ လက်တွဲတောင်ဆစ်မှ ဆွဲကိုင်ကာ ဆတ်ခနဲ ဆွဲယူလိုက်၏။

"ဟင်. . . မာမီ. . ."

ခင်ဘုန်းမြတ်နှင့် ကနေတဲ့ ခပ်ချောချောလေး မျက်နှာတင်းသွားကာ ဖေါ်တာမာချိုကို ဘုကြည့်ကြည့်၏။

"သမီးတို့ ကနေတာကို ဘာလုပ်တာလဲ မာမီ. . ."

"မကရဘူး. . . ဒီလို ကတာမျိုး မာမီ လုံးဝခွင့်မပြုနိုင်ဘူး. . ."

ဒေါ်တာမာချို ဆွဲခေါ်သွားရာသို့ ခင်ဘုန်းမြတ် ရုန်းရင်းဆန်ခတ်လေးပါလာသည်။

သူတို့ကို လူတစ်ချို့ လိုက်ကြည့်နေကြပေမယ့် ရုပ်ပျက်ဆင်ပျက်တော့ ဖြစ်မသွားပါ။





"လွှတ်. . . လွှတ် မာမီ သိပ်ရိုင်းတယ်. . . မာမီ လုံးဝ မတရားဘူး. . ."

"ဘာ. . ."

လူမရှိတဲ့ မှောင်ရိပ် အကွယ်ကျတော့ ခင်ဘုန်းမြတ်က အတင်းဆောင့်ရုန်းကာ ကက်ကက်လန် ရန်တွေ့သည်။

"မြတ်က ရည်းစားနဲ့ ချိန်းတွေ့နေသလိုမျိုး လာဆွဲခေါ်တာ. . . မာမီ သက်သက်ပါဝါပြတာ. . . မြတ်ရဲ့ အရှက်ကို ခွဲတာ. . ."

"အရွယ်ရောက်လို့ ရည်းစားထားတာကို မေမေ ဘာမှမပြောဘူး. . . ခုဟာက မြန်မာမိန်းကလေး ဖြစ်ပြီး အနောက်တိုင်း ယဉ်ကျေးမှုထဲမှာ ကိုယ့်ကိုယ်ကို ဘာဖြစ်နေလို့ နေမှန်းမသိ. . . ပျောက်ကွယ်လုလု မီးရောင်မှိန်မှိန်နဲ့ စိတ်ကြွဆေးသွားနဲ့ ကပ်နေထပ်နေတာ. . . အဲဒါကမှ အကယ် ရှက်စရာ. . . ဒါကို ရှက်ရမှန်း မသိဘူးလား. . ."

"မြတ် တစ်ယောက်တည်းမှ မဟုတ်တာ. . . ကနေကြတာ အားလုံးအတူတူပဲ. . ."

"အားလုံးကို ပြောရအောင် မေမေနဲ့ ဘာမှမဆိုင်ဘူး. . . မင်းက မွေးထားတဲ့ သမီး. . . ငါ့သမီးက ဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ရဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ၊ ဒါမျိုးကျတော့ ငါ့သမီးတဲ့လား. . ."

ခင်ဘုန်းမြတ်က နာကျည်းစွာ ရယ်သံပြုသည်။

"တစ်သက်လုံး မဆိုင်သလို ပစ်ထားခဲ့ပြီး ခုကျမှ သမီးတော် လိုက်ပြန်ပြီလား. . . ဒီမှာ မာမီ. . . မြတ်ဘဝမှာ မိခင်မေတ္တာ မရခဲ့သလို မိခင်ရဲ့ ဆုံးမပဲ့ပြင်မှုလည်း မရှိခဲ့ပါဘူး. . . ဒီလို မိန်းကလေးမျိုးကို တာ ဖြစ်ဖြစ်ဆိုပြီး မာမီ ကိုယ်တိုင်လည်း ပစ်ထားခဲ့တာပဲမို့လား. . . ပြီးတော့ ရှိုင်းစိုင်းခဲ့ သားသမီးမျိုး မွေးထုတ်ခဲ့မိတဲ့ နောင်တမျိုး မာမီမရချင်ဘူး ဆို. . ."

ခင်ဘုန်းမြတ်က တစ်လုံးချင်း ချေပနေသည်။

"အဲဒီကတည်းက မြတ်ကလည်း သမီးမိုက်အတွက် မာမီ နောင် တမရရအောင် မြတ်မှာ ဒက်ဒီ တစ်ယောက်ပဲ ရှိတော့တယ်လို့ သတ်မှတ် ပြီးသား. . ."

"ဘာ. . . ဘာပြောတယ်. . ."

ဒေါ်တမာချို အသားဆတ်ဆတ် တုန်သွားသည်။

"မြတ်က ဒက်ဒီမွေးတဲ့ သမီး. . . ဒက်ဒီ ခင်းပေးတဲ့ လမ်းပေါ် မှာ လျှောက်မှာပဲ. . . မာမီ ဖြစ်စေချင်သလို ဖြစ်ဖို့. . . မာမီ့ဆီမှာ မ ဒေါ်စာစစ်ရှုပ် ရှိနေပြီမို့လား. . . မြတ်က ရုပ်သေးရုပ် မဟုတ်ဘူး. . . မြ



ကို ကြိုးဆွဲဖို့ ဘယ်တော့မှ မကြိုးစားနဲ့. . ."

"တောက်. . ."

ခင်ဘုန်းမြတ် မျက်နှာထက်သို့ ဖြန်းခနဲ လက်ပြန်တစ်ချက်ရိုက် ချလိုက်မိသည်။

ဒေါ်သက မကျေနပ်သေး။ ကျားသစ်မလေးလို စူးစူးရဲရဲ တဖွဲ့တခြ ဖျတ်ခနဲ မော့ထက်လာတဲ့ ကျန်တဲ့မျက်နှာ တစ်ခြမ်းပေါ် နောက်ထပ် တစ်ချက် အရှိန်ပြင်းစွာ ကျသွားပြန်၏။

"မာမီနော်. . ."

ဒေါ်တမာချိုတို့ ခင်ဘုန်းမြတ် ကိုယ်လုံးချင်း ပြေးတိုက်လေ သည်။

ရုပ်ပျက်ဆင်းပျက် လန်ကျတော့မည့် ဒေါ်တမာချို နောက်မှာ ရုတ်တရက် ရောက်လာကာ ဖေးမလိုက်သူက မောင်။

"တော်ကြပါတော့ဗျာ. . . အန်တီ. . . အန်တီလည်း စိတ်ထိန်း ပါ. . . ညှော်ခံပွဲမှာ လူတွေ သတိထားမိကုန်ရင် မကောင်းပါဘူး. . ."

ရှက်ဒေါသများနှင့် တုန်ယင်ကြေကွဲနေသည့် ဒေါ်တမာချို ကိုယ်လုံးကြီးက မောင့်လက်ပေါ်မှာ မတ်မတ် မရပ်နိုင်သကဲ့သို့ ရှိနေဆဲ။

ခင်ဘုန်းမြတ် ဒေါသတွေက တောက်လောင်အားကောင်း



www.burmeseclassic.com

www.burmeseclassic.com



လျက်. . .

"မကျေနပ်ဘူး. . . မြတ်ရဲ့ပါးကို ဘယ်ပြန်ညာပြန် ရိုက်တာ. . . ရှင့်ကို လုံးဝမကျေနပ်ဘူး သိလား. . ."

နောက်မှာ ပေါက်ကွဲကျန်ခဲ့သူကို မောင် လှည့်မကြည့်တော့ဘဲ ဒေါ်တာမာချိုကို ကားပေါ်ထိ တွဲခေါ်လာခဲ့သည်။

မျက်ရည်စက်တို့ တလိမ့်လိမ့် ကျဆင်းနေလျက် အရုပ်ကြိုးပြတ် ပါလာရှာသည့် ဒေါ်တာမာချိုကို မကြာမခဏ ငဲ့ကြည့်ရင်း. . .

ကားမောင်းလျက်က မောင် အတော်လေး စိတ်မကောင်းဖြစ်နေမိသည်။

သူတို့ မိသားစု အကြောင်းကို လူအတော်များများ သိထားကြသလို မောင်လည်း သိပါသည်။

အထူးသဖြင့် ခင်ဘုန်းဆက်နဲ့ ခင်ဘုန်းမြတ်ရဲ့ ကွာဟချက်တွေ အတော်လေး သံဝေဂရစရာ ကောင်းသလို။

တယုသန် အတ္တမာနတွေရဲ့ အစွန်းရောက်မှုကလည်း ကြောက်စရာကောင်းလှသည်။

တကယ်တော့ အစွန်းရောက်အတ္တ ဖြစ်လာသူတိုင်းရဲ့ အတွေးအခေါ်မှာ မျှတမှု မရှိတတ်ပေ။





ငါပြောတာသာ အမှန် ငါလုပ်တာ ဖြစ်ရမယ်ဆိုတဲ့ မာနက အဆိပ်တောက်တွေပဲ မဟုတ်ဘူးလား. . .

ဒီမိသားစုရဲ့ ဘဝက တယုသန် မာနများကြောင့်သာ မဟုတ်ခဲ့လျှင် ဆွေးနွေးညှိနှိုင်း ရနိုင်သော အိမ်ထောင်ရေးက ပြိုကွဲခဲ့မှာ မဟုတ်သလို။

ဆန့်ကျင့်ဘက် ဒီညီအစ်မ ဆိုတာလည်း ဖြစ်လာခဲ့မှာ မဟုတ်။ ဒါပေမယ့် ဒါကို ဒီနေ့ချိန်ထိ ကာယကံရှင်တို့ ကိုယ်တိုင် လက်မခံနိုင်စွာ ရှိနေကြဆဲ. . .

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

"အန်တီ နေကောင်းရဲ့လား ခင်ဘုန်း..."

မေမေ့ အခန်းထဲက ထွက်လာတော့ ညှော်ခန်းထဲမှာ မောင်က ထိုင်စောင့်နေသည်။

BURMESE CLASSIC

"နေကောင်းသွားပါပြီ..."

ခင်ဘုန်း ယဲ့ယဲ့လေး ပြုံးပြကာ မောင့်ရှေ့မှာ ဝင်ထိုင်လိုက်သည်။

"ကိုမောင်မောင် ဒီနေ့ အလုပ်မသွားဘူးလား..."

"မသွားဘူး... နေ့လည်ပစ္စည်းယူမယ့် လူတွေလာမှာလေ့..."

မနေ့က စိတ်မကောင်းစရာ အဖြစ်လို ပြန်မစမိအောင် နှစ်ယောက်လုံး ရှောင်နေမိကြသည်။



"ကိုမောင်မောင်က မေမေ ခေါ်သွားတော့ လိုက်တယ်နော်"

"ဗျာ..."

"ဩော်... ခင်ဘုန်း ခေါ်တော့ ဘယ်တော့မှ မလိုက်ဘူးလေ အိမ်မှာ ကျွေးဖို့မွေးဖို့ ခေါ်တာတောင် မလာတဲ့ဟာ..."

"ဒါက ဒီလိုရှိတယ်လေ..."

"ပြောပါအုံး..."

"ခင်ဘုန်းနဲ့ သွားရတာနဲ့ အန်တီနဲ့ သွားရတာ မတူဘူး... ခင်ဘုန်းနဲ့ သွားတာကျတော့ ကိုယ်က ခင်ဘုန်းရဲ့ ဒရိုင်ဘာလို့ အထင်မခံနိုင်ဘူး... ဒါ ပွင့်ပွင့်လင်းလင်း ပြောတာပါ..."

"အို... ဘာဆိုင်လို့လဲ... မေမေ့ကျတော့ရော..."

"အန်တီနဲ့ဆို ဘာထင်ထင်ပေါ့..."

"ဟင်... ကိုမောင်မောင် အယူအဆကလည်း ခင်ဘုန်း နားမလည်တော့ဘူး..."

မောင်က တစ်ကြိမ်မှ မမြင်ဖူးခဲ့သေးသော ခန့်ညားစွာ ပြုံးခြင်းကို ဆောင်၏။

"ကိုယ်က ခင်ဘုန်းရဲ့ နောက်မှာ မနေနိုင်လို့ပေါ့..."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဘုန်းနဲ့ ပတ်သက်ရင် ကိုယ်ကပဲ အရိပ်ဖြစ်ချင်တာ. . ."

ခင်ဘုန်း သူ့ကို ခပ်စူးစူးလေး ကြည့်နေမိသည်။

"ဘယ်သူကရော ရှင့်ကို ဒရိုင်ဘာလို့ သတ်မှတ်ပြီး ခေါ်တာမို့ လို့ပဲ. . ."

"ဒါဖြင့် တစ်ခုခု သတ်မှတ်လိုက်လေ. . ."

"ဘယ်လို သတ်မှတ်ရမလဲ. . ."

"ခင်ဘုန်း သိပါတယ်ကွာ. . ."

နှစ်ယောက်သား ပြုံးတုံ့တုံ့နှင့် အတန်ကြာ စိုက်ကြည့်နေမိကြတာ ခင်ဘုန်းကစ၍ မျက်လွှာချ၏။

"ခင်ဘုန်း. . . မင်း ကိုယ့်ကို စဉ်းစားပေးတယ်ပေါ့နော်. . ."

မောင့်အသံက ဝမ်းသာမှုကြောင့် လှိုက်လှိုက်လှဲလှဲ တုန်ယင်နေသည်။ ခင်ဘုန်းက နှုတ်ဆိတ်နေ၏။

"ခင်ဘုန်း. . ."

". . ."

"ခင်ဘုန်း. . . ကိုယ့်ကို ချစ်လားဟင်. . ."

ခင်ဘုန်းက သူမ လက်ချောင်း ဖွေးဖွေးနုနုလေးတွေကို အစိပ္ပာယ်မဲ့ ဆုပ်နယ်နေရင်း မျက်နှာလေးကို တအားငုံ့ချထား၏။





မောင် သဘောပေါက်သွားပါသည်။

ရင်တွေ အဆမတန် လှုပ်ရှားနေတာလည်း စကားပြောလို့ တောင်မရ။

"ကိုယ့်ကို ဖြေပါအုံး. . . ခင်ဘုန်းရယ်. . . ကိုယ်ဝမ်းသာနေတာကို တရားဝင် ခွင့်ပြုပေးပါ. . ."

ကြည့်ပါအုံး. . . ဒါ ပိတ်ကားပေါ်မှာ အမူအယာ အမျိုးမျိုး သရုပ်ဆောင်ပြနေတဲ့ ရုပ်ရှင်မင်းသမီးလေးတဲ့. . .

အရှက်သည်းနေသည်က မျက်နှာလေးတစ်ခုလုံး ပန်းသွေးစို့ လျက်. . .

"ရှင်. . . ရှင် ပြန်တော့လေ. . ."

"ဟောဗျာ. . ."

ရိုးလွန်းတဲ့ မောင့်မျက်နှာမှာ နားမလည်ခြင်းတွေ ပြည့်နှက် လျက်. . .

ခင်ဘုန်းက ရှက်မျက်စောင်းလေးထိုး၏။

"ခုချိန်ကစပြီး ရှင့်နာမည်ကို ခင်ဘုန်း ခေါ်မယ်. . ."

မောင်. . . သူ့နာမည်က မောင်. . .

အဲဒီနာမည်ကို မခေါ်ရဲပါဟု ခင်ဘုန်း ပြောခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဆို အခု မောင်လို့ ခေါ်မယ်ဆိုရင်...

မောင် အတိုင်းအဆမရှိ ပျော်သွားလေသည်။

"ဝမ်းသာလိုက်တာ ခင်ဘုန်းရယ်... ဒါဆို ခုခေါ်ကြည့်ပါလား ဟင်..."

"ဟာ... ဒါတော့ ရှက်သေးတာပေါ့... သူ ပြန်တော့ကွာ..."

"ဒီကလည်း အဲဒီရှက်တာလေးကို ထိုင်ကြည့်နေချင်သေးတာ ပေါ့..."

"ဟင့်အင်း... ပြန်တော့..."

မောင် ကျေနပ်ပြုံးနှင့် ထရပ်လိုက်ရသည်။

"ဒါဆို မောင် ပြန်တော့မယ်... နောက်တစ်ခါ တွေ့ရင် မော တောင်းတဲ့အဖြေကို ခုလို သွယ်ဝိုက်မဖြေရဘူးနော်..."

ခင်ဘုန်း သူ့ကို ပြုံးပြ၍ ခေါင်းလေး ဆတ်ခနဲ ညိတ်သည်။

"ဟား... ပျော်လိုက်တာကွာ..."

မောင့်နှုတ်ခမ်းတွေ ပြုံးနေလိုက်တာ ပတ်ဝန်းကျင်ကို သတိမ

❤ ❤ ❤



"မေမေ... စောစောက ထွက်သွားတဲ့ ဖေဖေ့ကားမို့လား ဟင်... တအား မောင်းထွက်သွားလိုက်တာ မေမေနဲ့ စကားများသွား တာလား..."

ဒေါ်တမာချို မျက်နှာမှာလည်း ဒေါသမပြေသေးပုံနှင့်...

"ဟုတ်တယ်... သူ့ သမီးနဲ့ မောင်ကိစ္စကို လာပြောသွားတာ"

"ဟင်..."

ဒီလောက်ထိ မြန်မြန် လူတွေ သိကုန်သတဲ့လား...

ခင်ဘုန်း မျက်နှာလေး နီသွားသည်။

"သူတို့ သားအဖကို မေမေ စိတ်နာတယ်... သမီးကြီးကိုပါ မေမေ ရင်နာစရာ မေ့ပျောက်ထားလိုက်ပြီးပြီ... သူတို့နဲ့ ဘာမှမပတ်သက်

www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျား...”

“အဲဒါ ဘာတဲ့လဲ ဟင်...”

“အရှေ့ရဲ့သားနဲ့ သဘောမတူဘူးတဲ့... သမီးအညွန့်ကို

စိုးသတဲ့...”

ပြော၍ ဒေါ်တမာချို ခပ်မဲ့မဲ့ ရယ်သည်။

“တကယ်အညွန့်ကျိုးတော့မယ့် သမီးကိုတော့ မြမြင်ဖို့ မ

စားဘဲ... သူက မေမေ့ကို ပါဝါပြချင်တာ တစ်ခုပဲ မြင်တာ... သိ

တရားကျဖို့ ကောင်းတဲ့လူ...”

မေမေ ဒေါသသိပ်ဖြစ်နေမှန်း သိ၍ ခင်ဘုန်း ဘာမှထပ်မ

တော့ဘဲ အပေါ်ထပ်သို့ တက်လာခဲ့သည်။

ဒေါ်တမာချို ရင်ထဲမှာ ပိတ်လှောင်နေမှုကို ပင့်သက်ရှိုက်

မှုတ်ထုတ်ပစ်လိုက်သည်။

မောင်ဆိုတဲ့ ကလေးအပေါ် သမီး စိတ်ဝင်စားနေပြီမှန်း

လိုက်ကတည်းက ဒီကလေးရဲ့ ဘဝကို သိရအောင် အပြင်မှာလည်း စုံ

ခဲ့သလို...

ကိုယ်တိုင်လည်း မေးကြည့်ခဲ့ပြီးပြီ...

ဘာမှ မကျေနပ်စရာ မရှိ။

လူတစ်ယောက်ရဲ့ တန်ဖိုးကို ဒေါ်တမာချို မြင်တာက တစ်မျိုး။

ငွေနဲ့ဂုဏ်နဲ့မြင်တဲ့ ဦးဘုန်းသော်ရဲ့ အမြင်ကတစ်မျိုး။

မောင် နေပုံထိုင်ပုံ ပြောဆို ဆက်ဆံပုံ အမူအယာ အယူအဆ

တော့ ပညာတတ် ဘာလိုသေးလို့လဲ။

သမီးလေးကလည်း မြတ်နိုးသည်လေ...

“လူလေးက အင်ဂျင်နီယာဘွဲ့ ရထားရက်နဲ့ ဒီအလုပ်ကို ဘာလို့

လုပ်တာလဲကွဲ့...”

“လုပ်မှာပါ အန်တီ... ဒါပေမယ့် လောလောဆယ် ကျွန်တော့်

အပေါ် ကျေးဇူးရှိခဲ့တဲ့ မိသားစုအပေါ် ကျွန်တော် ငဲ့နေရလို့ပါ...”

“ပန်းချီလည်း ဆွဲတယ်ဆို...”

“ဟုတ်ပါတယ်...”

မောင်က သူ့ဘဝနဲ့ မိသားစု အကြောင်းကိုပါ အားလုံးပြောပြ

ခဲ့သည်။

သိပ်တော့ မဆန်းလှပါ။ သူဌေးသမီးနဲ့ သူ့ရဲ့ ဒရိုင်ဘာ ညားကြ

လေသတည်းဆိုတော့ မိဘတွေက အမွေဖြတ်ခဲ့တဲ့ ဇာတ်လမ်း။

သူဌေးသမီးပီပီ ချစ်တာတစ်ခုပဲသိတဲ့ မောင့်အမေက ဘာမှ

လုပ်ကိုင်မစားတတ်။




www.burmeseclassic.com

www.burmeseclassic.com

ကံမကောင်းချင်တော့ အဖေ ဘယ်လောက်ပဲ အပင်ပန်းခံခံ စားဝတ်နေရေးက မပြေလည်။

တစ်နေ့တော့ အဖေ အလုပ်တစ်ခု ရလာကာ ကြိုတင်ငွေထုတ် လာခဲ့သည်။

ဈေးကို ဆိုက္ကားနဲ့သွားကြတော့ ကျောင်းတက်နေသည့် မောင် ကမပါ။

ကံကြမ္မာသည် မောင့်ဘဝကို ထိုနေ့မှစ၍ ကံဆိုးခြင်း လက် ဆောင်များကို တရစပ် ပေးခဲ့ပါတော့သည်။

မှတ်တိုင်သို့ သူထက်ငါ အလုအယက် ရောက်အောင် တ ကြမ်း ကျော်တက် မောင်းနှင်လာသည့် လိုင်းကားတစ်စီးနှင့် အရှိန်ပြင်းစွာ တိုက်မိလေတော့သည်။

ချင်းချင်းနီနေသော သွေးများ. . .

ရှေ့မှာ သမီးလေးကို ချီပွေ့ရင်း စီးလိုက်လာသည့် သားအ နှစ်ယောက်၏ မြင်ကွင်းက မမြင်ရက်စရာ။

ဆိုက္ကားနင်းသူက ဒဏ်ရာပြင်းစွာ ရပြီး အသက်မသေခဲ့သော် လည်း ဦးမောင်နိုင်တို့ သားအဖက ပွဲချင်းပြီး နေရာမှာတင် အသက် သေဆုံးသွားခဲ့ကြသည်။





ဒီမှာကတည်းက ဆေးရုံပေါ်မှာ အချိန်အတော်ကြာ ကုစား လာခဲ့ရသည့် ဒေါ်သန္တာ စိတ်ဝေဒနာသည်. . .

နောက်ဆုံး သားကြီးကို ခေါ်ရင်း မိဘများထံ ပြန်လာခဲ့ကြသည့် အခါမှာတော့ ဘယ်လိုမှ ထိန်းမရတော့ချေ။

"ခုမှ လာရသလား သန္တာရယ်. . . မိဘဆိုတာ စိတ်ဆိုးတုန်း ကာဖေ့ါ. . . ကိုယ်က သားသမီးပဲ. . . ညည်းတော်တော် မာနကြီးတဲ့ မိန်းမ. . ."

"ခုမှတော့ အလာကောင်းပေမယ့် ညည်းအခါ နှောင်းသွားပြီ"

"သမီးလုပ်သူကို ဘယ်မှရှာမရတော့ အဲဒီစိတ်နဲ့ပဲ ညည်းအမေ းသွားတယ်လေ. . . ညည်းအဖေလည်း နာတာရှည်ဖျားရင်း ကိုယ်တစ် င်းလေဖြတ်သွားလို့ ညည်းတို့ ဘဏ္ဍာထိန်းကြီးကပဲ သစ္စာရှိရှိ ပြုစုခဲ့တာ ..."

ဒီတုန်းက ဝိုင်းစက်စွာ ပြူးကျယ်နေသည့် အမေ့မျက်လုံးတွေ ီ ခုချိန်ထိ မောင့်မျက်လုံးထဲက မထွက်။

နှုတ်ခမ်းတွေ ပွင့်လျက် မျက်ရည်တွေ ရစ်ဝိုင်းနေလျက် အမေ ာင့်တောင့်ကြီး ဖြစ်သွားပုံ. . .

"သူ့ခမျာ ဒုက္ခိတဖြစ်တော့ သမီးကို ဝိုတမ်းတရှာတာပေ့ါ. . .

www.burmeseclassic.com



ညည်းအဖေကဆိုးပါတယ်အေး..."

ပြောပြတဲ့ လူတွေကလည်း နားထောင်ရသည့် လူကိုမှ မငဲ့ညှာ ပတ်ပက်နှက်နှက် ပြောကောင်းနေဆဲ...

"တစ်နေ့ ညည်းတို့ အိမ်မှာ ဘဏ္ဍာထိန်းကြီး မရှိတုန်း မီးထလောင်ပါလေရော... မီးကြိုးက ရှော့ခ်ဖြစ်တာဆိုလား... အဲဒီမီးလောင်တဲ့ထဲမှာ ညည်းအဖေ..."

"တော်ပါတော့... တော်ကြပါတော့..."

မီးတောက်နေသည့် နှလုံးသားတို့ကို ထိန်းချုပ်မရနိုင်တော့သည့် ပေါက်ကွဲခြင်းများဖြင့် ဒေါ်သန္တာ...

"ဟာ... အမေ..."

"သန္တာ..."

"ဒုတ်..."

မျက်စိတစ်မှိတ် အတွင်း အမေ တဟုန်ထိုး ပြေးထွက်သွားသည်မှာ အုတ်နံရံဆီသို့...

အမေတို့ ကားတိုက်ခံရစဉ်က မောင် ကျောင်းတက်နေချိန်မို့ ပါမသွားခဲ့ပါ။

ခုလည်း အမေက အရှင်လတ်လတ် သူ့ဘဝထဲက ထွက်ခွာသွား





ခဲ့ပြန်ပြီမို့ ပါမသွားခဲ့ပါ။

ဒဏ်ရာပျောက်အောင် ကုနိုင်ခဲ့ပေမယ့်က အမေ့ဘဝမှာ သားဆိုတာ ဘာမှမသိတော့ မရှိတော့ပေ။

သွက်သွက်ခါအောင် ရူးသွားရှာသည့် အမေ့ကို ပြုစုစောင့်ရှောက်ရင်း မောင် ကျောင်းဆက်မတက်နိုင်တော့ပဲ ရရာအလုပ်ကို ကြုံသလို လုပ်ခဲ့ရသည်။

တက္ကသိုလ်ရိပ်သာလမ်းထဲမှာ သူဌေးတိုက်တာ ခြံမြေတွေကြားဲ သူတို့ သားအမိမှာ မက်မောစရာ ကောင်းလောက်သည့် ခြံကျယ်ကြီး ပါလျက် နေရတော့ မီးလောင်ငုတ်တို တစ်ချို့နှင့် မြင်မကောင်းတော့ သည့် တိုက်အိုကြီးထဲမှာ...

ဒါပေမယ့် အားငယ်စိတ်တော့ မဖြစ်ပါ...

သူ့ကို ဒီခြံပိုင်ရှင်အဖြစ် ဆက်လက်နေထိုင်ဖို့ အသိမှတ်ပြုပေး ခဲ့သည့် အတွက်ပင် မောင် ကျေနပ်လှပါပြီ။

ကံကောင်းချင်တော့ မောင့်တို့ ကျောင်းဆရာကြီးနှင့် အမှတ်မ ထင်ဆုံမိကာ ဆယ်တန်းမှာ ဂုဏ်ထူးလေးခုနှင့် အောင်မြင်ထားသည့် သည့်တစ်ယောက်၏ ပညာရေးကို နှမြောလှစွာ မောင် ကျောင်းဆက် က်နိုင်ဖို့ လိုလေသေးမရှိ ကူညီခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အမေ့အတွက် စောင့်ရှောက်ဖို့ အိမ်ဖော်မလေး တစ်

ယောက်ထားပေးရှာသည် အထိ။

မောင်တို့ စားဝတ်နေရေးအတွက် ဆရာကြီး၏ အကူအညီ

ကောင်းမှုကြောင့် အလုပ်ပေးထားရသူ သူဌေးဦးဘမော်ကလည်း လိုအပ်

တာထက်ပင် ပိုမိုသော စောင့်ရှောက်ပေးကမ်းမှုတွေ ပြုခဲ့ပါသည်။

ဒါလည်း သိပ်တော့ မကြာလိုက်ပါ။

ဆရာကြီး နယ်ပြောင်းသွားရသလို သူဌေးချင်း ဦးဘမော်ခမ

လည်း ရုတ်တရက် ဆုံးသွားခဲ့ပြန်သည်။

မောင်ပညာမစုံသေးမီ ထောက်ပံ့ကူညီမှုတွေ ပြတ်တောင်း

လျက်. . .

မောင် ကိုယ့်ဘဝကိုယ် ဆက်လက်ထိန်းသိမ်းလာခဲ့တာ ဖွဲ့ရှိ

သည်အထိ။

"သူတို့ မိသားစုက သူဌေးဆုံးပြီး ကတည်းက မင်းကို အကူအ

တွေ ဖြတ်တောက်ပစ်ခဲ့တာပဲ. . . အခုမင်းက ကိုယ်ဘွဲ့ရတဲ့ အလုပ်

တောင် မလုပ်ပဲ ဘာဖြစ်လို့ သူတို့ ကုမ္ပဏီဟောင်းကြီးမှာ ဝင်ပြီး အနစ်

နာဦးစီးပေးနေရတာလဲ. . ."

ဒေါ်တမာချို သွေးထိုးစကားဆိုရင် မောင့်ကို သွေးတိုးစမ်း





ပါ၏။

မောင်က တည်ငြိမ်သော အပြုံးနှင့်. . .

"တစ်လုတ်စားဖူး သူ့ကျေးဇူးပဲ အနက်တိရဲ့. . . ကျွန်တော်က

ဦးဘမော်ရဲ့ အကူအညီများစွာနဲ့ သူ့ရဲ့ထမင်း အလုပ်ပေါင်းများစွာကို

စားထားခဲ့တဲ့သူပါ. . . ဦးလေးမော် မရှိတဲ့နောက် ယောကျ်ားသား မရှိတော့

ပဲ လုပ်ငန်းတွေကို မနိုင်မနင်း ဖြစ်ကျန်ခဲ့တဲ့ မိန်းမသားတွေကို ကျွန်တော်

ပေးဆပ်ရတာ နည်းတောင်နည်းပါသေးတယ်. . ."

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

သူမ ကျေနပ်စွာ ရှိခဲ့သည်က မောင့်ရဲ့ အဲဒီစကားလုံးတွေ. . .

မိခင်ကို စိတ်မနှံ့သူ တစ်ယောက်လို မဆက်ဆံပဲ ရှိသေကိုင်းရှိုင်းတတ်တာ. . .

ကျေးဇူးသိတတ်တာတွေ. . .

ပြတင်းတံခါးတွေ ပိတ်တောမယ့်ဆဲဆဲ မောင်တို့ ခြံထဲဆီ လှမ်းကြည့်ဖြစ်ရင်း ဒေါ်တမာချို ပြီးခဲ့တာတွေကို တွေးတောငေးမောနေမိခြင်း ရယ်ပါ။

ယခု သူမ မြင်ကွင်းထဲမှာ. . .

အဝတ်တွေ ရေညှစ်ချ တဖျန်းဖျန်း ခါချလျက် တန်းကြိုးမှာ အကျအန ဖြန့်လှန်းနေသည့် မောင်ဆိုသော ကောင်လေး. . .



လူကြီးဝတ် ရင်ဖုံးလက်ရှည် အင်္ကျီများနှင့် ထမီတွေ သုံးလေးထည်။

ပုဆိုးတိုတို ဝတ်ကာ ချိုင်းပြတ်စွတ်ကျယ်လေးနှင့် နောက်ထပ်အဝတ်စိုတွေ သွားထပ်ယူကာ သူ့အလုပ်ကို သူ စိတ်ဝင်တစား ဆက်လက်လုပ်နေပုံက ရှားပါးသော မြင်ကွင်း မဟုတ်ပါလား. . .

စိတ်မနှံ့သည့် အမေတစ်ယောက်ကို သူ့အပေါ် သားတစ်ယောက်လို ပြန်မြင်လာအောင် တောင်းပန်ချော့မော့ကာ အမျိုးမျိုး အနစ်နာခံ ဂရုစိုက်ရှာတာ ခြံချင်းကပ်လျက်မို့ မြင်နေရသည်ပဲ။

"ရူးနေတဲ့ မအေတစ်ယောက်နဲ့ အနုတ်စုတ် ဂုတ်စုတ်ကောင်နဲ့ တစ်နေ့ အသံထွက်လာရင် နိုင်ငံကျော် ရုပ်ရှင်မင်းသမီး တစ်ယောက်ရဲ့ အနာဂတ်ဟာ ဘာဖြစ်သွားမလဲ. . ."

". . . အထူးသဖြင့် ငါ့သမီးရဲ့ ဘဝအညွန့်ကို မချိုးနဲ့. . ."

ကိုဘုန်းသော် စကားတွေကို နားထဲမှာ ပြန်လည်ကြားယောင်နေသည်။

ဒေါ်တမာချို မျက်ခုံးတွေ တွန့်ကွေးနေလျက် သူမ ဒီနား လာရပ်တာ တံခါးပိတ်ဖို့ဆိုတာကို သတိမရသေး။

သမီးနဲ့ ဒီကောင်လေးနဲ့ မေတ္တာရှိနေကြတာ သူမ အသိ



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက သူမ အကျင့်ကိုက တစ်စုံတစ်ရာကို အပေါ်ယံ အာရုံအမြင် တစ်ခုတည်းနှင့် မခုံးဖြတ်တတ်တာ. . .

မောင်ဆိုသော ဒီကောင်လေးသည် အနုပ်စုတ် ဂုတ်စုတ် မဟုတ်. . .

သူမ အမြင်အရဆို ဦးဘုန်းသော်နှင့် ဆန့်ကျင်ဘက်. . .

လူတစ်ယောက်ရဲ့ တန်ဖိုးကို ဘယ်အရာနဲ့ တိုင်းတာမလဲ. . .

လူတို့၏ အတ္တဆိုသော အရောင်ပေါ်မှာ လူ့တန်ဖိုးက အမျိုးမျိုး ရှိနေတာမျိုးလား. . .

တစ်ယောက်တစ်မျိုးစီ သတ်မှတ်နေကြသည့် လူ့တန်ဖိုးဆိုတာ ကို ဒေါ်တမာချို စိတ်မဝင်စားပါ။

သူမ စိတ်ဝင်စားသည်က မောင့်ဘဝ. . .

စူးရဲသော မျက်လုံး မေးရိုးကားလျက် ဗိုရိုကျနသော နှုတ်ခမ်း။

ပထမအချက် အဲဒီ ဥပမိရုပ်ကို အသိအမှတ်ပြုခဲ့သည်။

အရပ်မြင့်မြင့်နှင့် ကျားကျားလျားလျား နေထိုင်သွားလာ တတ်တာ. . .

မိန်းမဆို နိုင်ငံကျော် ရုပ်ရှင်မင်းသမီးကိုတောင်မှ ဟိုးအရင်က ဆို ခပ်မှန်မှန်။





"အဲဒီ အနုပ်စုတ် ဂုတ်စုတ်ဆိုတဲ့ သူငယ်ကို ရှင့်သမီးက စချစ် ခဲ့တာ ကိုဘုန်းသော်. . ."

စိတ်ကူးထဲမှာ ပြောနေမိရင် ဒေါ်တမာချို မျက်နှာမှာ ရယ်မြူး ရိပ်တို့ ွှန်းထင်လာသည်။

ဒုတိယအချက်အဖြစ်. . .

မိခင်ကြီးကို ခြေဆုပ်လက်နယ် ပြုစုလျက် ရိုးသားစွာ ရှာဖွေ ကျွေးမွေးနေသည့် သားလိမ္မာ။

တတိယအချက်. . .

ကျေးဇူးတရားဆိုတာကို သူတကာတွေလို အခြေအနေအရ တုံ့ ပြန်ပေးဆပ် သိတတ်တာမျိုး မဟုတ်ပဲ အနစ်နာခံ ပေးဆပ်နိုင်တာ. . .

အင်ဂျင်နီယာတစ်ယောက်၏ ဂုဏ်ကို ဖယ်ထားလျက် ကျေးဇူး ရှိသူတို့အပေါ် အနစ်နာခံခဲ့တာလည်း အမြင်။

ဒီလို တန်ဖိုးတွေနဲ့ ပြည့်နှက်နေတဲ့ လူသားတစ်ဦးကို အနုပ်စုတ် ဂုတ်စုတ်လို့ ဆိုနိုင်ပါ့ပါသလား။

ဟော. . .

ထမီရင်လျားနှင့် ဖေါ်သန္တာကို လက်ဆွဲလာလျက် မောင် သူကိုယ်တိုင် ရေချိုးပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးက တစ်ဝက်ကျော်ကျော် မီးလောင်သွားသည်မို့ အတွင်းမှာသာ တစ်ခုမှ မပြည့်စုံနိုင်ပါ။

တိုက်ပေါ်မှ ဆီး၍ေးကြည့်နေမိရင်း ဒေါ်တမာချို ရှည်လျားသော အတွေးတို့ကို အဆုံးမသတ်နိုင်။

တစ်နေ့ သမီးလေးနဲ့ မောင်ရဲ့ဘဝခရီးမှာ ဖခင်တစ်ယောက် အနေဖြင့် ဦးဘုန်းသော် ကန့်ကွက်လာခဲ့ပါလျှင်. . .

သူမဘက်က တီကျခိုင်လုံသော ထိရောက်အောင်မြင်နိုင်သော အကြောင်းပြချက်များနှင့် အဆင်သင့်ရှိပါမှ ဖြစ်ပါမည်။

ကာလဆိုသော အတိုင်းအတာ တစ်ခုအတွင်း ချစ်ခဲ့ကြသော သူမ အမြင်အရ တန်ဖိုးရှိသော ဘဝလေးတွေ သာယာစိုပြေဖို့ သူမ တာတ်နိုင်ရမည်။

ထုံးစံအတိုင်း သမီးအတွက် တဖန် ပြန်လည်ရှင်သန်လာတော့မည့် မကျေလည် ဆွေးနွေးမှုများ မကြာမီ စတင်တော့မည်မှာ မလွဲ။

ရှင့်ရဲ့ ဒေါသမောဟတွေကို ကျွန်မ မြင်ရကြားရဦးမှာပေါ့ ကိုဘုန်းသော်. . .

♥ ♥ ♥

ရေချိုးနေသည့်အသံပါလား. . .

ဦးဘုန်းသော် နာရီကို မော့ကြည့်လိုက်တော့ ညနေခြောက် နာရီခွဲ။

ဒီအချိန်ကျမှ သမီး ရေချိုးခြင်းသည် အပြင်ထွက်ဖို့ အကြောင်း သက် အခြားဘာမှမရှိနိုင်။

ဦးဘုန်းသော် ရေချိုးခန်းရှေ့မှ လေးဖင့်သော ခြေလှမ်းများနှင့် ထွက်လာခဲ့မိသည်။

မညာမတာ ပြောကြကြေးဆို သမီးသည် ဘွဲ့တစ်ခုယူထားပြီး သည်နှင့် ဖောင်းမှလွတ်လိုက်သည့် မြင်းတစ်ကောင်နှယ်။

ထင်ရာစိုင်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ဖက်က စီးပွားရေးကို မဲရှာနေရသည်မို့ တစ်နေ့ကုန်နေလို့မှ သမီးနဲ့ အဖေ မျက်နှာချင်းဆိုင်ရတယ် ဆိုတာမရှိသလောက်မို့ သမီးအပေါ် အချိန်ယူ စောင့်ကြည့်တာမျိုး။

နားလည်လာအောင် ဆုံးမပြောဆိုတာမျိုးလည်း မလုပ်နိုင်ခဲ့တာ အမှန်။

နောက်ဆုံး ဘွားအေလုပ်သူအွေကို အားကိုးလျက် မြေးဖြစ်သူကို ပို့ထားလိုသည့် အကြောင်း။

အကြောင်းကြားတော့. . .

"တစ်သက်မှာ တစ်ခါသာ ပြုအပ်တဲ့ မင်္ဂလာတစ်ခုကို မိဘက တခမ်းတနားနဲ့ ထိမ်းမြားပေးစားခဲ့ပါရက်နဲ့ အိမ်ထောင်တစ်ခုကို မင်းစိတ်တိုင်းကျ ဖြိုခွဲဖျက်ဆီးခဲ့ပြီးမှ ဒုက္ခရောက်တော့ မင်း အခုခံစားနေရပြီမို့လား. . ."

သူ့ကို မွေးထုတ်ခဲ့သော မိဘတို့၏ တုံ့ပြန်စကားတွေပါ တမာချိန့် သူ နှစ်ဦးသဘောတူ သမီးတစ်ယောက်စီ လက်ဆွဲလျက် လမ်းခွဲခဲ့ကြသည်ကို နှစ်ဖက်မိဘများ အရှက်ရလျက် သူတို့အပေါ် ယခုအချိန်ထိ ခွင့်မလွှတ်နိုင်သေး သူလွန်စွာ မုန်းတီးခဲ့သော တမာချို၏ အရည်အချင်းများကို များစွာလိုလားနှစ်ခြိုက်လျက် ချွေးမအဖြစ် ရွေးချယ်ပေးခဲ့ကြသည့်

အတိုင်း. . .

သူ့မိဘတို့၏ အသွေးအသားတို့မှာ တမာချို့အတွေးတွေ အမြင်တွေ စီးမျောနေကြလျက်. . .

ဆုံးရှုံးလိုက်ရသော ချွေးမဖြစ်သူကို နှမြောလှစွာ. . .

"သမီး တစ်ယောက်ကို ထိန်းသိမ်းနိုင်မှုမှာ မိခင်နဲ့ဖခင်တို့ရဲ့ စွမ်းအား ဘယ်လောက်ထိ ကွာတယ်ဆိုတာ ခု မင်းသိပြီမို့လား ဘုန်းသော်"

"မအေနဲ့ပါသွားတဲ့ သမီးတစ်ယောက်ရဲ့ တန်ဖိုး ဘယ်ထိမြင့်တယ်ဆိုတာ ခု မင်းလက်ခံရဲ့လား. . . မင်းသာ မင်းရဲ့အိမ်ထောင်ကို ပြိုကွဲမခံခဲ့ရင် ဒီကလေးနှစ်ယောက် မိခင်အုပ်ထိန်းမှုအောက်မှာ ရှိခဲ့ရင် ဒီပြဿနာတွေ ရှိလာမှာ မဟုတ်ဘူး. . ."

အဲဒီတုန်းက တယ်လီဖုန်းထဲက မာမီ့စကားတွေကို ခံရခက်စွာ နားထောင်နေခဲ့ရသည်။

"ရှင်းပါတယ် သားရယ်. . . မြေးကို မာမီတို့ဆီပို့မယ့်အစား သူ့အမေဆီ ခဏလောက် ပို့ထားကြည့်လိုက်စမ်းပါ. . . မြေးလေးငင်ဘုန်းဆက်လို ဂုဏ်သတင်းကောင်းတွေ ကျော်ကြားမလာနိုင်ရင်တောင် ရှေ့ဆက်ပြီး မင်း စိတ်မညစ်ရတော့ဘူးပေါ့. . ."

တော်ပါတော့ မာမီ. . .




www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ သူသည်းမခံနိုင်စွာပဲ ဖုန်းကိုချပစ်ခဲ့မိသည် အထိ။

မာမီတို့ ကိုယ်တိုင်တောင်မှ...

ဒီမိန်းမလက်ထဲက သမီးကိုမှ အထင်တကြီး ရှိနေရခြင်းကို သူ နားမလည်နိုင်။

တကယ်တော့ သမီးငယ်လေးကို သူ ချစ်တာပါပဲ။

ဒါပေမယ့် တမာချို့ ကိုယ်ပွားလေးကို မအေ့နောက် ဖြောင့်ဖြောင့်လိုက်လျက် မအေဆိုမှ မအေ။

ဒီမိန်းမကို မုန်းမိသည်များက သမီးကိုတောင် ခပ်တန်းတန်းပဲ ဆက်ဆံခဲ့မိသည် အထိပါ။

အိမ်ထောင်ဦး အစတုန်းက ချောမောသိမ်မွေ့ကာ ကျက်သရေရှိလှသော တမာချို့ကို သူသဘောကျ တွေ့နပ်ခဲ့ဖူးပါသည်။

သို့သော်...

တဖြည်းဖြည်းကျတော့ သူတတ်သည့် ပညာကို မနာလိုတာလား ရင်ထဲက ဘာကိုမုန်း မသိ။

တမာချို့ ဘာပြောပြော သူ့အပေါ် နှိမ်သည်ထင်သည်။

လင်သားရယ်လို့ အရှုံးပေး သနားခံတာမျိုး မရှိခဲ့သော ဒီမိန်းမကို မကျေနပ်တာတွေ များလာရလျက်...





ရေခဲသေတ္တာထဲမှ ဘီယာတစ်ဘူးထုတ်ယူကာ ဦးဘုန်းသော် ဧည့်ခန်းက ဆိုဖာမှာ ပြန်ထိုင်လိုက်၏။

"ဆရာ...ထမင်းစားတော့မလား..."

ဦးဘုန်းသော် ခေါင်းခါပြလိုက်ပြီး ဘီယာကို ဖန်ခွက်ထဲ သွန်ချလိုက်သည်။

သူ့ရင်တွေ ပူနေတာကလွဲ၍ ဘာဆန္ဒမှ မရှိ။

သမီးတစ်ယောက်ကို ဆုံးမပဲ့ပြင်ဖို့ သူ ဘယ်လိုအချိန်ပေးရမလဲ။

ဘယ်လိုနည်းတွေသုံးပြီး ဘယ်လို စကားမျိုးတွေနဲ့ ဆုံးမရမလဲ။

အဲဒီပညာကို သူမတတ်ပါ။

သမီးကြီးကရော ငယ်စဉ်ကတည်းက လွတ်လပ်စွာ ပေါ့ပါးစွာ ဆိုးဆိုးဆတ်ဆတ် နေလာခဲ့တာ။

ခုကျမှ သူ ဘယ်လို ဇော်မြူလာတွေ သုံးပြီး ဆုံးမရမှာလဲ။

သမီးကို အနီးကပ် ကြည့်ရှုဆုံးမပေးဖို့ နောက်အိမ်ထောင်ထပ်ပြုလိုက်ရင်ရော...

ဦးဘုန်းသော် ခေါင်းကို သွက်သွက်ကြီး ခါပစ်လိုက်မိသည်။

တမာချို့အပေါ် မခံချင်စိတ်များစွာနဲ့ ဟိုတစ်ချိန်တုန်းကတောင် သူ ဒီလိုလုပ်ဖို့ စိတ်မကူးခဲ့တာ...



www.burmeseclassic.com

www.burmeseclassic.com

ခုကျမှဆို ပိုလို့ ဝေးပါသေး၏။

ဒါဖြင့် သမီးကို သူ ဘယ်လို ပုံမြင်သွားရမလဲ. . .

သမီးရဲ့ လွတ်လပ်စွာ သွားလာနေထိုင်မှုတွေက အရွယ်အားဖြင့် လုံးဝ မအပ်စပ်တော့တာ သူသိနေသည်။

ကလေးတစ်ယောက်ရယ်လို့ သမီး၏ နောင်ရေးကို ကြိုတင် မမြင်ဘဲတတ်စွာ သူ အစက ခပ်ပေါ့ပေါ့ လွှတ်ထားခဲ့မိသည်။

ဘာပဲဖြစ်ဖြစ် ဖခင်တစ်ယောက်အဖို့ သမီး မိန်းကလေးကို မိခင် တစ်ယောက်လို ထိုးသွင်းသိမြင်တတ်စွာ ထိန်းကျောင်းနိုင်ခဲ့ခြင်း မရှိတာ ကိုတော့ သူ ဝန်ခံပါသည်။

သို့သော်. . .

ဒီလို မာနတရားများနှင့် ပြည့်နက်နေသော မိန်းမကို အောက် ကျလျက် သမီးကိုတော့ ဘယ်တော့မှ ပြန်မအပ်နိုင်ပါ။

သူကရော. . .

ဖအေနဲ့ ကြီးပြင်းလာရသည့် သမီးကြီး နောင်ရေးကို တွေးမပူဘူး တဲ့လား. . .

ဒါတွေကို တွေးပူကာ သူမကိုယ်တိုင် သမီးကို ခေါ်ယူဆုံးမတာ မျိုး ရှိခဲ့ဖူးလို့လား. . .



တမာချို. . .

မင်းလည်း ငါ့အပေါ် မုန်းတဲ့အတ္တတစ်ခုနဲ့ သမီးကို ပစ်ထားခဲ့ တာပဲမို့လား. . .

သူ နာကျည်းစွာ တွေးဖြစ်၏။

ဘာပဲဖြစ်ဖြစ်. . .

သမီးအတွက် ပူပင်သောကတွေ ဖြစ်လာခဲ့ရပြီ။

သူ့အတ္တတွေ မှားနေပြီလား. . .

ဟု တစ်ခါတလေ သံသယဖြစ်ချင်လာလျက် တမာချို ရင်ခွင် ထဲက သမီးငယ်ကို အထင်ကြီး အားကျစွာ မြင်ယောင်မိတတ်လာသည်။

သမီးငယ်လို သမီးကြီးသာ သိမ်မွေ့နူးညံ့စွာ. . .

မိဘစကားကို နာခံစာတတ်စွာ လိမ္မာရေးခြား ရှိခဲ့ပါမူ တစ်ယောက် ည်း ကယောက်ကယက် တွေးလိုက်မိတာတောင် တမာချိုအပေါ် ထား ဆဲ မာနများက ခွင့်မပြုနိုင်စွာ မလုံမလဲ။

"ဒက်ဒီ. . ."

"ဟင်. . ."

သူ ထင်ထားသည့် အတိုင်းပဲလေ။

ခေါင်းမှာ ( )ထားသည့် ကလစ် ဆွဲကြီး နားကပ်ကအစ ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



အဆုံး အားလုံး အရောင်တူဆင်လျက် ခြယ်သထားသည့် မျက်နှာလေး… က ငေးကြည့်နေချင်လောက်အောင်ကို လှတာ. . .

သမီး အပြင်ထွက်တော့မည်။

လှလွန်းသော သမီးလေး၏ ဘဝတန်ဖိုးရှိလာအောင် သူ သင်… လို့ အတတ်ပညာများနှင့် ချွန်ကိုင်ရပါမည်နည်း။

"ဒက်ဒီ. . ."

"ဟင်. . ."

ငယ်ငယ်ကအတိုင်း သူ့ပခုံးကို ဖျန်းကနဲ ပုတ်လျ… ခင်ဘုန်းမြတ် အသံက စိတ်မရှည်ဟန်။

"ဘာတွေ စဉ်းစားနေတာလဲ ဂေါ်နီရာ. . . သမီး အပြင်သွား… လို့. . ."

ဦးဘုန်းသော် သက်ပြင်းချလိုက်မိသည်။

"ဘယ်အချိန်ရှိပြီလဲ သမီးရယ်. . . ဒီအချိန်ကျမှ သမီး အပြ… ထွက်ရင် ဘယ်အချိန်ကျမှ ပြန်ရောက်မလဲဆိုတာ တွက်ကြည့်. . ."

ခင်ဘုန်းမြတ်က နှုတ်ခမ်းကို မဲ့ပစ်ကာ သူ့ဘေးနားမှ… ဆောင့်ကနဲ ဝင်ထိုင်လိုက်သည်။

လက်ထဲက ပိုက်ဆံအိတ်ကို စားပွဲပေါ် ဘုတ်ကနဲ ပစ်ချ…





"ဒက်ဒီက ဒီနေ့ကျမှ အိမ်ကပ်ပြီး အပိုတွေ ပြောနေပြန်ပါပြီ… သမီး ခါတိုင်းလည်း ဒီလိုပဲ သွားနေကျ. . ."

"မရတော့ဘူး သမီး. . . ရှေ့လျှောက် သမီး ဆင်ခြင်ရတော့မယ်… သမီးဟာ မိန်းကလေး နေချင်သလိုနေလို့ မရဘူး. . ."

ခင်ဘုန်းမြတ် ဖခင်အားကို နားမလည်သလို ပြန်ကြည့်လာသည်။

"ရှေ့လထဲကျ ဒက်ဒီတို့ စင်္ကာပူကို သွားကြရမယ်. . . ကုမ္ပဏီ… အတွက် လေ့လာစရာတွေ ဆက်သွယ်မှုတွေ သွားလုပ်ရမယ်. . . အဲဒီ… အချိန်အတွင်း သမီးကို သမီးအမေ့ဆီမှာ ဒက်ဒီထားခဲ့ရလိမ့်မယ်. . ."

"ဟာ. . ."

ခင်ဘုန်းမြတ် လက်ခါခြေခါနှင့် ဝုန်းကနဲ ထရပ်လိုက်သည်။

"မာမိနဲ့ သမီး မနေချင်ဘူး ဒက်ဒီ. . . သမီးနဲ့ ဒက်ဒီတို့ရဲ့ လိုင်း… မာမိတို့ သားအမိနဲ့ လိုင်းပူးလို့ ဘယ်လိုမှ ရမှာမဟုတ်ဘူး. . . မာမိ… လည်း သမီးကို သူ့သမီးလောက် ချစ်တာ မဟုတ်ဘူး. . .

. . . ပြီးတော့ ဟာ. . မနေချင်ပါဘူး. . . သမီး အဲဒီလို ကျဉ်း… ကျပ်တဲ့ ဘောင်ထဲမှာ မနေနိုင်ဘူး ဒက်ဒီရာ. . ."

စကားတွေ ဆက်တိုက်ပြောချလျက် ဆတ်ဆတ်ခါသွားသည့်… …ဖြစ်သူကို မော့ကြည့်ရင်း ဦးဘုန်းသော် စကားလုံးရှာမရ ဖြစ်နေမိ…

www.burmeseclassic.com



သည်။

"မာမီက သူ့သမီးမှ သမီးထင်တာ. . . ဒါပေါ့ သမီးက မိဆက်

လို အတာယ်ဒမီရ မင်းသမီးလည်း မဟုတ်ဘူး. . . ငွေတွေ သိန်းနဲ့ ချီပြ

မရှာနိုင်ဘူးဆိုတော့ ဘယ်ဂရုစိုက်မလဲ. . ."

ဖအေဖြစ်သူကို တလွဲထင်လျက် ပြစ်မှားနေတော့ ဦးဘုန်းသော်

မနေသာနိုင်။

"မိဘကို ဒီလိုမပြောနဲ့ သမီး. . . သမီးပြောသလိုဆို ဒက်

လည်း သမီးငယ်ကို မချစ်ဘူးလို့ ပြောလို့ မရဘူးလား. . . ဒက်ဒီ သမီး

မှာပဲ ရှိနေတယ်. . .

. . . သမီး လိုအပ်သမျှကို ဖြည့်ဆည်းပေးတယ်. . . သ

ငယ်နဲ့ဆို ဘယ်နှစ်ခါဆုံဖူးလို့လဲ. . ."

"အာလဲ ဒက်ဒီကလည်း မာမီ့ကို လက်နက်ချချင်နေပြီပေါ့. .

မိဆက်လို သမီးကို ပုံသွင်းချင်ပြီပေါ့. . ."

ခင်ဘုန်းမြတ်က ခနဲ့စကားဆိုသည်။

"တစ်ခုကတော့ မှားတယ် သမီး. . . သမီးငယ်လိုပဲ သမီး

နေထိုင်ပြုမူစေချင်တာကတော့ မှန်တယ်. . . ဒါဟာ မိန်းကလေးတိုင်

လမ်းကြောင်းမှန်ပဲ. . ."





"လမ်းကြောင်းမှန်တာ မှားတာ သမီး မသိဘူး ဒက်ဒီ. . . သမီး

ကတော့ ဒက်ဒီချပေးတဲ့ လမ်းကြောင်းကိုပဲ ယုံယုံကြည်ကြည်နဲ့ လျှောက်

မယ်. . . ဒါကိုလာပြီး ဘောင်ခတ်လို့တာတော့ လုံးဝ လက်မခံနိုင်ဘူး. . ."

"မဟုတ်သေးဘူး သမီး. . . ဒက်ဒီ ပြောတာက. . ."

"တော်ရောပဲ ဒက်ဒီရာ. . . သမီးသွားဖို့ တော်တော်နောက်ကျ

သွားပြီ. . . သွားတော့မယ် ဘိုင်. . ."

ဖအေဖြစ်သူကို လက်ပြနှုတ်ဆက်လျက် ထွက်ခွာသွားပြီဖြစ်

သော သမီးနောက်ကျောကို ငေးကြည့်ရင်း ဦးဘုန်းသော် မျက်နှာကြီးက

ဆယ်နှစ်စာမျှ အိုစာသွားရလေသည်။

မိန်းကလေး တစ်ယောက်ရဲ့ ခြေတစ်လှမ်း အမှား၏ နောင်တ

မျိုး သမီးလေး မရအောင် သူ ဘယ်လိုတားဆီး ကာကွယ်ရမလဲ. . .

♥ ♥ ♥

www.burmeseclassic.com

ရှက်ရွံ့နာကျင်စွာ ပါးစပ်အပေါင်းသားနှင့် ကျန်ခဲ့သော ဖခင်ကြီးကို ကျောခိုင်းလျက်. . .

ပြောသလို လုပ်သွားသည့် ခေါင်းမာမာ မင်းသမီး၏ စရိုက်။

မိဘအပေါ် အချစ်အကြောက် တရားတွေ အားဖယ်ဆက်ဆံသွားကာ မင်းသားနှင့် ဇာတ်ပေါင်းခန်းမှာ ညားကြလေသတည်းတဲ့. . .

မင်းသားနဲ့ မင်းသမီးကို ပေါင်းစည်းစေလိုကြတဲ့ ပရိသတ်ရင်ထဲမှာတော့ ကျေနပ်ကျန်ခဲ့ပါလိမ့်မည်။

ဒေါ်တမာချို မျက်နှာမှာ စိတ်ပျက်ခြင်းတို့က အထင်းသား။

"ဒီဇာတ်ကားမျိုး မရိုက်ချင်ဘူးလို့ သမီးငြင်းခဲ့တာ သိပ်ကို



မှန်တယ်. . ."

"သမီး ရင်ထဲက ခံယူချက်ဟာလည်း မေမေနဲ့ တစ်ထပ်တည်းပါပဲ မေမေ. . .သမီးဟာ သမီးရဲ့ ပညာနဲ့ ပြည်သူတွေကို အကျိုးပြုချင်တာပါ. . .

. . .သမီးကြောင့် ပြည်သူတွေမှာ အဆိပ်အတောက် မဖြစ်စေရဘူး. . ."

ဒေါ်တမာချို ကျေနပ်ခြင်းများနှင့် မျက်နှာတစ်ခုလုံး ပြုံးကြည်နေသည်။

"တကယ်တော့ ဒီနေ့ အတုယူအတတ်လွယ်ကြတဲ့ လူငယ်တွေရဲ့ ခေါင်းထဲမှာ သူတို့ နှစ်သက်မြတ်နိုးတဲ့ သရုပ်ဆောင်တွေရဲ့ အပြောအဆိုတွေ. . .

. . .အဝတ်အစားတွေ အကျင့်စရိုက်တွေ အားလုံးဟာ လိုချင်စရာ မှတ်ချင်စရာတွေချည်းပဲကွဲ. . . မေမေတို့ ငယ်ငယ်တုန်းကလည်း ဒီလိုပဲပေါ့. . ."

ဒေါ်တမာချို ထိုင်နေရာက ဖြည်းညင်းစွာ ထရပ်လိုက်သည်။

"ရုပ်ရှင် သွားကြည့်တယ်. . .ကြည့်ပြီးပြန်လာတာနဲ့ ဇာတ်လမ်းထဲမှာ အဲဒီမင်းသမီးဘလေး ဝတ်သွားသလဲ. . .စကားပြောရင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ်လေးနဲ့ ပြောတတ်သလဲ. . . ဘာညာအစ်ပေါ့. . . ခဏတော့ စိတ်ကူးယဉ်နေမိကြတာပဲ. . .

. . . ဒါကြောင့် သမီးတို့လို အောင်မြင်တဲ့ အနုပညာရှင်တွေ အနေနဲ့ လူငယ်လေးတွေ အတွေးမှား အမှတ်မှားတွေ မဖြစ် အောင် တည့်မတ်ပေးသင့်တာပေါ့. . .”

ကြားနေကျ စကားပေမယ့် ခင်ဘုန်းဆက် မှရိုးနိုင်စွာ ငြိမ်သက် နားထောင်နေမိပါသည်။

အငြိမ်းစား တထိကကြီး ဒေါ်တာမာချိုက ဝတ္ထုစာအုပ်ကို စားပွဲ ပေါ် ပစ်ချလိုက်ပြီး သမီးအနားထိ လျှောက်သွားလိုက်သည်။

“ရုပ်ရှင် ဂီတ စာပေတွေ အားလုံး ခံယူချက် အမျိုးမျိုးတွေ သူတို့ဖာသာ ဘယ်လိုလမ်းမျိုးကိုပဲ လျှောက်လျှောက် မေမေတို့ သားအမိ လျှောက်မယ့်လမ်းဟာ တစ်လမ်းထဲပဲ သမီး. . .”

“သမီးဟာ မေမေ့ကိုယ်ပွားပါ မေမေရယ်. . . မေမေ ခံယူထား သလို သမီး ခံယူတယ်. . . မေမေ ရည်ရွယ်ထားသလို သမီးမှာလည်း ရည်ရွယ်ချက်တွေ အပြည့်ရှိပါတယ်. . .

. . . သမီးတို့ သားအမိမှာ ခိုင်မာတဲ့ ရည်ရွယ်ချက်တွေနဲ့ လောကအမြင်အက်မှာ ထွက်ရပ်နေတဲ့သူတွေလို့ တစ်လောကလုံး





ပြောလာလည်း သမီး ဂရုမစိုက်ဘူး. . .”

လူတစ်ချို့ နားလည်မှုတွေ လွဲမှားစွာ ဖန်တီးယူနေကြသည့် ခေတ်ဆိုသည့် သဘာဝအပေါ် ဖောက်ပြန်လိုမှုတွေကို ခင်ဘုန်းဆက် မကျေနပ်ပါ။

ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်မှုကို နာခံခဲ့တဲ့ သမီးမို့ မေမေ့ လို့ပဲ အမျိုးကိုချစ်တဲ့ စိတ်တွေ သွေးမရင့်ထဲမှာ အပြည့်။

လွန်စွာ နှစ်သက် မြတ်နိုးဖွယ်ကောင်းသော မြန်မာ့ယဉ်ကျေးမှု တွေကို ပျောက်ကွယ်သွားမှာ စိုးရိမ်လှပါ၏။

ယခုခေတ်. . .

မြန်မာလူမျိုးတို့မှာ ဘာသာရေး တစ်ခုသာ ထိန်းမထားပါက တစ်ချို့သော လူငယ်ကလေးများ၏ အယူအဆ အပြုအမူတို့က လွန်စွာ ရင်လေးဖွယ် ကောင်းလှပါသည်။

ဒါတောင်မှ ရိုးသေကိုင်းရှိုင်းခြင်းတွေ အရှက်အကြောက်တရား တွေ အလွန်နည်းပါးလာလျှက် တစ်ချို့နေရာတွေမှာ ရုပ်ပျက်ဆင်းပျက် ဝတ်စားဆင်ယင်မှုတွေ အပြောအဆို အနေအထိုင်တွေက မမြင်ရဲမကြား ရဲဖွယ်ရာ။

“အနုပညာရှင်တွေ လောကမှာ ပတ်စကတ်တွေ ဝတ်ကြအားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ မပေါ်တပေါ် စတတ်တွေ ဝတ်ကြနဲ့ ဖြစ်လာတော့. . . လူငယ်တွေရဲ့ လောကထဲမှာ ဒါတွေ ခေတ်စားလာတယ်. . .

. . . အနုပညာရှင်တွေက ဂါဝန်တွေ ဝတ်ပြတော့ မိန်းကလေးတွေလည်း လိုက်ဝတ်ကြတယ်. .

. . . ယောကျ်ားလေးတွေကို ကြည့်စမ်း. . . နိုင်ငံခြားမင်းသားတွေကို အထင်ကြီး အားကျပြီး ဆံပင်တွေကို အလယ်က ကွက်ရိတ်လို့ ရိတ် ဘေးတစ်စောင်း ဖြတ်ချလိုချ. . .

. . . ဒီကြားထဲ ဆံပင်တွေ အရှည်ကြီး တွေထားပြီး နားကွင်းတွေ ဟမ်းချိန်းတွေ တို့လိုတွဲလောင်းနဲ့ မြန်မာ့ယဉ် ကျေးမှုရှုထောင့်က ကြည့်ရင် ဘယ်လို မျက်စိနဲ့မှ ကြည့်လို့မရဘူး. . .”

မိမိ ယဉ်ကျေးမှုကို မြတ်နိုးလွန်းသော ဒေါ်တမာချို တစ်ယောက် စကားတို့ကို စိတ်ထက်သန်စွာဆိုရင်း ခြေလှမ်းတို့ကို လေးလေးမှန်မှန် ခေါက်တုံ့လျှောက်နေလျက်. . .

“မော်ဒယ်ဆိုတဲ့ စကားတစ်ခုကို သမီး အလွဲသုံးစား လုပ်မှာစိုးလို့ မေမေဆုံးမ သွန်သင်ခဲ့ရတာပါနစ်တယ်. . .

. . . သမီးဟာ မေမေ ဖြစ်စေချင်တဲ့ မိမိယဉ်ကျေးမှုကို အထွင်ကြီးမြတ်နိုးတဲ့ အမျိုးကောင်းသမီးလေးဖြစ်လာလို့ မေမေ အရမ်း





ကျေနပ်တယ်. . .”

ဒေါ်တမာချို သမီးခေါင်းလေးကို တယုတယ ပွတ်သပ်လျှက်

“ခေတ်ဆိုတာ ပြောင်းလဲတက်ပေမယ့် ဘာသာရေးက ဘယ်တော့မှ မပြောင်းလဲဘူး. . .

. . . ဘယ်လို အသစ်အသစ်တွေ အပေါ်မှာ မသာယာနဲ့ ဘာသာရေးကို ဘယ်တော့မှ မမေ့နဲ့. . . အဲဒါ မေမေ အလိုချင်ဆုံးပဲ. . .”

ခေတ်ဆိုသော တစ်နေ့သောအခါ တစ်ခုသော ကာလမှာ ကြီးပြင်းလာမည့် သူမလက်ထဲက သမီးလေးကို လှပသော ပန်းပုသူဇာလေးအဖြစ် လှပစွာ ထွင်းထုနိုင်ခဲ့ပေမယ့်. . .

သမီးကြီး ခင်ဘုန်းမြတ် အကြောင်း တွေးမိတိုင်း သူမ ကြေကွဲမဆုံး ဖြစ်ခဲ့ရသည်။

မိမိ၏ ရင်သွေးလေး နှစ်ယောက်ကိုသော်မှ သူမ ပုံမသွင်းနိုင်ခဲ့သေး။

“လောကကြီးကို မင်း လက်ဝါးထဲ ထည့်ထားချင်လို့ မရဘူး အမာချို. . .”

ကိုဘုန်းသော် ပြောခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ လောကကြီးကို ဒေါ်ဘမာချို လက်ဝါးထဲဆုပ်ထားချင်တာ မဟုတ်ပါ။

လောကရဲ့ လမ်းကြောင်း အမှန်ပေါ်မှာ လျှောက်ချင်တာ. . .

မကြာသေးသော ကာလတစ်ခု အတွင်းမှာ ပြောင်းလဲဖြစ်တည်လာသည့် ပတ်ဝန်းကျင်က အံ့ဩဖွယ်ပင်။

တိုးတက်ပြောင်းလဲတယ်ဆိုတာ အတတ်ပညာနဲ့ နည်းလမ်းကောင်းတွေ နိုင်ငံအရပ်ရပ်က မြင့်မားတဲ့ အိုင်းနဲ့နည်းပညာတွေ ဒါမျိုးတွေကျတော့ လွန်စွာ အထင်ကြီး ဝမ်းမြောက်ဖွယ် ကောင်းလှသည့်တိုင်. . .

ရောနှောပါလာသည့် ယဉ်ကျေးမှုတွေကျတော့ မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝမသက်ဆိုင်ပါ။

သူတို့ နိုင်ငံနှင့် သူတို့ယဉ်ကျေးမှုက ကိုက်ညီပေမယ့် ယဉ်ကျေးမှုချင်း ရောနှောယူတာမျိုးကျတော့ မကောင်း။

နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပေမယ့် ဆီဖြစ်သော နှမ်းပဲလေ။

အဲဒီလို မိမိအမျိုးနဲ့ ယဉ်ကျေးမှုကို မြတ်နိုးနေရတာကိုပဲ ဒေါ်ဘမာချို ကျေနပ်ခဲ့ရသည်။

ဂုဏ်ယူခဲ့မိသည်။

သမီးကို အနုပညာရှင် တစ်ယောက်ဖြစ်လာအောင် ဆုံးမသ





ကြားပေးရင် ခုလို မျိုးချစ်စိတ်ဓါတ်လေးတွေ ပြည်သူသိမြင်လာအောင် ပြသခွင့် ရတာကိုပဲ ဂုဏ်ယူလို့ မဆုံး။

"ခင်သုန်းဆက်ဆိုတဲ့ မင်းသမီးက ထမီဆို ခြေဖမိုးပေါ် ပုံကျအောင် အမြဲဝတ်တာ. . ."

"ဘယ်တော့မှ စကတ်တွေ. . .ဘောင်းဘီတွေ ဝတ်တာ မဟုတ်ဘူး. . ."

"ဇာတ်လမ်းထဲမှာ 'ဆယ့်ခြောက်နှစ်မ' ဆိုတဲ့ ပုံစံလေးနဲ့ ဒါမျိုးတွေ တစ်ခါတစ်ရံ ဝတ်လိုက်တော့ တကယ် မိုက်တယ် ဆရာ. . ."

"ဒီဗိုင်းသစ်တွေ သူ့ထက်ငါ ဝတ်ပြထွင်ကြတဲ့ ခေတ်မှာ. . . သူ့စိတ်က ခေတ်နောက်ပြန်နေပေမယ့် အဲဒါကိုက တခေတ်ဆန်းနေပြန်ရော"

အဲဒါ ပြည်သူတို့ရဲ့ အသံတွေပါ။

ပတ်စကတ်တွေ ဂါဝန်တွေ ထည်လဲဝတ်လျက် ခပ်ပေါ့ပေါ့ မိန်းငယ်လေး အသွင်နှင့် တစ်မျိုး။

လောကစံကို ခံစားနားလည်သွားသော မိန်းကလေးတစ်ယောက် ၏ အသွင်နှင့် တစ်ဖုံ။

အဲဒီ 'ဆယ့်ခြောက်နှစ်မ' ဇာတ်ကားမှာ သမီး အကယ်ဒမီရခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလို ပညာပေး ဇာတ်လမ်းတွေ အရဆိုလျှင် သမီးကို ဒါမျိုးတွေ ဝတ်ဆင်စေလျက် ပီပြင်အောင် သရုပ်ဆောင်ဖို့ သူမ ကိုယ်တိုင်တစ်ဖက် တစ်လမ်းက သင်ပြပေးခဲ့သည်။

ပုံတုံးလို့ပဲ ဆိုဆို။

သမီးရဲ့ ဒီဇိုင်းက မသစ်သော အသစ်တစ်ခုပါ။

ပရိသတ်က ဆန်းတာတွေကြားထဲ ရိုးရိုးလေးအဖြစ် နှစ်သက် လက်ခံကြသော အားပေးသံက သူတို့သားအမိကို ကြည်နူးမဆုံး ဖြစ်ရ ခဲ့သည်။

ဒေါ်တမာချို လိုချင်တာ ဒါပါပဲ။

သမီးရဲ့ အနုပညာ သရုပ်ဆောင်မှုကို သဘောကျ နှစ်သက် ရင်း သမီးရဲ့ ပုံရိပ်တွေ တဖြည်းဖြည်း ပရိသတ် ရင်ထဲစွဲကျန်ခဲ့ဖို့ . . .

"တီ. . . တီ. . ."

မြည်လာသော ဖုန်းကို ခင်ဘုန်းဆက် ကောက်ယူနားထောင် လိုက်၏။

ပြီးတော့ စကားပြောခွက်ကို လက်ကလေး တစ်ဖက်နှင့် အုပ် လျှက် မိခင်ဖြစ်သူကို ပြုံးပြသည်။

"ဦးတော်ဝင်တို့ ဆက်တာ မေမေ. . ."





ဦးတော်ဝင်ဆိုတာ နာမည်ကြီး ဒါရိုက်တာ တစ်ယောက်ပါ။ ဆက်ပြောဆိုသည့် သဘောနှင့် ခေါင်းဆတ်ပြကာ ဒေါ်တမာချို ပြတင်းပေါက်နားမှာ ကျောခ်ပေးရပ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ရှေ့မှာ ပြောရမှာ အားတော့နာတယ်ဗျာ. . . ဒါပေမယ့် ဒီမင်းသမီး တော်တော့်ကို ဘဝင်မြင့်လွန်းတယ်. . ."

"မြင့်တာတော့ မပြောနဲ့ဗျို. . . ကျုပ်တို့ ကြော်ငြာရိုက်ဖို့ ငွေပုံပေးတာ. . . ဘယ်လိုပေးပေး လုံးဝမရိုက်ဘူးဗျ. . ."

"သူတို့က ဘယ်လောက်ချမ်းသာနေလို့ ငွေမမက်ရတာလဲ"

မိတ်ဆွေတစ်ယောက် တစ်ပေါက် ပြောသံများကြားတော့ ဦးတုန်းသော် ပြုံးလိုက်မိသည်။

တမာချိုဆိုတဲ့ မိန်းမ အကြောင်း သူထက် ဘယ်သူပိုသိမှာလဲ၊

သူတစ်ကိုယ်လုံးမှာ အမျိုးကိုချစ်သော အတ္တတွေ အပြည့်။

ဒီအတ္တများအတွက် သူ့ဘဝကို ရင်သန်စေခဲ့သူ။





သူမ၏ မဟာ့မဟာ စီမံကိန်းကြီးကို သမီးတစ်ယောက် အပေါ်၌ နိုင်နင်းစွာ ထိန်းကျောင်းပုံသွင်းလျက် အကောင်အထည် ဖော်နေခဲ့သူ။

ခုလို ပရိသတ်က သူမှသူ-သောင်းသောင်းဖျဖျ အားပေးလာတော့ တမာချိုတို့ မာနက မိုးထိတက်မေတော့မည်။

"ဟော့လူ. . . ခင်ဗျားက ဘာပြုံးတာလဲဗျ. . . ဘာလဲ ခင်ဗျားသမီးက ကျုပ်တို့ကို တွယ်လွှတ်လိုက်တာကို သဘောကျနေတာလား. ."

"ဒီမင်းသမီးနဲ့ ပတ်သက်ပြီး နာမည်ကြီးနေတာတွေကို သိနေရက်နဲ့ ခင်ဗျားတို့က သွားစမ်းတာကိုး. . ."

သူက အိမ်ရှင်မို့ ဖန်ခွက်တွေထဲ ဘီယာလိုက်ထည့်ပေးရင်း ပြောလိုက်သည်။

ဒါရိုက်တာ ဦးတော်ဝင် မျက်နှာကြီး ရှုံ့မဲ့သွား၏။

"ဘာပဲ ဖြစ်ဖြစ်ပေါ့ဗျာ. . . ခုတာက ဒီဝတ္ထုကို ဘယ်မင်းသား ဘယ်မင်းသမီးနဲ့ ဘယ်ဒါရိုက်တာက ရိုက်ကူးတင်ပြတော့မယ့် အကြောင်း ရုပ်ရှင်မင်းသမီးတွေ စာစောင်တွေမှာ ထည့်ကြော်ငြာပြီးကာမှ. . ."

သူတို့ အပိုင်ချည်ပြီး ငွေတွေပုံပေးလိုက်လျှင် ပြီးရောဆိုသည့် တွက်ချက်နှင့် မင်းသမီးကို အပိုင်တွက်ထားပုံရသည်။

ခုလို ဇာတ်လမ်းကို သဘောမကျ၍ မရိုက်နိုင်ပါဟု ငြင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မကျေနိုင်စွာ သူဆီရောက်လာ ပေါက်ကွဲပါတော့သည်။

တကယ်ဆို. . .

ဖအေဆိုပေမယ့် ဒီသမီးရဲ့ အနာဂတ်ကို ဒီပုံစံမျိုး ဒီအတွေး တွေ ဝင်အောင် ပုံသွင်းထားသည့် တမာချိုဆိုသော မိန်းမတစ်ယောက်၏ အနုစိပ်လက်ရာများကို သူ ချေဖျက်နိုင်စွမ်း မရှိပါ။

ငွေနဲ့စကားပြောသော ခေတ်မှာ ငွေကို မမက်မောသူတွေ အပေါ် မကျေနပ်ကြတာ ဆန်းတော့မဆန်း။

ဒီအကြောင်းတွေ ဒီသဘောင်းတွေ စာနယ်ဇင်းသမားတို့ လက်ထဲ ရောက်ပေါင်းများစွာနှင့် တစ်မျိုးထူးသော မင်းသမီး ခင်ဘုန်းဆက်၏ ဂုဏ် သတင်းက ပရိသတ် စိတ်ဝင်စားဖွယ် ဖြစ်နေခဲ့ပြီ။

သားသမီး မိဘတို့က ကျေနပ်အားရလျက် လူငယ်ချင်းလည်း သဘောကျလာကြသည်။

လူ့သဘာဝကလည်း မရတာကိုမှ လိုချင်တာ. . .

မမြင်တာကိုမှ ပိုကြည့်ချင်တာ. . .

ရုပ်ရှင်လောကမှာ ခင်ဘုန်းဆက်ဆိုသော နာမည်ကြီး မင်းသမီး တစ်ယောက်သည် ရှားပါးပစ္စည်းလေးလို တန်ဖိုးက ကြီးသထက်ကြီးလာ၏။





တကယ်တော့ ဒါဟာ ဇာမင်ဖန်တီးယူခဲ့တာ မဟုတ်ပါ။

အနုပညာကို ချစ်သော အနုပညာဖြင့် အမျိုးကို ဂုဏ်တင့်စေ လိုသော ကိုယ်ကျိုးမဖက်သည့် စေတနာကြောင့်. . .

"ခင်ဗျားသမီးပဲဗျ. . . ပြီးတော့ ခင်ဗျား မိန်းမကိုလည်း နည်း နည်းပါးပါး ပြောပေးစမ်းပါဦး. . . မအေပြီးရင် ပြီးတဲ့သမီးဗျ. . ."

အီယာကိုမေ့ ဆောက်ရင်း ဦးတော်ဝင် အကူအညီ တောင်း လာသည်။

သူ စိတ်မကောင်းစွာ ခေါင်းခါခဲ့ရသည်။

"ခင်ဗျားတို့က အစကတည်းက သေချာမှ စီစဉ်ဖို့ ကောင်း တယ်. . ."

တစ်ယောက်တည်း ညည်းသလို သူ ပြောလိုက်မိသည်။

"ဒါတော့ မှန်ပါတယ်. . ."

ဘေးက သူ့အဖော် ဇာတ်ညွှန်းဆရာက ဝင်ပြောသည်။

"သူ့ကို ပြောတုန်းက ဇာတ်လမ်းက အမျိုးသမီး ဦးဆောင်တာ ...ည်း ဖြစ်နေလို့. . . ကျွန်တော်တို့က မင်းသားဦးဆောင်တဲ့ ဇာတ်ကို ...ပြောင်းလိုက်ရတာပါ. . . အဲဒီ ဇာတ်လမ်းထဲမှာ မင်းသမီး ဇာတ်ကောင် ... စရိုက်ကို မကြိုက်လို့ဆိုလားဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးတော်ဝင် စခန်းထလာ ပြန်သည်။

"အဲဒါ ပြောတာပေါ့. . . ဘာပဲဖြစ်ဖြစ်ဗျာ. . . အနုပညာသမား အချင်းချင်း ဒီလောက်ပြတ်သားတာ မကောင်းပါဘူး. . ."

အိမ်ထောင်တစ်ခုလုံးကိုတောင် ဖျက်စီးခဲ့တာပဲ။

ဒီမိန်းမရဲ့ အဓိက ပစ်မှတ်က ငွေမဟုတ်။

ရင်ထဲက စကားတို့ကို အသံတိတ် ပြောနေမိရင်း ဦးဘုန်းသော် ငြိမ်သက်သွား ပြန်သည်။

"ဘာပြောပြော. . . အနုပညာသမားဆိုတာ ပရိသတ်နဲ့ အထ အတွေ့များမှ နာမည်ကြီးတာ. . . နာမည်လေး ရလာတုန်း ကားတွေ ဆက်တိုက် မရိုက်ဘဲ ခုလို ဇာတ်ရွှေ့နေလို့ကတော့ သိပ်ကြာမှာ မဟုတ် ဘူး. . ."

ဦးတော်ဝင် စိတ်တိုနေတာ ဖုံးလို့ဖိလို့ မရဖြစ်နေသည်။

"ဟုတ်တယ်. . . နာမည်ကြီးတယ်ဆိုပြီး ဟိုကားမရိုက်ဘူး. . . ဒီကားမျိုး မရိုက်ဘူး လုပ်နေရင် ပရိသတ်နဲ့ အဆက်ပြတ်သွားမှာပဲ. . . အနုပညာသမားတို့ ဘဝဟာ ဒီနေ့ ငွေအပုံလိုက်ချပြီး ဖူးဆောက်ခံနေ ပေမယ့် မနက်ဖြန် ကန်ထုတ်ခံရရင် ခံရမှာ. . . ငွေဆိုတာ ရတုန်းမှ တတ်မှ. . ."

ဒီတစ်ခါလည်း ဦးဘုန်းသော် ပြုံးမိပြန်သည်။

တမာချိုဟာ ငွေမက်တဲ့ မိန်းမဆိုရင် ခုချိန်ထိ သူ့ဇနီးအဖြစ် ဆက်လက် တည်ရှိနေဦးမှာ. . .

မင်းသမီး ခင်ဘုန်းဆက်ဟာလည်း သူ့ရင်ခွင်ရိပ်အောက်က သမီးလေးပေါ့. . .

ပညာတည်းဟူသော မာနကို မုန်းတီးစွာ ဒီမိန်းမကို သူ ကျော် နိုင်းခဲ့ပေမယ့် အဲဒီမာနတွေကိုပဲ ထပ်တလဲလဲ မကျေနပ်စွာ တွေးရင်း ဒီနေ့ထိ မေ့လို့မရနိုင်ခဲ့တာ သူကိုယ်သူပဲ သိပါသည်။

အဲဒီမာနများနှင့်ပဲ လူတွေ အထင်တကြီး စိတ်ဝင်စား ဖြစ် လာရခြင်းကြောင့် သမီး ခင်ဘုန်းဆက်၏ အနုပညာ ဂုဏ်သတင်းက ပို လို့ထင်ရှားနေတာလား. . .

တစ်ခါတလေ တွေးကြည့်ဖြစ်ရင်း သူ နားလည်ဖို့ ကြိုးစားကြည့် ခဲ့ဖူးသည်။

သမီး အနုပညာလောကမှာ ထင်ရှားသည်ထက် ထင်ရှားလာ တာဟာ တမာချို့ရဲ့ စရိုက်တွေ အများကြီး ပါတာပေါ့. . .

အနုပညာနှင့် ဖန်တီးယူလိုသော အတ္တများ. . .

အဲဒီအတ္တတွေဟာ ဘာလဲလို့ သူ မတွေးကြည့်ခဲ့ဘူးပါ။





www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီနေ့ သမီးရဲ့ သရုပ်ဆောင်မှု ဝတ်စားဆင်ယင်မှုတွေကို ဝိတ်ကားပေါ်မှာ မြင်ရတော့ ဖခင်တစ်ယောက်ရဲ့အနေနဲ့ရော ဆိုဆုံးမခက်သော ခပ်ကဲကဲ သမီးတစ်ယောက်၏ အဖေအနေနဲ့ပါ။

သဘောတကျ ရှိခဲ့ရတာ အမှန်။

သမီးလေးရဲ့ အောင်မြင်မှုနှင့် လုပ်ဆောင်မှုတွေကို သဘောကျပေမယ့် မာနကြီးကြီး မိန်းမတစ်ယောက်ကို နားလည်မပေးနိုင်တာ ခုချိန်ထိ. . .

♥ ♥ ♥

စိမ်းစိုနေသည့် မြက်ခင်းပြင်နုနုပေါ်မှာ ဖြူဖွေးသော စားပွဲနှင့် ဘလားထိုင်လေးဓတ္တ ခင်းလို့. . .

ဆံပင်တွေ ဖားလျားဝေဝေ ဝဲဖြာနေစေသော ပန်းနုရောင် မိန်းမလှလေးတစ်ယောက် ပုံပုံနွဲ့နွဲ့ ထိုင်နေပုံက အဝေးက လှမ်းမြင်လိုက်ရတည်းက ရင်ထဲမှာ ကဗျာတစ်ပုဒ် ဖြစ်သွားစေနိုင်ပေသည်။

စပယ်တင်မှဲ့လေးနှင့် မျက်နှာနုနုလေးက သူ့ကို မြင်တော့ သွားသည်။

"မောင်. . ."

"ခင်ဘုန်း ဒီနေ့ နားတယ်လား. . ."

"မောင်ရော. . ."

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်. . . သူလုပ်ပြီ. . ."

မေးတာကို မဖြေပဲ ပြန်ပေးတော့ နှစ်ယောက် ပြိုင်တူရယ်မိကြ

သည်။

မောင်က မျက်နှာချင်းဆိုင် ကုလားထိုင် တစ်လုံးမှာ ထိုင်ချလျက်

"အမေ သိပ်နေမကောင်းတာနဲ့ မောင် အလုပ်မသွားဖြစ်တာ"

ခင်ဘုန်းက သူမ စုတ်နေသည့် အအေးပုလင်းနှင့် ပိုက်တံကို

မောင့်ရှေ့ ပြောင်းချထားပေးလိုက်၏။

"ဘယ်လို ဖြစ်လို့လဲ. . . ဖျားတာလား. . ."

မောင်က ခေါင်းညိတ်ရင်း ကုလားထိုင်မှာ ခပ်လျော့လျော့ မှီ

လိုက်၏။

"ခုတစ်လော အမေ့ပုံစံက တစ်မျိုးထူးလာတာ အမှန်ပဲ ခင်ဘုန်း

ပြီးတော့ နည်းနည်းလည်း ချူချာလာတယ်. . ."

"ဟင်. . ."

ခင်ဘုန်းဆက် ကိုယ်လုံးလေး ကိုင်းလာလျက် ဒူးနှစ်ဖက်ပေါ်မှာ

တံတောင်လေးတွေ ထောက်ကာ. . .

"ဘယ်လို ထူးခြားတာလဲ မောင်. . . ပြောစမ်းပါဦး. . ."

နှုတ်ခမ်းတွေ စေ့လျက် သက်ပြင်းချလိုက်သော မောင့်ပါးပြင်





မှာ ဝိုင်းစက် ထင်ရှားသော ပါးချိုင့်နှစ်ဖက်က ထင်းကနဲ ဖြစ်သွားသည်။

ယောကျ်ားပီသ ခန့်ညားသည့် မောင့်ရုပ်သွင်နှင့် ပါးချိုင့်လေး

တွေ ဘယ်လိုအပြုအမူတွေပဲ လုပ်လုပ် ထင်းကနဲ ရှင်းကနဲ ပေါ်လာတတ်

တာတွေက ခင်ဘုန်းရင်ကို လှုပ်ရှားစေနိုင်သော စူးနစ်ဝေနိုင်သော

ကျည်ဆံတောင့်လေးတွေလို. . .

မျက်လုံးတွေ စုကျုံ့ရင်း စဉ်းစားသလို ဖြစ်သွားသည့် မောင့်

မျက်နှာကို ငေးကြည့်နေမိ၏။

"ခုတစ်လော အမေ နည်းနည်း ငိုင်လာတယ်. . . အရင်လို

သိပ်လှုပ်လှုပ်ရှားရှား မလုပ်တော့ဘူး. . . တစ်ခုခုကို စဉ်းစားနေသလိုမျိုး

ပေါ့. . ."

"အဲဒါ ကောင်းတဲ့လက္ခဏာပဲ မောင်. . ."

မောင် ခင်ဘုန်းကို ပြန်ကြည့်လျက်. . .

"အအိပ်အစားလည်း နည်းသွားတယ်ကွ. . . တစ်ခါတလေ

အိပ်ရာထဲမှာ အိပ်နေရင်း နိုးလာပြီး အသံတိတ် မျက်ရည်ကျနေတာ

လည်း ရှိတယ်. . ."

"သူ့အာရုံထဲမှာ အတိတ်က အကြောင်းအရာ တစ်ချို့ကို

ခပ်ရေးရေး ပေါ်လာတာမျိုးလား မသိဘူးနော်. . ."



www.burmeseclassic.com

www.burmeseclassic.com



ခင်ဘုန်းဆက် အပြောကို မောင်က လက်ခံသည်။

"အခု နေမကောင်းတော့ စကားဆို လုံးဝမပြောသလောက်ပဲ"

"အဲဒီလို ငြိမ်ငြိမ်သက်သက်ဆိုရင် သူ့ကိုထိန်းဖို့ အမျိုးသမီး တစ်ယောက်လောက် မောင် ရှာလင့်တယ်. . .

အစစ အရာရာ အကူအညီလည်း ရတယ်. . . မောင်လည်း သက်သာတာပေါ့. . ."

"မောင် စဉ်းစားထားပါတယ်. . . ဒါပေမယ့်. . ."

"ယုံကြည်ရမယ့် တစ်ယောက်ယောက် ခင်ဘုန်း ရှာခိုင်းလိုက်မယ်လေ. . .

. . အဲဒါမျိုး အားကိုးရတဲ့ မိတ်ဆွေတွေ ရှိတယ်. . ."

မောင်က ခေါင်းညိတ်လိုက်၍. . .

"အင်းလေ. . . စီစဉ်ပြတာပေါ့. . . ဒါနဲ့ ခင်ဘုန်းကို ဝေဖန်တာတွေ ခုတလော တော်တော်များလာတယ်. . ."

"ဘယ်လို အကြောင်းတွေ များလဲ မောင်. . ."

မောင် ခပ်တွေတွေ ဖြစ်သွားလျှက်. . .

"ဘယ်လို ပြောရမလဲ. . . စုံတော့ စုံနေတာပဲ. . ."

ခင်ဘုန်းဆက် ကိုယ်ကို မတ်မတ်ပြန်ထိုင်ရင်း လက်ကလေး





နှစ်ဖက်ကို ခပ်ဖွဖွ ပိုက်ထားလျှက်. . .

"အဲလိုမကျတိုင်း ထွက်လာတဲ့ မကျေနပ်သံတွေကို ခင်ဘုန်း ဂရုမစိုက်ဘူး. . . တစ်ခုကိုပဲ ခင်ဘုန်း အလေးထားတယ်. . .

အဲဒါဟာ ခင်ဘုန်းရဲ့ အနုပညာအပေါ် တကယ်ခံစားပြီး လွှင့်ပျံ ထွက်လာတဲ့ ပရိသတ်ထဲက အသံ. . ."

ခင်ဘုန်းက ခပ်လဲ့လဲ့လှမ်းက နှင်းဆီပင်တွေကို ငေးကြည့်ရင်း သက်ပြင်းချလိုက်သည်။

"အနုပညာရှင် တစ်ယောက်အနေနဲ့ ကိုယ်တိုင် အကျင့်စာရိတ္တ ကောင်းမွန်အောင်နေတယ်. . . တစ်ကိုယ်ကောင်း မဆန်ဘူး. . .

. . ကိုယ့်အနုပညာကို အမြဲ အလေးထား ကြိုးစားနေတယ်ဆိုရင် လုံလောက်ပြီ ခင်ဘုန်း ယူဆတာ မှန်ရဲ့လား မောင်. . ."

မောင်က ပါးချိုင့်လေးတွေ ထင်းနေအောင် ပြုံးလိုက်၏။

"ခင်ဘုန်း စိတ်ဓါတ် အဲလို ကြံ့ခိုင်ရင် မောင် ဝမ်းသာပါတယ် မောင့်ဘဝမှာလည်း စိတ်မနှံ့တဲ့ မိခင်တစ်ယောက်ရဲ့ သားအဖြစ် လူတွေရဲ့ အတိုက်အခိုက် တော်တော် ခံခဲ့ရတယ်. . . ခင်ဘုန်းလိုပေါ့ကွာ. . . မောင် ဂရုစိုက်တာက တစ်ခုပဲ. . . အဲဒါဟာ အမေ. . ."

ခိုင်မာသည့် စိတ်ဓါတ်ခြင်း ဖလှယ်သော အပြုံးများ ကိုယ်စီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ထွန်းသွားကြသည်။

"မောင်လေး... မောင့်ကြောင့် ခင်ဘုန်းဘဝ... သူများဖြော

ရာဖြစ်လှာမှာတော့ စိုးတယ်...

... ဒါကြောင့် ခင်ဘုန်းကို ချစ်ပေမယ့် မောင် လျှို့ဝှက်တယ် စောင့်စည်းခဲ့တယ်... ဒီအတွက် မောင့်ကို ခင်ဘုန်း နားလည်ပေး ပါ..."

"နားလည်ပါတယ် မောင်... ဒါပေမယ့်..."

"ဒီအတွက် သတ္တိမွေးဖို့ မကြိုးစားပါနဲ့ ခင်ဘုန်းရယ်... ခင် ဘုန်းဟာ ရုပ်ကွက်ထဲက သာမန် မိန်းကလေး တစ်ယောက် မဟုတ်ဘူး မောင်တို့ တစ်ယောက်ကို တစ်ယောက် ချစ်နေကြရင် လုံလောက်ပါတယ် အဆင်ပြေမယ့် တစ်နေ့ဆိုတဲ့ ကာလတစ်ခုထိ စောင့်ကြတာပေါ့...

... မောင် အမေ့အခြေအနေ ကောင်းလာရင် ချော့မော့ ဆေးရုံတင်မယ်လို့ စိတ်ကူးထားတယ်...

.. ဆရာဝန်ကြီးနဲ့ ဆွေးနွေး ကြည့်တော့လည်း အလားအလာ ကောင်းတွေ အများကြီး ရှိတယ်တဲ့..."

"ခင်ဘုန်းကို စိတ်ချပါ မောင်... ခင်ဘုန်း ဘဝမှာ ချစ်သ လက်ထပ်သူဟာ တစ်ယောက်တည်းပဲ..."



ခင်ဘုန်း ပေးထားသည့် အအေးပုလင်းလေးကို ကောက်ယူလိုက် ...း တစ်ယောက်ကို တစ်ယောက် ကြည့်မဝသော မျက်လုံးများနှင့်...

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"ကိုထွေး ကားခဏရပ်လိုက်စမ်းပါ. . ."

ကိုထွေးက ကားကို ချက်ချင်း ရပ်ပစ်လိုက်၏။

"ဘာလုပ်မလို့လဲ ခင်ဘုန်း. . ."

မလေး ခင်ဘုန်းဆက် လက်ကလေးကို သတိပေးသလို ဆ

ကိုင်လာလျက် မေးလိုက်သည်။

"ဟိုရှေ့မှာ ပြေးလာကြတာ မမြတ်တို့မို့လား. . ."

မလေးက ခင်ဘုန်း လက်ဖဝါးလေးကို ပိုမို၍တင်းအောင်

ကိုင်လိုက်ကာ. . .

"ပြေးလာကြပုံက ဗရုတ်သုတ်ခ ခင်ဘုန်းရယ်. . . ခင်

သတိလည်းထားဦး. . . ပြောချင်တဲ့ လူတွေ ပြောစရာ ဖြစ်သွားပါဦး





ခင်ဘုန်းဆက် ခေါင်းခါလိုက်သည်။

ရုပ်ရှင်သရုပ်ဆောင် တစ်ဦးပဲ ဖြစ်ဖြစ် နတ်သမီးပဲ ဖြစ်ဖြစ် အကြောင်းတစ်ခုခုကြောင့် အမောတကော ပြေးလာနေသည့် အစ်မဖြစ်သူ တစ်ယောက်လုံးကို ထားပစ်ခဲ့ရလောက်အောင်တော့ မရက်စက်နိုင်ပါ။

"ဒါ. . . ခင်ဘုန်းတို့ ကားမို့လား. . . ခင်ဘုန်း. . ."

ဘေးနားသို့ အမောတကော အရောက်. . .

"ကိုထွေး တံခါးဖွင့်ပေးလိုက်ပါ. . ."

ခင်ဘုန်းမြတ်နဲ့ အမျိုးသား တစ်ယောက် ကားပေါ်သို့ အလု အယက်တက်လိုက်လျက် တံခါးပိတ်ပြီး လော့ခ်တွေပါ ချပစ်လိုက်ကြ၏။

ခင်ဘုန်းမြတ်နဲ့ အမျိုးသားတို့ မျက်နှာတွေမှာ ချွေးတွေရွှဲလို့။

မလေးနဲ့ ခင်ဘုန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် လိုက်မိကြ၏။

မလေး မျက်နှာ အဖျက်ကြီး ပျက်နေတာ သူ့အတွက်ဆိုတာ ခင်ဘုန်း သိပါသည်။

"ဟင်. . ."

သုံးဆယ်လေးလမ်းထဲမှ ပြေးထွက်လာကြသည့် ယူနီဖောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီနှင့် ရဲကွေ. . .

မလေး ကလေးလေး ဒိုင်းလောက် ခင်ဘတ်ဖိတော့သည်။

ဘာလေးလဲ. . .

ဒိုင်း. . . ခင်တုန်း သက်ကလေးကို ဆွဲကိုင်လာပြန်သည်

ဒီတာခါ ခင်တန်းပါ ဘယ်ကိုယ်လုံး ခေါင့်တင်းသွား မထ

ယိုက်လန့်သွားပြီ

ခွေ့က ဟိုဒီ လှည့်ပတ်ရှာဖွေရင်း ကကနေတွေ စားပြီး တ

လိုက်ကြည့်နေ၏

ဒီခလေး ပါးနပ်ပုံကြောင့် . . . ဘယ့် သက်မတင်လေး မွေ

ပါ၏။

"မမြတ်. . . မမြတ် ဘာဖြစ်သောကာလ တင်. . ."

ခင်တန်း မေးတော့ ခင်တုန်းမြတ် မျက်လုံးတွေက မ

နိုင်တွေနဲ့ . . . အမျိုးသားကို ခပ်စူးစူးကြည့်၏။

အမျိုးသား မျက်နှာခါက်သိ ဖျက်ကနဲ လှည့်လာ

မက်မနဲ့မ ဝိုင်းဝိုင်းကြောင် . . . ခင်တုန်းကို

နုပ်ရဲရဲ ဘာပြုမလဲနင့်. . .

"မခင်တုန်း ကိုကို . . . ရေးလုံတင်တယ်ရှာ



ဘယ် တကယ်. . ."

ညို ခါတ်တုံစ်ချိုပါသော ကြည့်ခြင်း ပြုံးခြင်းများနှင့် နှုတ်ဆက်

လာခြင်းကို ခင်တုန်း သဘောမကျစွာ နှုတ်ဆိတ်နေ . . . ၏။

သူမေးတာကို မဖြေနိုင်သော အစ်မဖြစ်သူကို ခေါက်ကင်ပေါ်

ကြည့်နေရင်း ခင်တုန်း နားမလည်နိုင် . . .

ညပ်ခေနှင့် မလွှတ်ကင်းသော သုံ့ပန်းတစ်ခုခု မ . . . လုပ်ခဲ့ပြီ

လား. . .

ဖါမှမဟုတ်. . .

ဒီလူကြောင့်လား ဘာသိဖြစ်ဖြစ်. . .

ဒီလူနဲ့ မမြတ် ပတ်သက်ခြင်းကိုတော့ ခင်တုန်း နားလည်လိုက်

ပါပြီ. . .

♥ ♥ ♥

သစ္စာမှန်စာပေ

www.burmeseclassic.com

“ဟလို. . . ပြောပါ ကျွန်တော် ဘုန်းသော်ပါ. . .”

“. . . ကိုဘုန်းသော် ကျွန်တော် ပြောရမှာ အားတော့နာတယ်ဗျာ. . .”

“ခင်ဗျာ. . . အခု ပြောနေတာ ဘယ်သူလဲ ခင်ဗျ. . .”

“. . . ကျွန်တော် ဒုရဲအုပ် ဝင်းနောင်ပါ. . .”

“. . . ဟာ ဆရာဝင်းနောင် ပြောပါဗျာ. . . အားမနာပါနဲ့ ဘ[illegible]

အကြောင်းများ ရှိလို့ပါလိမ့်. . .”

တစ်ဖက်က ချက်ချင်း စကားသံ တိတ်သွားသည်။

တအောင့်ကြာမှ. . .

“. . . ကိုဘုန်းသော်. . .”



www.burmeseclassic.com


“ခင်ဗျာ. . . ပြောပါ. . .”

“ဒီနေ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ကျွန်တော့်ဆီ သတင်းတစ်ခုရောက်လာတယ်ဗျ. . . သတင်းအရ ကျွန်တော် ဆက်စုံစမ်းကြည့်လိုက်တော့ လွတ်မြောက် ထွက်ပြေးသွားတဲ့ မူးယစ်ဆေးဝါး သုံးစွဲရောင်းချသူကောင်လေးရဲ့ ဘေးမှာ အမြဲပါလာတဲ့ မိန်းကလေးဟာ ခင်ဗျားသမီးဖြစ်နေတယ်. . .”

“ဗျာ. . .”

ဦးဘုန်းသော် ငယ်ထိပ်မိုးကြိုး ပစ်ချခံလိုက်ရသည့်နှယ်. . .

မျက်စိတွေ နားတွေ ဦးခေါင်းတစ်ခုလုံး အုန်းကနဲ ပွင့်ထွက်သွားမတတ်။

“သေ. . . သေချာရဲ့လား ကိုဝင်းနောင်. . .”

“. . . ဒီသတင်းမျိုး မိဘရဲ့နားကို မသေချာပဲ မပို့ပါဘူး. . . ကိုဘုန်းသော် အဲဒီထွက်ပြေးသွားတဲ့ ကောင်လေးဟာ မိဘများကတော့ ပိုက်ဆံချမ်းသာကြတယ်. . . သူကျတော့ တကယ့်နာမည်ကြီး အဖွဲ့တစ်ခုနဲ့ မရှင်းမလင်း ရှိနေတာ ကြာပြီ. . . ဒီနေ့ သူတို့ ဆေးသုံးဖို့ လုပ်တုန်းဝင်ဖမ်းတာ. . . လက်မတင်လေး ကပ်လွတ်သွားတယ်ဗျာ. . . နို့မို့ဆို ခင်ဗျား တော်တော် စိတ်ညစ်ရမှာ. . .”



www.burmeseclassic.com

www.burmeseclassic.com



ဦးဘုန်းသော် ဘာမှမကြားတော့ပါ။

ရှော်ဒေါ်သမှားနှင့် ဖုန်းသည့် နားမှကွာ၏။

မိုက်လိုက်တဲ့ သမီး. . .

အပေါင်းအသင်းတွေနဲ့ ပျော်လားဝါးလားနေ။

ဘွဲ့တစ်ခုရဲ့ တာဝန်ကျေရဲ့ သက်သက်သာ ယူထားပြီး ဖအေဖြစ်သူကိုလည်း ကူညီရမှန်း မသိ။

နိုင်ငံ့တာဝန် ထမ်းဆောင်ဖို့လည်း စိတ်မဝင်စား။

ဒီမိန်းကလေး တစ်နေ့ ခြေလှမ်းမှားတော့မှာကို ရင်တထိတ်ထိတ်ငံ့နေရဆဲ. . .

မှားမှဲမှားတော့ ဦးဘုန်းသော် ကိုယ့်နားကိုယ်ပင် မယုံနိုင်။

သူ့မှာ မည်မျှပင် ငွေကြေးဥစ္စာ ပြည့်စုံချမ်းသာပေမယ့် တကယ့်အရေးကြုံလာတော့ ဘိုးတိုးဖော်မရှိ။

သူ့အခက်အခဲ ကိစ္စတွေကို ဖွင့်တတိုင်ပင်ချင်သည်။

ဆုံးမရန် မလွယ်ကူသော သမီးတစ်ယောက်နှင့် သူ့ဒုက္ခကို ကူမယ့်ယူမယ့်သူ အနီးကပ်ဆုံး ဘယ်သူမှ မရှိ။

သမီးငယ်ဆို ကြည့်စမ်းပါဦး. . .

မအေ့ စိတ်တိုင်းကျ တကယ့် အလိမ္မာလေး. . .





ရုပ်ရှင်တွေလည်း ရိုက်နေပါလျက် ဘွဲ့တွေ တစ်ခုပြီး တစ်ခုယူနေလိုက်တာ. . .

ဒီမိခင်က မွေးထုတ်လိုက်သည့် သမီး နှစ်ယောက်သည် သီအစ်မ ဖြစ်ကြပါလျက်. . .

အဘယ့်ကြောင့် စရိုက်သဘာဝ ခြားနားခဲ့ပါသနည်း။

"ကဲ. . . တမာချို. . . ဒီနေ့ကစပြီး ဝါကပဲ စကြော်ငြာမယ. . . ငင်းနဲ့ငါ သဘောထားခြင်း မတိုက်ဆိုင်စွာ နှစ်ဦးသဘောတူ လမ်းခွဲကြမယ်. . ."

သူကိုယ်တိုင် ပြောခဲ့သော စကားလုံးတွေ. . .

သူဒီလို ပြောလိမ့်မည် မထင်ခဲ့သော တမာချို မျက်ဝန်းတွေ ရုတ်တရက် ဝိုင်းစိုင်းလည် သွားလျက် တအံ့တဩ ကြည့်နေပုံ. . .

ပြီးတော့ ခဏချင်းပဲ အေးစက် ပြောင်းလဲသွားခြင်းနှင့် အံကြိတ်ထိုက်ပုံများ. . .

"သမီးကြီးကို ငါခေါ်သွားမယ်. . . သမီးငယ်ကိုတော့ မင်း ခေါ်ထားပေါ့. . . ကထိကကြီး ဒေါ်တမာချို သမီးကို ဘယ်လိုပုံသွင်းနိုင်မလဲဆိုတာ ငါ စောင့်ကြည့်မယ်. . ."

သူ ကိုယ်တိုင်ပဲ စိန်ခေါ်ခဲ့တာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဝွေ...

သူ့ခေါင်းထဲမှာ ဝွေပဲရှိနေခဲ့သည်။

တမာချို့ကို အနိုင်ယူဖို့ သူ စည်းစိမ်ချမ်းသာ တစ်ခုတည်း အတွက်ပဲ အလေးထား ကြိုးစားခဲ့၏။

သူ အလုပ်လုပ် ရှု့ချဝေဖန်လွန်းသည့် မိန်းမတစ်ယောက် အပေါ် သူ့ဘယ်ထိ အောင်မြင်တာ ကြီးပွားတာနှင့် အနိုင်ယူမည်။

အဲဒါ သူ့ ဆုံးဖြတ်ချက်...

ခုတော့...

သူ့ဘဝမှာ တန်ဖိုး အကြီးဆုံး အရာတစ်ခုကို သတိမေ့နေခဲ့လျက် လောဘအမှောင်တွင်းမှာ နစ်မွန်းနေခဲ့မိခြင်းကြောင့် ထိုအရာကို အဆုံးရှုံးမခံနိုင်စွာ အလူးအလိမ့် ခံစားလာရသောအခါ ကုန်လွန်ပြီးသည့် အချိန်တွေကို ဘာနဲ့မှ ပြန်လဲယူလို့ မရတော့ပါ။

"တီ...တီ..."

မြည်လာပြန်ပြီ။

သူ ဖုန်းကို စိတ်ပျက်စွာ ကြည့်ရင်း တော်တော်နှင့် မကိုင်ဖြစ်

"တီ...တီ...တီ..."

"ဟလို...ပြောပါ..."





"ဖေဖေလား ဟင်..."

"ဟင်...သမီးငယ်..."

ဦးဘုန်းသော် ဖုန်းကို ကျန်သည့် ‌ငေး လိုက်မိသည်။

"ဖေဖေ...မမြတ် အခု အိမ်မှာရှိလား"

ထိတ်ကနဲ ဖြစ်သွားရပြန်သည်။

"မရှိဘူး သမီး...ဘာ...ဘာဖြစ်လို့လဲ..."

"မမြတ်ကို ဒီအတိုင်း ဆက်မထားပါနဲ့ ဖေဖေရယ်..."

ဘုရား...ဘုရား...

ဖုန်းထဲက သမီးငယ် ပြောပြနေသည့် အဖြစ်အပျက်တွေက ဇာရဲအုပ်ဝင်းနောင် ပြောသည့်ကိစ္စပါပဲလား...

သမီးငယ် စကားတွေကို နားထောင်ရင်း နဖူးမှာ ချွေးတွေစို့လာ၏။

ဒါတွေကို သူ တစ်စွန်းတစ်စမှ မသိခဲ့ပါလား...

သိဖို့လည်း သူ မကြိုးစားခဲ့မိတာ အမှန်။

သမီးကြီးအပေါ် စိုးရိမ်စိတ်ဝင်လာမိခြင်း။

ပြုပြင်ယူဖို့ အားယူနေမိခြင်းသည် နောက်ကျခဲ့လေပြီ



www.burmeseclassic.com

www.burmeseclassic.com



ငွေ. . . သော ပွေသော ချစ်သူကိုမှ သမီးကြီးရွေးရသတဲ့

သူ့ခေါင်းထဲမှ

တမာချို့ကို ဒ ပြောတာတွေ ကြားရဲ့လား ဟင်. . .

အတွက်ပဲ အလေးထား . သမီးရယ်. . ."

သူ ဘာ ခေါင်းငိုက်စိုက်ကျသွားလေသည်။

အပေါ် သူ . သူ ဘာဆက်လုပ်ရမလဲ. . .

♥ ♥ ♥

"ဘာတဲ့လဲ သမီး. . ."

"ဖေဖေ တော်တော် စိတ်ထိခိုက်သွားတယ် ထင်တယ် မေမေ"

"ဟာင်. . ."

ဒေါ်တမာချို လက်ကို မိန့်မိန့်ကြီး ပိုက်လိုက်၍ နှုတ်ခမ်းမဲ့သည်။

"အဲဒါ လောဘ မောဟကြီးတဲ့ လူတွေရဲ့ ဇာတ်သိမ်းခန်းပဲ"

ဖေဖေ့အပေါ် သနားခြင်းများစွာ ဖြစ်မိသည့်တိုင် ခင်ဘုန်းဆက်

မေမေ့ရှေ့မှာ ဘာမှမပြောရဲပါ။

ဖုန်းကို အသာပြန်ချထားလိုက်ပြီး မျက်နှာငယ်လေးနှင့် ငြိမ်

သက်စွာ ထိုင်နေမိသည်။

ဒေါ်တမာချိုက သမီးမျက်နှာကို ငုံကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . သမီး ဖေဖေ့ဆီ သွားပြီး တစ်စုံတစ်ခု ပြောပြီး အား ပေးချင်နေတယ်. . . အကြံပြုချင်နေတယ်မို့လား. . ."

ခင်ဘုန်းဆက် မျက်တောင်မဲလေးတွေ ဖျတ်ကနဲ ပင့်တက်လာ လျှက် မေမေ့ကို အံ့ဩဟန်လေးနှင့် ကြည့်သည်။

သမီးမျက်နှာကို ကြည့်ရင်း သူမယူဆချက် မှန်သွားသည်မို့ ခေါင်းတမာချို ပြုံးလိုက်သည်။

"လုံးဝသွားဖို့ စိတ်မကူးနဲ့ သမီး. . . သားအဖနှစ်ယောက်လုံး တစ်ယောက်တစ်မျိုးစီ ဥစ္စာရှူး ရူးနေကြတာ. . . သမီး သူတို့နဲ့ မတန်ဘူး လုံးဝ မပတ်သက်ရဘူး. . . ဒီနေ့လို အဖြစ်မျိုး နောက်တစ်ခါ ထပ်ကြုံ ရင်. . ."

ခင်ဘုန်းဆက် မေမေ့မျက်နှာကိုပဲ အံ့ဩစွာ ငေးကြည့်နေ သည်။ စကားရပ်သွားလျှက် မေမေ အားယူသလိုမျိုး ပင့်သက်ရှိုက် လိုက်တာ မြင်ရသည်။

ပြီးမှဆက်၍. . .

"သမီးနဲ့ မောင့်ကိစ္စတုန်းက သူဟာ မေမေ့ ရှေ့ထိလာပြီး ကန့် ကွက်ခဲ့တယ်. . . အထင်မြင်သေးစွာနဲ့ တစ်ဖက်သားကို ချိုးချိုးဖဲ့ဖဲ့ ပြော ခဲ့တယ်. . . ငါ့သမီးရဲ့ ဘဝအညွန့်ကို မချိုးနဲ့တဲ့. . . ဟင်း. . . ဟင်း"





ထိုစဥ် နွားနို့ပူပူလေး နှစ်ခွက်ကို သယ်လာရင်း မယတ္တ စားပွဲ ပေါ်မှာ ချထားခဲ့ပြီး ကုတ်ကုတ်လေး ပြန်ထွက်သွားသည်။

"မချမ်းသာပေမယ့် ရိုးသားကြိုးစားတဲ့ အင်ဂျင်နီယာ တစ် ယောက်ကို အနုပ်စုတ် ဂုတ်စုတ်တဲ့လေ. . . မအေက အရှုံးမို့ သိက္ခာကျ သတဲ့. . ."

ခင်ဘုန်း အခန်းထဲက ပန်းချီကားတွေကို မော့ကြည့်ရင်း မေမေ တစ်လုံးချင်း ပြောနေ၏။

"သမီးကြီး သူ့လက်ထဲပါသွားကတည်းက မေမေ့မှာ သမီးတစ် ယောက်ထဲ ရှိတယ်လို့ မေမေ သတ်မှတ်ခဲ့ပြီးသား. . ."

"မေမေ. . ."

ခင်ဘုန်းခေါ်တော့ မေမေ ဖျတ်ကနဲ လှည့်ကြည့်ရင်း ခင်ဘုန်း ထိုင်နေသည့် အိပ်ရာနံဘေးမှာ မျက်နှာချင်းဆိုင် လာရပ်လိုက်သည်။

"မေမေ ပြောတာ ရက်စက်ရာကျသွားလို့လား. . . နည်းတောင် နည်းသေးတယ်. . . သမီး ခင်ဘုန်းမြတ်ဟာ သမီးလို သိမ်မွေ့နူးညံ့တဲ့ မိန်းမလိမ္မာလေး တစ်ယောက်ဆိုရင် မေမေ မျှော်လင့်မိကောင်း မျှော်လင့် မိမယ်. . . မိဘကို မိဘလို သဘောထားတတ်အောင်တောင်မ မဆုံးမ နိုင်တဲ့ လူတစ်ယောက်ရဲ့ လက်ပေါ်က သမီးကို မေမေတို့ ဘာမှ သွမ်းရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး. . ."

အက်ကွဲလာသော ခမေမေ့အသံက ပုံမှန်အတိုင်း မဟုတ်သလ

မေမေ့မျက်ဝန်းမှာ မျက်ရည်စရောင်လဲ့လာသော မြင်နေရသည်။

"ခုန မပြောဖြစ်ဘဲ စကားထပ်ပြောမယ်. . . ဒီနေ့ကိစ္စမျိုး

နောက်ထပ်ကြုံခဲ့ရင် သမီး ယုံကြည်မကြည့်ပါနဲ့. . ."

ပြောထွက်နိုင်စွာ ပြတ်တောက်သွားခဲ့သည့် စကားကို ပြည့်

အားစွာ ပြောချလိုက်သည်။

ခင်ဘုန်းဆက် မျက်ရည်လေး လည်လာရသည်။

ယကြိုးတွေ မခေါ်ကြပေမယ့် သူတို့ ညီအစ်မချင်းက မကြေ

မကြာ ဆုံကြ ရယ်ကြ မောကြနေခဲ့ကြသည်ပဲ။

'ခမေမေ့ဆီ မလာဖြစ်သလောက် ရှိပေမယ့် ခင်ဘုန်းမြတ်

အမြင့်မှာဆို ခင်ဘုန်းရှိတတ်သည့် နေရာတွေထိ မကြာခဏ လာ

တတ်သူ မေမေရယ်. . .

သွေးကသွေးပဲ မပြတ်ကို မရက်စက်ပါနဲ့. . .

မှင့်ဟာ မပြောရဲစွာ ခင်ဘုန်း အသဘိက် တောင်းပန်မိသည်

တကယ်တော့သည်း သမီးတစ်ယောက်ကို အဖိုးတန် အမျိုး

မိန်းမမြတ်ကလေး ဖြစ်လာအောင် စောင့်ရှောက်ခြင်းများနှင့် ကြွေး





ပြုစုလာခဲ့သည့် မေမေ့လို မိခင်ကောင်း တစ်ယောက်အပေါ်. . .

မေမေ့ ခံယူချက်များ အပေါ်. . .

ခင်ဘုန်း ဘာမှ ဝေဖန်စရာ မရှိ မရောင့်ရဲဖို့ မလိုပါ။

မေမေ့သွန်သင် ဆုံးမမှု စည်းစနစ်များကြောင့် ယနေ့

ခင်ဘုန်းဆက်ဆိုသော မိန်းကလေး တစ်ယောက်၏ တန်ဖိုးမြင့်မှုမြင့်မား

ခဲ့ပါသနည်း။

မေမေ့ ဂုဏ်ကျေးဇူးများကို ပြန်လည်ခံစားရင်း မေမေ့အပေါ်

ဖြစ်လာမိသည့် မရေမရာ အတွေးများကို ပျောက်စေခဲ့သည်။

"ဒါတွေထားလိုက်တော့. . . လာမယ့် အကယ်ဒမီရွေးပွဲမှာ

ဘယ်သူတွေ ရမယ်လို့ သမီး ထင်လဲ. . ."

ခေါ်တမာချို သမီးလေး စိတ်ပြေလက်ပျောက်အောင် တမင်

စကားလွှဲလိုက်ရခြင်းပါ။

ခင်ဘုန်း စိတ်ကူးတွေ အကယ်ဒမီရွေးပွဲဆီ ပြန်ရောက်သွား

လျက် ကြည်လင်သွားသည်။

"သမီးတော့ မထင်တတ်ဘူး မေမေ. . . ပဓိသတ်ကတော့ ထင်

ကြေးအမျိုးမျိုး ပေးနေကြတာပဲ. . . 'သစ္စာလမ်းခွဲ' မှာ သမီးအတော်အင်

ရမှာပဲလို့လည်း ပြောနေကြတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တမာချို ကျေနပ်စွာ ခေါင်းညိတ်နေသည်။

"ဒီ အကာယ်ဒမီဆုကို ငမ်းငမ်းတက် လိုချင်နေတာမျိုးတော့ မဟုတ်ဖူး. . . ဒါပေမယ့် သမီး ဒီဆုတွေ မကြာမကြာရအောင် ကိုယ့်အနုပညာကို အမြဲကြိုးစား အမွန်းတင်နေရမယ်. . . သမီးဟာ နာမည်ကြီးသထက် ကြီးပြီး. . .

. . . လူတွေ အသဲထဲ နှလုံးထဲထိ နေရာယူ ဖမ်းစားထားနိုင်တဲ့ အနေအထားမျိုး ရောက်တဲ့အခါမှ သမီး ဘာပြောပြော သမီး ဘာလုပ်လုပ် သမီးရဲ့ အပြောအဆို ဝတ်စားဆင်ယင်မှု အကျင့်စရိုက်ကအစ ပရိသတ် သဘောကျ လက်ခံမယ်. . ."

ဒေါ်တမာချို နွားနို့ဖန်ခွက်ကို ကောက်ယူလိုက်သည်။

"ခင်ဘုန်းဆက်. . . ဘာလုပ်လုပ် လိုက်လုပ်ချင် လိုက်ပြောချင်လာတဲ့အထိ သမီး ကြိုးစားနိုင်တဲ့ တစ်နေ့ကျရင် သမီး သဘောကျသလို ဆုံးဖြတ်ပါတော့. . . သမီးရဲ့ အနုပညာနဲ့ တို့လူမျိုးရဲ့ ယဉ်ကျေးမှုတွေ အဆင့်အတန်းတွေ မြှင့်သူရင်ထဲစွဲသွားစေခဲ့ရင် မေမေ ဆန္ဒတွေ ပြည့်ဝပါပြီ. . .

. . . သမီး ဖန်ဆင်းခဲ့တဲ့ ဒီဇိုင်းသစ်ဆိုတာလေး ခေတ်လူငယ်မိန်းကလေးတွေ အပေါ် လွှမ်းမိုးသွားနိုင်တဲ့နေ့ဟာ မေမေ့ တစ်ဘဝလုံးအတွက် ပြည့်စုံသွားတဲ့နေ့ပဲ. . ."

"စိတ်ချပါ မေမေ. . . မေမေ့ရဲ့ ကောင်းသော စေတနာတွေ ပြည့်ရပါစေ့မယ်. . . သမီး စိတ်ထားမှန်ရင် ဒီ့ထက်ပိုကြိုးစားခဲ့ရင် ကြိုးစားသမျှဟာ အကောင်အထည် ပေါ်လာမှာပါ. . ."

ဒေါ်တမာချို ကျန်သည့် နွားနို့ခွက်ကို ယူ၍ သမီးဖြစ်သူကို ပြုံးကြည်သော မျက်နှာနှင့် ကမ်းပေးလိုက်သည်။

"သောက်လိုက်ဦး သမီး. . . ပြီးရင် ခေါင်းထဲမှာ ဘာမှမထားနဲ့တော့. . . အိပ်ရေးဝဝအိပ်. . . ဟုတ်ပြီလား. . ."

"ဟုတ်ကဲ့. . ."





www.burmeseclassic.com

www.burmeseclassic.com

ရေအိုးထဲက ရေအေးအေး တစ်ခွက်ကို ခပ်သောက်လိုက်ပြီး အိပ်ယာပေါ်မှာ ခြေပစ်လက်ပစ် သဲချလိုက်မိသည်။

သူ့မျက်လုံး ရှေ့တည့်တည့်မှာ ဘိုက်အိုကြီး၏ အပေါ်ထပ် ကြမ်းခင်း. . .

တစ်ခြမ်းနီးနီး မီးလောင်ထားသည်မို့ ကျန်သော ကြမ်းခင်းတွေမှာ မီးညှိနှိုက်ထားသည့် အရာတွေ. . .

မှိုင်းတစ်ချို့နှင့် မဲနေသည့် တိုက်ကြီးက ရင်နင့်စရာပါ။

ဒါကြောင့် အမေ့ကို သူ သနားရှိမဆုံး. . .

အမေ့ခမျာ သမီးနှင့် လင်လည်းဆုံး မိဘများပါ သူ့ ပယောဂကြောင့် ဆုံးရသည်မို့ ရင်ကွဲခဲ့ရှာရင်း ဒီဘဝရောက်ခဲ့ရတာ. . .

သစ္စာမွန်စာပေ



ခုတစ်လော တိုက်ကြီးကို လှည့်ပတ်ကြည့်ရင်း အမေ စကားတွေ တတွတ်တွတ် ပြောနေတတ်လျက် ဟိုနားသွား ဒီနားသွား လုပ်တတ်သည်။

အယ်နေရာသွားသွား အကြောင်း မဟုတ်ပေမယ့် တိုက်ကြီးရဲ့ အပေါ်ထပ်ကိုတော့ သူကိုယ်တိုင် တစ်ခေါက်သာ တက်ကြည့်ဖူးခဲ့ပြီး အမေ့ကိုတော့ လုံးဝမသွားစေခဲ့ပါ။

မီးလောင် ပျက်စီးထားသည့် ဒဏ်နှင့် ကျန်သည့်အပိုင်းတို့က လည်း မခိုင်မာတော့သည်မို့ အပေါ်ထပ် တက်မှာကျတော့ အမေ့ကို စိတ်မချ။

ဒီတိုက်ကြီးကြောင့် အမေ့ဝေဒနာများ ပိုကဲလာမလား ဆိုသည့် စိုးရိမ်မှုများနှင့် တိုက်ကြီးကို သူ မြင်ချင်လှပါသည်။

ဒါပေမယ့် သူ့အင်အားနှင့် ဘယ်လိုမှ မဖြစ်နိုင်သေး။

မဖြစ်နိုင်တာက သိပေမယ့်လည်း သူကိုယ်သူ မကျေနပ်ပါ။

ဆယ်တန်းကျောင်းသား ဘဝကတည်းက သူ ဒီတိုက်ကြီးကို ရောက်ခဲ့တာ. . .

သူ့ကိုယ်သူ တာဝန်မကျေသူ တစ်ယောက်ဟု မြင်မိသည်။

လူတွေ ပြောကြသလို ငြိကို တစ်ငက်ခြမ်း ရောင်းလိုက်လျှင်တော့ အစစ အရာရာ အဆင်ပြေသွားနိုင်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း သူမလုပ်နိုင်ပါ။

အမေစိတ်တွေ ပုံမှန်ဖြစ်လာခဲ့လျှင် သူ ဒီလို ထင်သလို လုပ်လိုက်တာ သဘောကျပါ့မလား. . .

အမေ့အတွက် အလွမ်းဖြေစရာ မိဘအမွေဆိုလို့ ဒီခြံပဲရှိတာ. . .

မောင် တောင်တွေး မြောက်တွေးနှင့် အိပ်မရဖြစ်နေဆဲ. . .

"ဝုန်း. . ."

"အား. . ."

အပေါ်ထပ်က ပြိုကျသံများ. . .

"အမေ. . . အမေ. . ."

မောင် အိပ်ရာထက်မှ ခုန်ထရင်း တအား ကျယ်ခေါ်လိုက်မိသည်။

အမေတစ်ခုခု ဖြစ်ပြီဆိုသော အသိနှင့် အပေါ်ထပ်သို့ မထိန်းသိမ်းနိုင်စွာ ပြေးတက်ခဲ့ မိလေသည်။

ဘုရားခန်းနှင့် နှစ်ခန်းကျော် စာအုပ်တွေ အများအပြား ရှိနေ၁တ်ခန်းနှင့် တူသော အခန်းထဲမှာ. . .

စာအုပ်စင်ရော နောက်ဖက်က ပန်းအိုးတွေ တင်ထားသည့် ထုပ်တန်းကြီးပါ ပြိုကျပြန့်ကျဲလျက် ကြားထဲမှာ ခွေခေါက် မှေ့လဲနေသည့်





အမေ။

"အမေ. . . အမေ. . ."

အမေ့ကို သူ ကျုံ့ပွေ့လိုက်ရတော့. . .

"ဟင်. . . သွေးတွေ. . ."

ကြမ်းပေါ်မှာ အကွက်လိုက်ကြီး ကျန်နေသည့် သွေးတွေ. . .

"အမေ. . . အမေ. . ."

သူ တစ်ကိုယ်လုံး ဘာဆက်ဆက် တုန်လာသျက် စိုးရိမ်စိတ်များနှင့် အမေ့ ဦးခေါင်းကို လက်ဖြင့် ထိုးစမ်းလိုက်တော့ နောက်စေ့တစ်ပြင်လုံး စေးထန်းသော သွေးများရွှဲလျက်. . .

နီရဲနေသော သူ့လက်ဖဝါးက သွေးတွေကို ကြည့်ကာ မောင် မျက်လုံးပြူးသွားသည်။

"အမေ့. . ."

အမေ့ကို တအားဖက်ထားမိလျက် မောင် ခေါ်သံက ဆို့နစ်အက်ကွဲနေသည်။

ဘာသို့ ဒီနေရာကိုမှ တက်လာရတာလဲ အမေရယ်. . .

မောင် အခွေ ရင်ဘတ်နားမှာ နားတပ်ထောင်လိုက်ပြီး ကမျာတယာ ထဖို့ ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုယ်လုံးကို ဖွေ့ကာနဲ ဖွေ့ချီလိုက်ကာ စိုးရိမ်ဇောနှင့် အောက်ထပ်သို့ ကမန်းကတန်း ဆင်းခဲ့လေတော့သည်။

♥ ♥ ♥

"အား. . . အမလေး သေပြီ. . . ကျွန်မ သမီးလေး သေပါပြီ အစ်ကိုရေ. . ."

ဝေ့ထွေးသွင်းထားဆဲ ပိုက်တန်းလန်းနှင့် ဒေါ်သန္တာ အတင်းကျိုးတော့ အနီးရှိ လူများ ဝိုင်းဝန်းထားကြရသည်။

"အမေ. . . အမေ သတိထားလေ. . ."

"ဖယ်. . . ဖယ်စမ်းပါ. . . လူတွေ လူတွေ သေကုန်ကြပြီ. . ."

ဒေါ်သန္တာ မျက်လုံးတို့ ဝိုင်းဝိုင်းလည်လျက် ပါးစပ်က စကားတို့ တွတ်တွတ် ပြောနေရင်း တဖြည်းဖြည်း ငြိမ်သက်သွားသည်။

"အမေ. . . အမေ သတိထားနော်. . . အခု ဆေးနဲ့ပေါ် ရောက်တော. . . နေကောင်းမှ စကားတွေ အများကြီး ပြောကြမယ်နော်. . .

www.burmeseclassic.com

www.burmeseclassic.com



အမေ. . .”

သူမ ဘေးနားမှာ အမေဟု တဖွဖွ ခေါ်ရင်း သူမရဲ့ လက်ချော

ကို တယုတယ ဆုပ်ထွေးပြုစုနေသော ကောင်လေးအဖြစ် ဒေါ်သန္တာ

မျက်လုံးဝိုင်းကြီးများက မောင့်ကို စူးနစ်စွာ တစ်ချက်ကြည့်သည်။

ပြီးတော့. . .

မျက်လုံးတွေ ဖျတ်ကနဲ ပြန်မှိတ်သွားကာ ငြိမ်သက်နေ၏။

အိပ်ပျော်သွားတာချည်း မဟုတ်သည့် မျက်ခွံလေးတွေက လှုပ်ရှား

နေလျှက် တအောင့်ကြာသည်နှင့် ဖျတ်ကနဲ ပြန်ပွင့်လာသည်။

“သား. . . ငါ့သားလေး ကျန်ခဲ့သေးတယ်. . . သားလေး မောင်

ရော. . .”

လူနာကုတင်နားမှာ ဝိုင်းနေသည့် လူတွေဆီ မျက်လုံးတွေ

လိုက်ပြီး မောင့်ဆီ အကြည့်တွေ ပြန်ရောက်သွားသည်။

“အမေ. . . ကျွန်တော် အမေ့သား မောင်လေ. . .”

“မောင်. . .”

“ဟုတ်ပါတယ်. . . အမေ မောင်ပါ. . .”

ဝမ်းသာအားရ ပြုံးလိုက်သည့် မောင့်ပါးနှစ်ဖက်က ထင်းခနဲ

ပေါ်သွားသော ပါးချိုင့်ကြီးတွေကို ဒေါ်သန္တာ သတိတရ ရှိလျက်. . .





“သား. . .”

“အမေ့. . .”

“အမေ့သား အမိမဲ့သားလေး. . .”

အနီးမှာ ရှိနေကြသည့် မောင့်ရဲ့ ကုမ္ပဏီ ပိုင်ရှင်မိသားစုနှင့်

ဒေါ်ဆွမာချို့တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

ဆရာဝန်ကြီးနှင့် ဆရာမ မျက်နှာတွေမှာ အပြုံးပန်းတို့ ဝေလာ

ကြသလို ပင့်သက်ရှည်ကြီးများ ကိုယ်စီနှင့်. . .

တစ်ယောက်ကို တစ်ယောက်ဖက်ထားရင်း မျက်ရည်တွေတွေ

ကျနေကြသည့် သားအမိနှစ်ယောက်ကတော့ လောကကြီးကို မေ့နေသည့်

နှယ်. . .

မောင့်အဝ အတွက် ကံကောင်းခြင်း လက်ဆောင်ကို အဆိုးထဲမှ

မောင် ရခဲ့လေသည်။

စာအုပ်စင် ဖြိုကျသည့် ဒဏ်ရာနှင့် ဒေါ်သန္တာဆေးရုံရောက်

ပြီး ပြန်လည်လာသော အသိတရားတို့က တိမ်ညိုမဲ့တို့ ကင်းစင်လျက်။

အားလုံးကို ကျေးဇူးတင်စကားဆိုရင် သားဖြစ်သူကို အရိပ်

တကြည့်ကြည့်။

အကြောင်းစုံကို သိပြီးပြီမို့ သူမ စိတ်တွေ ဖောက်ပြန်နေခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြာသော ကာလကြီးကို တစ်ယောက်ထဲ ဆင်းရဲစွာ ရုန်းကန်ခဲ့ရသည့် သားလေးကိုလည်း သနားမဆုံး။

ဒီအတွက် သားလေးကို ဖက်ရင်း ကျရသည့် မျက်ရည်က တော်တော်နှင့် မစဲခဲ့ပါ။

"သားရယ်. . . အမေ့ရင်ထဲမှာ သောကတွေ ဘယ်လောက်ရှိရှိ သားလေး နောင်ရေးအတွက် နောက်ဆို အမေ ထိန်းချုပ်ပါ့မယ်. . ."

ဟု အထပ်ထပ် ကတိပေးရှာသည်။

အမေ့ ဝေဒနာတွေ သက်သာအောင် တိုက်ကြီးကို ဒီအတိုင်း ထားလို့ မဖြစ်တော့တာ တွေးမိရင်း ခြံတစ်ခြမ်း ရောင်းဖို့ကိစ္စ အမေနဲ့ တိုင်ပင်မည်ဟု မောင် ဆုံးဖြတ်ထားဆဲ. . .

"သား. . . အမေ့ရဲ့ မသိစိတ် အာရုံက ပို့ပေးလိုက်တဲ့ အဲဒီ အပေါ်ထပ်က သားအဘိုးရဲ့ စာဖတ်ခန်းက တကယ်တော့ လျှို့ဝှက်ခန်း တစ်ခုပဲတဲ့. . ."

အစချီကာ ဒေါ်သန္တာ ရှင်းပြလေသည်။

ပြီးတော့. . .

သားအမိ နှစ်ယောက် တိတ်ဆိတ်စွာပဲ အဲဒီ စာဖတ်ခန်းထဲ မြန်ဝင်ကာ အမေက အမြဲ နေထိုင်ခဲ့သော နေရာမှ ကျွမ်းကျင်စွာ လှုပ်ရှား





ရင်း နောက်ဆုံး နံရံထဲမှာ တစ်သားတည်း မြှုပ်ထားသော လျှို့ဝှက်အပေါက်ကြီး တစ်ခုကို တွေ့ရလေသည်။

တကယ်တော့ ဒါကို ဦးတဝါး သတိရစိတ်နှင့် တက်လာရှာရင်း တအုပ်စင်ပြိုကျကာ ဒေါ်သန္တာအတွက် အဆိုးထဲက အကောင်းဖြစ်ခဲ့ရခြင်းပါ။

"ရှေ့သား. . . ဒီပစ္စည်းတွေဟာ အင်မတန် သန့်ရှင်းတဲ့ သားရဲ့ ဘိုးဘွားပိုင် အမွေတွေပဲ. . . တစ်ဦးတည်းသော သမီး အမေ့အတွက် မိဘတွေ ထားရစ်ခဲ့တဲ့ အမွေပေါ့. . ."

အားလုံးကို ရိုးသားစွာ ဖွင့်ပြောပြတော့ မောင့်အတွက် ခင်ဘုန်းတို့ ဝမ်းသာကြရသည်။

အမေ့ဝေဒနာများလည်း ပျောက်ကင်းလျှက် ဘိုးစဉ်ဘောင်ဆက် စုဆောင်းသိမ်းဆည်းလာခဲ့သော အမွေပုံကြီးပေါ် ချက်ချင်း ရောက်သွားရသည့် မောင့်ဘဝကို အံ့ဩဝမ်းသာ ဖြစ်ကြရတာ အမှန်။

"ကျွန်တော့်ဘဝကို မိဘလို တစ်မျိုး မိတ်ဆွေကောင်းလို တစ်မျိုး အစစ အရာရာ အားပေးကူညီခဲ့တဲ့ အန်တီတို့ကို ကျွန်တော် ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ် အန်တီ. . ."

"ဟုတ်ပါတယ်ရှင်. . . သားလေးရဲ့ မိတ်ဆွေကောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိပါဘူး...”

သားအမိ နှစ်ယောက်လုံး ကျေးဇူးတင်မဆုံး ရှိကြရင်း အားလုံး ရင်မှာ ကြည်နူးမှုများစွာနှင့်...

တကယ်ဆို ဒေါ်သန္တာ ဒဏ်ရာပြင်းစွာ ရသည့်အချိန်မှာ ဆေး အချိန်မီ ရောက်ဖို့ ဒေါ်တမာချိုတို့သာ မောင်နဲ့ထပ်တူ စိုးရိမ်တကြီး အကူ အညီတွေ မပေးခဲ့လျှင်...

“ကျွန်မ အတွက် စိုးရိမ်တကြီး အကူအညီ ပေးခဲ့တာတွေ လည်း ကျွန်မ တစ်သက် ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး ရှင်...”

ဟု အထပ်ထပ် ပြောနေဆဲ...

ရည်ရွယ်ချက်များစွာနှင့် မောင့်ဘဝမှာ အပျော်ဆုံး အချိန် ရောက်ခဲ့ပြီ။

“ခင်ဘုန်းရယ်... မောင် ဒီလိုအစစ အဆင်ပြေသွားလိမ့်မယ် လို့ အိပ်မက်တောင် မမက်ရဲခဲ့ပါဘူး...”

တုန်ယင်သော လက်များနှင့် ခင်ဘုန်း လက်ကလေးကို ဆုပ် ကိုင်ရင်း...

“မောင်တို့ ချစ်လမ်းခရီးမှာလည်း အားလုံး ချောမွေ့သွားပြီ နော်...”





“လူ့ဘဝရဲ့ ကံတရားဆိုတာ မထင်မှတ်ပဲ ပြောင်းလဲတတ်တာ မျိုးပဲ မောင်ရဲ့...ဘာပဲဖြစ်ဖြစ် မောင့်အတွက် ခင်ဘုန်း အရမ်းကို ဝမ်း သာနေမိတာပါ...”

“မောင်နဲ့ထပ်တူပဲဆိုတာ ယုံပါတယ် ခင်ဘုန်းရယ်...ခုလို မောင့်ဘက်က အားလုံး အဆင်ပြေသွားပြီဆိုတော့ မောင့်ချစ်သူကို မောင် ပိုင်ပိုင်ကြီး ချစ်ရဲသွားပြီ...ခင်ဘုန်းဘက်ကပဲ လိုတော့တယ်ဗျ...”

မချင့်မရဲ ဆိုလာသော ချစ်သူကို ခင်ဘုန်း မျက်စောင်းလှလှ လေး တစ်ချက် လက်ဆောင်ပေးလျက်...



www.burmeseclassic.com

www.burmeseclassic.com

ဒေါသကြောင့် နီနေသော မျက်နှာသည် သွေးတို့ပေါက်ထွက်လာတော့ မတတ်ရှိနေသလို တစ်ဖက်က ပြန်ကြည့်လာသော မျက်လုံးတို့ က စူးစူးရဲရဲ။

"မပြောစရာရှိရင် မြန်မြန် ပြောလိုက်စမ်းပါ ဒက်ဒီ. . . သမီးကို အဲဒီ မျက်လုံးတွေနဲ့ မကြည့်ပါနဲ့. . ."

ဦးဘုန်းသော် မေးကြောတွေ တင်းကနဲ ဖြစ်သွား၏။

"အေး. . . ဒက်ဒီ ပြောမယ်. . . ပြောရခက်နေတာက ဖအေနဲ့ သမီးကြားမှာ မပြောရဲလောက်တဲ့ စကားမို့ပဲ. . ."

ခင်ဘုန်းမြတ် ဂရုမစိုက်စွာ ပြန်ကြည့်နေဆဲ. . .

"ညက သမီး နိုက်ကလပ်ကို ဘာသွားလုပ်တာလဲ. . ."



အနေအထိုင် မျက်နှာငယ်သလောက် တိုးတိတ်တုန်ယင်စွာ မေးပြီး. . .

"ဘာအကြောင်းနဲ့ သွားတာလဲ. . . ဘာဖြစ်လို့ ဟိုမှာ ရှုတ်ရှုတ်သဲသဲတွေ ဖြစ်ရတာလဲ. . . ဒက်ဒီ ဂုဏ်သိက္ခာကို သမီး ဘာဖြစ်လို့ မငဲ့ညှာတာလဲ. . .

. . . ဒီအဖြစ်တွေနဲ့ ပတ်သက်ပြီး ဒက်ဒီ လူတွေကို ဘယ်လို ရင်ဆိုင်ရမှာလဲ. . ."

ကျယ်လောင်သော မေးခွန်းများကို မနားတမ်း တရစပ် မေးချလိုက်သည်။

ခင်ဘုန်းမြတ် မျက်လုံးတွေ အနည်းငယ် ပြူးသွားလောက် ရုတ်တရက် ဘာပြောရမှန်း မသိ

"ပြောလေ. . . ပြော်စမ်းပါ. . . သမီးကို ယုံယုံကြည်ကြည်နဲ့ စိတ်ချထားခဲ့မိတဲ့ ဒက်ဒီကို လူ့ပုံအလယ်မှာ မျက်နှာမပြရဲအောင် လုပ်ရက်တယ်. . ."

"ဘာမျက်နှာမပြရဲစရာ မလိုပါဘူး ဒက်ဒီ. . . ဒါ ဒက်ဒီ ကိုယ်တိုင်ဖွင့်ထားတဲ့ နိုက်ကလပ်ပဲ. . . ကိုယ့်အဖေပိုင်ရင် သမီးလည်း ပိုင်တာပဲ. . . သွားခွင့်မရှိဘူးလား. . ."

ခင်ဘုန်းမြတ် ပတ်ကနဲ ပြောချလိုက်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းသော် မျက်လုံးကြီး ပြူးလာလျက်. . .

"မသွားရဘူး. . . ဘာမှသွားဖို့ မလိုဘူး. . . အဲဒီနေရာမျိုးကို သမီးသွားဖို့ မလိုဘူး. . . ဒီနေရာဟာ. . ."

ဦးဘုန်းသော် အသံတွေ အက်ကွဲနေသည်။

"မိန်းကလေး တော်တော်များများ အဲဒီထဲမှာ ရှိကြတာပဲ. . . သမီးလည်း မိန်းကလေးပဲ. . . ပြီးတော့ သမီးချစ်သူနဲ့ သွားတာပဲဟာ"

"ခွေးမ. . ."

"ဖြန်း. . ."

ရိုက်ချက်ပြင်းပြင်းကြောင့် ခင်ဘုန်းမြတ် မျက်လုံးထဲမှာ မီးပွင့်သွားသည်။

နှလုံးသားထဲမှာလည်း ပေါက်ကွဲခဲ့ပါ၏။

ဘယ်တုန်းကမှ နာကျင်အောင် မရိုက်ခဲ့ဖူးသည်မို့ ရင်ထဲမှာ ကြေကွဲမဆုံး။

"ဒက်ဒီ ရိုက်ချက်ကို သမီး ဘယ်တော့မှ မမေ့အောင် သိမ်းထားမယ်. . ."

ပါးကို ပွတ်လျက် ခင်ဘုန်းမြတ် အသံက မာကြောနေသည်။

လွတ်လပ်ခြင်း များစွာရထားသည့် သူမဘဝမှာ ဒါယောက်ျား



အပြစ်ကြီး တစ်ခုရယ်လို့ မမြင်။

ညက နိုက်ကလပ်ထဲသို့ ကိုရဲ အမျိုးသမီးတစ်ယောက်နှင့် ဝင်သွားသည်ဟု သတင်းအတိအကျ ရထားလို့. . .

ပြီးတော့. . .

ကိုယ်ပိုင်သည့် နေရာမို့ ရဲရဲတင်းတင်း ဝင်လိုက်သွားရင်း ကိုရဲကို အပြတ်ပွဲကြမ်းပစ်လိုက်တာ. . .

ကိုရဲကို ဘယ်လောက်ထိ စွဲလမ်းမြတ်နိုးမိတာ သူမ ကိုယ်တိုင်သာ အသိဆုံး။

ကိုရဲကို ဘယ်သူနဲ့မှ တွဲသွားတာ မကြိုက်။

ဘယ်သူ့ကြောင့်မှ အဆုံးရှုံးမခံနိုင်။

ဒါ့ကြောင့် ကိုရဲနဲ့ ပတ်သက်သမျှ ဆိုးဆိုးကောင်းကောင်း သူမ သည်းခံ ကူညီမေးခဲ့သည်။

ကိုရဲရဲ့ အခက်အခဲတွေကို တတ်နိုင်သလောက် ဖြေရှင်းပေးခဲ့သည်။

နောက်ဆုံး ကိုရဲဟာ ဆေးသမား တစ်ယောက်ဖြစ်နေမှန်း သိရက်နှင့် မပစ်ရက်နိုင်စွာ ပြုပြင်ပြောင်းလဲပေးဖို့ သူမ ကြိုးစားနေခဲ့တာ၊

ခင်ဘုန်းမြတ် အချစ်၏ အင်အားတွေကို သုံးလျက် ဖအေ


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်လုံးကို ရန်သူလို စိတ်ကထင်လာ၏။

"မိန်းကလေး တစ်ယောက်ဟာ အချိန်တန် အရွယ်ရောက်လို့ ချစ်သူရွေးခဲ့တယ်. . . အဲဒါ အပြစ်လား. . ."

"အဲဒါ အပြစ်မဟုတ်ပေမယ့် ဆေးသမားကိုမှ ရွေးချစ်တာ အပြစ်ပဲ. . . နိုက်ကလပ်ထဲ တွဲသွားတာ အပြစ်ပဲ. . . ဒါ မိန်းမကောင်း တွေရဲ့ အကျင့် မဟုတ်ဘူး. . ."

ခင်ဘုန်းမြတ် ဟင့်ကနဲ ရယ်လိုက်၏။

"ဘယ်ဟာက မိန်းမကောင်း အကျင့်လဲ. . . ဒက်ဒီ သမီးကို သင်ပေးထားတာ. . ."

"မဟုတ်ဘူး. . . မသွားရဘူး. . ."

ဦးဘုန်းသော် ကုယောင်ကတန်း ထအော်လျက် သမီးရှေ့က ပိတ်ရပ်လိုက်သည်။

"သမီး. . . သမီးအပေါ် ဒက်ဒီ မှားခဲ့တာတွေ တာဝန်မကျေခဲ့ တာတွေ. . . ဒက်ဒီမှာလည်း ချွတ်ယွင်းချက် ရှိပါတယ်. . . သမီးရယ်. . .

". . . ဒက်ဒီတို့ သားအဖ စိတ်အေးလက်အေးကျမှ အနာဂတ် အတွက် ဆွေးနွေးကြရအောင်. . ."

"ဝမ်းနည်းပါတယ် ဒက်ဒီ. . . သမီးရဲ့ အနာဂတ်ဟာ ကိုရဲနိုင်





ရင် ပြည့်စုံမှာပါ. . ."

ဖြတ်သားစွာ ထွက်ခွာသွားသူကို တားဆီးမရနိုင်တော့ပါ။

သမီးရယ်. . .

သမီးဘာတွေ လုပ်မလို့လဲ. . .

ဒီ ကိုရဲဆိုတဲ့ ဆေးသမားဟာ သမီးရဲ့ အနာဂတ်အတွက် ဘာတွေ ဖန်တီးပေးနိုင်မှာလဲ. . .

မိုက်လိုက်တာကွယ်. . .

ဒါဟာ ဒါတွေဟာ ဘယ်သူ့ကြောင့် ဖြစ်လာတာလဲ. . .

အတိတ်ဆီက ပုံရိပ်တွေက တရိပ်ရိပ် ပြန်ပေါ်လာလျက် ဦးဘုန်းသော် မျက်ရည်တွေ ကျလာသည်။

"ရှင့်လို လူတစ်ယောက်ကြောင့် မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေး မှုတွေ အမျိုးကောင်းသမီးတွေရဲ့ ဘဝပျက်စီးရတယ်. . .

. . . ရှင့်တိုက်က ဒီလို စာပေမျိုးတွေ ထုတ်တာ ကျွန်မ လုံးဝ ကန့်ကွက်တယ်. . .

. . . အဲဒီ စရိုက်မျိုးတွေ ရှင့်သမီးတွေရဲ့ ရင်ထဲ ကိန်းအောင်း လာမှာ ရှင် မစိုးရိမ်ဘူးလား"

မြင့်မိုရ်တောင်ကို ဇီးစေ့နဲ့ မပေါက်ချင်နဲ့ဟု သူ ခလောင်းပစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖူးပါသည်။

တကယ်တော့ အဲဒီပစ်ချက်တွေ အားလုံး သူ့အပေါ်မှာပဲ စုပုံကျနေခဲ့ပြီ။

ဒဏ်ရာများစွာနှင့်အတူ နလံမထူနိုင်တော့ပါ။

သမီးလေး ရင်ထဲမှာ နာကျည်းချက်ကလေးတွေ ရှိနေခဲ့တာ သူ စိုးစိမ့် မရိပ်မိခဲ့တာ အမှန်။

သူ့မှာ ချို့ယွင်းချက်ပေါင်းများစွာ ရှိခဲ့တာ သတိရလျက် သမီးလေး နာကျည်းချက်များနှင့် ဘဝဆုံးအောင် ရွံ့တော့မှာကို သိရလျက် ဦးဘုန်းသော် ဆောက်တည်ရာမရတော့ပါ။

"ဘွဲ့ရပညာတတ်ဖို့ပဲလား... မိန်းမကောင်း အကျင့်ကိုမှ သင်မပေးတာ... သမီး မိန်းကလေးလို ဘယ်ကျင့်တတ်မလဲ... အဲဒါ သမီးမှာ အပြစ်ရှိလား..."

"သမီး..."

ဦးဘုန်းသော် အသားတွေ ဆတ်ဆတ်တုန်လာသည်။

သမီးရဲ့ စိတ်ဓါတ်တွေ ဤမျှ ရိုင်းစိုင်းကြမ်းတမ်းနေခဲ့ကာ သူ ဘဝပျက်တော့မတတ် ခံစားရမှ သိခဲ့ရသည်။

ဘာ့ကြောင့်မှန်း မသိသည့် မျက်ရည်စတွေ ဝေ့တက်လာ၏။





"သမီး ကိုရဲကို ချစ်တယ်... သူ့အတွက်နဲ့ ဘာကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ဂရုမစိုက်ဘူး...

...သူဟာ ဆေးသမားမဟုတ်လို့ ဘာလိုလူစားပဲဖြစ်ဖြစ် သမီး ချစ်တယ်... နိုက်ကလပ်ကို ရောက်ရတာလဲ သူ့ကြောင့် ပဲ... ဒါ သမီး အပွင့်လင်းဆုံး ပြောတာ..."

"တော်စမ်း... ဒီလောက်ထိ မိဘကို စော်ကားပြီးမှ ပွင့်လင်းတာလို့ မပြောနဲ့... ဒါ ပွင့်လင်းတာ မဟုတ်ဘူး... ရိုင်းစိုင်းတာ..."

"တင်ပြခြင်းပါ ဒက်ဒီ... ခုခေတ် မိဘနဲ့ သားသမီးကြားမှာ ဟိုအရင်ကလို မိဘဆိုတဲ့ ပါဝါနဲ့ တစ်ဖက်သတ် ချုပ်ကိုင်တာတွေ မရှိတော့ဘူး... ဘာမဆို ပွင့်လင်းမှု ရှိကြတယ်..."

ဦးဘုန်းသော် တက်တစ်ချက် ခေါက်လိုက်မိသည်။

"ခေတ်ဆိုတာကို စကားထဲ မထည့်နဲ့ ခင်ဘုန်းမြတ်..."

သူ့ကို နာမည်တပ်ခေါ်လိုက်တော့ ခင်ဘုန်းမြတ် နှုတ်ခမ်းကို မသိမသာ မဲ့လိုက်သည်။

"ခေတ်ဘယ်လိုပဲ ပြောင်းပြောင်း... မိဘနဲ့သားသမီးကြားမှာ ပွင့်လင်းမှုဆိုတာက ရိုသေခြင်းတရားနဲ့ အရင်းခံရတယ်...

...မိဘကို တင်ပြဆွေးနွေးတာဟာ ယဉ်ကျေးသိမ်မွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . မိဘဆန္ဒကို ပြန့်လည်နှားထောင်ခြင်း တစ်မျိုး. . .”

“ဒါတွေလဲ ပြောမနေနဲ့တော့ ဒက်ဒီ. . . အစကတည်းက ဒက်ဒီ ဒီစကားတွေနဲ့ သမီးကို ပုံသွင်းထားဖို့ကောင်းတာ. . . ဒက်ဒီလည်း ဒက်ဒီ့အလုပ် ဒက်ဒီလုပ်သလို. . . သမီးလည်း ကိုယ့်အလုပ် ကိုယ်လုပ် ခဲ့ရတာပဲ. . .

. . . သမီးခေါင်းထဲမှာ သမီး ဖတ်ထားတဲ့ စာပေတွေ. . . သမီး ကြည့်ထားတဲ့ ရုပ်ရှင်တွေ အဲဒါတွေထဲက ဇာတ်လမ်းသူတွေပဲ ရှိတယ်. . . အဲဒီ အတိုင်းပဲ မြင်တယ်. . .”

ခင်ဘုန်းမြတ် တမင် အရွဲ့တိုက်နေပြီဆိုတာ ဦးဘုန်းသော် သိ လိုက်သည်။

“စာဖတ်တာ ရုပ်ရှင်ကြည့်တာဟာ တကယ်တန်ဖိုးရှိတဲ့ ရည် ရွယ်ချက်ကို ထုတ်ကြည့် မှတ်သားရတာ. . . တကယ် ဇာတ်သိမ်းသေးသေး စာပေမျိုးကို ဖတ်တတ်ရတာ. . . ဒီထဲက အဆိပ်အတောက်ကို သိမယ် တတ်ရတယ်. . .”

“ဒီမှာ ဒက်ဒီ. . . ဒက်ဒီ့ကို သမီး ပွင့်လင်းစွာ ပြောပါရစေ ဒက်ဒီ ကောင်းတာလုပ်မှ သမီးလည်း ကောင်းကောင်း နေတတ်မှာပေါ့ ခုတော့ ဒက်ဒီက ကိုယ်ပိုင်နိုက်ကလပ် ထားတယ်. . . သမီး သွားတာ





မကြိုက်ဘူး. . . ကိုယ်တိုင်စာအုပ်တွေ ထုတ်တယ်. . .

. . . သမီးကျတော့ ဒါမျိုး တွေ မဖတ်ရဘူးတဲ့. . . အဲဒါ ဒက်ဒီ တရားလား. . . ဒက်ဒီ လုံးဝမတရား ဘူး. . . သမီးဟာ ဒက်ဒီခင်းပေးတဲ့ လမ်းပေါ်မှာ လျှောက်ခဲ့တာပဲ. . . ဒက်ဒီထားသလို နေခဲ့ဘာပဲ. . .”

ခင်ဘုန်းမြတ် အားပါးတရ ရှိုက်ငိုတော့သည်။

ဦးဘုန်းသော် လက်သီးတွေ ဆုပ်ထားလျက် တောင့်တင်းနေပါ၏။

“သားသမီးဆိုတာ မိစုံဖစုံနဲ့ နေရာမှ ပြည့်စုံစွာ ကြီးပြင်းရမှာပါ ဒက်ဒီတို့ စိတ်လိုက်မာန်ပါ မာနတွေ မြှင့်ကြလို့ သမီးတို့ ညီအစ်မ ဖအေ တစ်ကွဲ မအေတစ်ကွဲ နေရတယ်. . .

. . ညီမလေးကိုကျတော့ မာမီက ဖခင် မေတ္တာရော မိခင်မေတ္တာ ပါ ရအောင်ပေးနိုင်ခဲ့တယ်. . .

. . . သမီးကိုကျတော့ ဒက်ဒီ ဂရုစိုက်ခဲ့လို့လား. . .”

ခင်ဘုန်းမြတ် မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက် သည်။

“အိမ်ဖော်တွေ လက်ထဲမှာ ကြီးခဲ့ရတဲ့ သမီးဘဝဟာ ဒီလောက် တော့ အတွေးမှား အမှတ်မှားရှိသင့်ပါတယ် ဒက်ဒီ. . .”



www.burmeseclassic.com

www.burmeseclassic.com



သူမ နာကျင်စွာ ပြုံးလိုက်ပြန်သည်။

"မအေကျတော့ သမီးချင်း အတူတူတောင် သမီးကို ရက်စက်တယ်. . . စိမ်းကားတယ် မုန်းတယ်. . . အားလုံးကို သမီး မုန်းတယ်. . . ဘယ်သူကမှ သမီးအပေါ် မညှာတာကြပဲ. . . သမီး စိတ်ချမ်းသာသလို နေတာကျတော့ သိက္ခာကျတယ် စော်ကားတယ်တဲ့. . . ဟင်း ဟင်း. . .

ခင်ဘုန်းမြတ် ရှေ့တိုးလာလျက်. . .

"သမီး ရိုင်းတာကို ဆုံးမချင်သေးရင် ထပ်ရိုက်ပါ ဒက်ဒီ"

ငြိမ်သက်စွာ ရပ်ပေးနေသည့် သမီးကို ကြည့်ရင်း ဦးဘုန်းသော် မျက်ရည်တွေ ဖြိုကျလာတော့ မတတ်ပါ။

"ဒါဆို သမီး တစ်ခု ပြောပါရစေ. . . သမီး ဒီနေ့ကစပြီး လွတ်လပ်စွာနေမယ်. . .

. . . . သမီးချစ်သူနဲ့ သမီး စိတ်ချမ်းသာမယ့် ဘဝကို ဖန်တီးမယ်. . . သမီးကို ခွင့်လွှတ်ပါ. . ."

ငွေတည်းဟူသော အရာတစ်ခုနှင့် သူ့ရဲ့စည်းစိမ်ဥစ္စာများစွာနှင့် အခု သူ့ရင်ထဲမှာ ပူပြင်းလောင်မြိုက်နေတာတွေကို မငြိမ်းသတ်နိုင်

သူ ဖြစ်စေချင်သည့် ဆန္ဒများစွာကိုကျတော့ စည်းစိမ်ဥစ္စာများက မဖြည့်ဆည်းနိုင်တော့. . .





ချစ်လှစွာသော သမီးလေး ဘဝကို ပျက်စီးမခံနိုင်စွာ မည်သို့ ဘယ်တင်ရပါမည်နည်း။

သူ့စိတ်ချမ်းသာမှုတွေ ပြန်လည်ရရှိလာအောင် ဘယ်လိုလက်နက်များနှင့် တိုက်ပွဲဝင်ရမည်နည်း။

ဦးဘုန်းသော် အားကိုးရာမဲ့စွာ အရှုံးကြီး တစ်ယောက်နှယ်. . .

www.burmeseclassic.com

www.burmeseclassic.com

သမီးရင်တွေ ခုန်လိုက်တာ မေမေရယ် . . ."

ဒေါ်တာမာရီ သမီးလက်ဖျားလေးကို အားပေးသလို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်သည်။

"ဒီလိုပေါ့ သမီးရယ် . . . ဒါဟာ အနုပညာရဲ့ စာမေးပွဲ တစ်ခုပဲ ပေါ့ . . ."

အကယ်ဒမီဆု ချီးမြှင့်ပွဲ တက်ရောက်မည့် သမီး တစ်ကိုယ်လုံး ထဲ ကြည့်မဝ နိုင်စရာပါ။

တစ်ဖက်ရှိကောသာကျော့မှာ သဇင်ခက်ကလေးတွေ ဆင့်ပန် လျှက် အဖြူရောင်ချိတ်ထမီ အင်္ကျီဖြူ လက်ရှည်လေးနှင့် ပုဝါပါးလေးကို မဖို့တရို့ ခြုံထားလို့ . . .





ခပ်ပြေပြေလေး ချယ်ထားသည့် မျက်နှာမှာ စပယ်တင်မှဲ့လေး က မဲနက်လှစွာ မှေးတင်းလျှက် ရှိုပုံလေးက ဘယ်လိုကြည့်ကြည့် ရှုမငြီး စရာ။

"ဒီပွဲမှာလည်း သမီးလေး အကယ်ဒမီဆု ထပ်မံဆွတ်ခူးနိုင်ပါ စေလို့ မေမေ ဆုတောင်းပါတယ် သမီးရယ် . . ."

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ . . . မေမေ"

"ခင်ဘုန်းလေး အချိန်နီးပြီပော့ . . ."

မလေးအသံကြားတော့ သားအမိ နှစ်ယောက် လက်ချင်းတွဲ လျှက် ထွက်ခဲ့ကြသည်။

"ဟယ် . . . သမီးက လှလိုက်တာကွယ် . . . တကယ့်နုနုဖတ် ဖတ်ကလေး . . ."

မောင်လည်း လိုက်ခဲ့မှာမို့ သားကို လိုက်ပို့သည့် ဒေါ်သန္တာက ခင်ဘုန်း မေးစေ့လေးကို တယုတယ ကိုင်ရင်း ချီးကျူးနေသည်။

မောင့်မျက်နှာက ပြုံးနေသေးသည်။

အရပ်မြင့်မြင့် ဖြူသော ချောသော မောင့်အနားမှာ ခင်ဘုန်း ရပ်လိုက်တော့ တကယ်လိုက်ဖက်သည့် စုံတွဲပါပဲဟု အမေ နှစ်ယောက် နှင့်အဒေါ် မလေးတို့တွေပါ ဒိတ်ထဲက မှတ်ချက်ချမိကြသည်။

www.burmeseclassic.com



"အမေတလည်း သမီးလေးကို ကြိုတင် ဂုဏ်ယူပါရစေ . . .

ဒေါ်သန္တာက ပြောရင်း အသင့်ယူလာသည့် ပုလဲရင်ထိုးလှလှ လေးတစ်ခုကို ခင်ဘုန်း ရင်ဘတ်ပခုံးအောက်နားမှာ ကျကျနန ထိုးပေး လိုက်၏။ ခင်ဘုန်း ရှက်ရွံ့စွာ ခေါင်းငုံ့ထားလိုက်မိသည်။

"ခင်ဘုန်းရေ . . . ဖုန်းလာတယ် . . ."

ကားနားက မလေး ဖုန်းပြောတော့ ဒေါ်တမာချို ကိုယ်တိုင် လျှောက်သွားလိုက်သည်။

"အန်တီ့ကိုပေး မလေး . . ."

လက်ကိုင်အိတ်ကို ဘယ်ဘက်မှာ ပြောင်းကိုင်ရင်း ဒေါ်တမာချို ဖုန်းကို လှမ်းယူကိုင်လိုက်၏။

"ဟလို . . . ဘယ်သူလဲ အမိန့်ရှိပါ . . ."

". . . . . ."

"ဟာင် . . ."

ကိုင်ထားသည့် လက်ကိုင်အိတ် ဘုတ်ကနဲ ပြုတ်ကျသွားသည်၊ ဒါကို ခပ်လှမ်းလှမ်းကနေ လှမ်းမြင်လိုက်သည့် ခင်ဘုန်းဆက် မျက်နှာလေး ပျက်သွားလေသည်။

တစ်စုံတစ်ခု ဖြစ်ပြီဆိုတာ သိလိုက်ခြင်းနှင့်အတူ ...





အကြောင်းလဲဆိုသည့် အတွေးနှင့် ရင်ထဲမှာ ပူသွားမိ၏။

မေမေဟာ သာမန်မိန်းမတွေနှင့် မတူစွာ ထက်မြက်သည့် အရည်အချင်း ရှိသူပါ။

တော်ရုံကိစ္စလောက်ကို တုန်လှုပ်တတ်သူ မဟုတ်။

အမေ့ဆီ စိတ်အရောက်လျှက် မောင့် အမေကိုဒွတ်ဆက်ကာ ခင်ဘုန်း ကားဆီသို့ ခပ်သုတ်သုတ် လျှောက်သွားမိသည်၊

မလေးကို ဖုန်းလှမ်းပေးလိုက်၍ ဒေါ်တမာချို ကားထဲသို့ သွက် လက်စွာ ဝင်ထိုင်သည်။

"မေမေ . . ."

သူမ မေမေ့နားမှာ မျက်နှာလေး ငုံ့ခေါ်လိုက်တော့ . . .

"ကားပေါ်တက် သမီး . . . အချိန်မရှိတော့ဘူး . . ."

မလိုအပ်ပဲ တင်းမာသယောင် ရှိနေသည့် မေမေ့ မျက်နှာနှင့် အကားသံတို့ကြောင့် ခင်ဘုန်း မျက်နှာလေးငယ်လျက် တိတ်ဆိတ်စွာပဲ နောက်တံခါးကို ဖွင့်၍ ဝင်ထိုင်လိုက်ရသည်။

"မောင်ထွေးရေ . . . မောင်း . . ."

ခင်ဘုန်းတို့ရဲ့ ကားနောက်မှာ မောင့် ကားလှလှလေး ကပ်လျှက် ကားနှစ်စီး ခြံထဲက ထွက်သွားကြတာကို ဒေါ်သန္တာ ရပ်ကြည့်ကျန်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com


သည်။

စောစောလေးတုန်းကမှ အပြုံးပန်းတွေ တဝေဝေနှင့် သမီးကို ကြည့်မဝစွာ စကားတွေ ပြောမဆုံးခဲ့သော မေမေ့ရဲ့ တိတ်ဆိတ်ခြင်းကို ခင်ဘုန်း သတိထားမိနေရင်း ရင်ထဲမှာ ပဟေဠိများစွာ ဖြစ်နေမိသည်။

စောစောက ဘယ်သူဆက်တာလဲ . .

ဖေဖေပဲ ဖြစ်မှာပါ။

ဖေဖေ ဘာတွေ ပြောလိုက်လို့လဲ . . .

မမြတ်ရဲ့ အကြောင်းတစ်ခုခုများလား . . . ဒါမှမဟုတ် . . .

ခင်ဘုန်း တွေးသမျှ အဖြေက တစ်ခုမှ မတူစွာ . . .

မေးလည်း မမေးရဲသော သူ့အဖြစ်က ရင်ထဲမှာ တနုံနုံ . . .

♥ ♥ ♥



"သမီး . . ."

သစ်တိုင်တွေရဲ့ တစ်ဖက်မှာ ခင်ဘုန်းမြတ် မျက်နှာလေးက ရင့်နင့်ကြေကွဲဖွယ် . . .

ဦးဘုန်းသော် ယောက်ျားကြီး တန်မဲ့ မျက်ရည်ဝဲနေလေသည်။

"မိုက်လိုက်တာ သမီးရယ် . . ."

အပြစ်မတင်ချင်တော့ပေမယ့် ရင်နာလွန်း၍ ဒီစကားကိုသာ ထပ်ဆိုမိသည်။

ခင်ဘုန်းမြတ်က ငိုချင်တာကို အံကြိတ်တားဆီးလျက် မျက်နှာလေးကို ပင့်လိုက်သည်။

"သမီးဆီ ဒက်ဒီ နောက်ထပ် မလာပါနဲ့တော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

အသံက တုန်ခါနေလျက် စကားအဆုံးမှာ ပြည့်အိုင်နေတဲ့ မျက်ဝန်းက မျက်ရည်စက်တို့ လိမ့်ခနဲ ဆင်းကျလာသည်။

"သမီးမိုက်တာဟာ အများပြည်သူပါ ခွင့်မလွှတ်နိုင်အောင် မိုက် ခဲ့တာပါ. . . မူးယစ်ဆေးဝါးမှုနဲ့ ပတ်သက်ရင် ဥပဒေက တစ်မျိုးတည်းပဲ ဆုံးဖြတ်ရှာပါ. . . ဒက်ဒီ သမီး ကိုယ်လုပ်ခဲ့တဲ့ အပြစ် ကိုယ်ခံရတယ်. . . လိမ်ညာလှည့်ဖျားတတ်တဲ့ ယုတ်မာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ထောင် ချောက်ထဲမှာ သမီး ဘဝဆုံးခဲ့ရတာ. . .

. . . ကိုယ့်ကိုယ်ကိုလည်း ခွင့်မလွှတ်ဘူး. . . ဘယ်သူခွင့်လွှတ်တာမှလည်း မခံချင်တော့ဘူး. . . ပြန်ပါတော့ ဒက်ဒီ. . . မာမီ့လိုပဲ ဒက်ဒီ ပြတ်ပြတ်သားသား နေလိုက်စမ်းပါ. . ."

"သမီးရယ်. . ."

ဦးဘုန်းသော် အံကြိတ်လျှက် မျက်နှာလွှဲလိုက်ပေမယ့်. . .

လွင့်ခနဲ ကျသွားသည့် မျက်ရည်စက်ကို ခင်ဘုန်းမြတ် မြင်လိုက် ပါသည်။

တကယ်ဆို ကိုရဲရဲ့ အရှုပ်တော်ပုံထဲမှာ ခင်ဘုန်းမြတ် ညစ်ပ သွားခဲ့ခြင်း ဖြစ်သည်။





ကိုရဲရဲ့ ဒီလို ဒါတွေ လုပ်နေတာ သူငယ်ချင်းတွေ ပြောလို့ သိနေပါလျက်. . .

ကိုရဲရဲ့ ဟန်ဆောင်ခဲ့တဲ့ အချစ်တွေ အပေါ် လည်း ကြေကွဲစွာ ခံစားနေရပါရက်နဲ့ ချည်နှောင်ဖို့ကို သူ ဇွတ်ကြိုးစားခဲ့မိသည်

ရှောင်ဖယ်ဖယ်နေတဲ့ ကိုရဲကိုပဲ ဇွတ်လိုက်ကပ် လိုက်ခါ. . .

ခုတော့ သူတို့အားလုံးရဲ့ အရှုပ်တွေကို ခင်ဘုန်းမြတ်ရဲ့ ခေါင်း ပေါ် ပုံချ၍ အားလုံး လွတ်အောင်ပြေးကြသည်။

တကယ့်အစိက ခေါင်းဆောင်နှင့် ခင်ဘုန်းကိုသာ မိသည်။

ခေါင်းဆောင်လုပ်သူကလည်း ဘာမှမဆိုင်သဲ့ ခင်ဘုန်းကို မဆိုင် ကြောင်း ရှင်းမပြသလို. . .

ဆိုင်ရက်နဲ့ ထွက်ပြေးကြတဲ့ သူ့လူတွေကိုလည်း သတ်ဖော်ခြင်း မပြု။

ပစ္စည်းနဲ့အတူမိခဲ့တဲ့ ခင်ဘုန်းမြတ်ဟာ ကိုရဲနဲ့အတူ နှစ်ကြိမ် သုံးကြိမ်ထိ ထွက်ပြေးသွားခဲ့တဲ့ အပြစ်မျိုး ရှိခဲ့ဖူးတာတွေကြောင့် ခုချိန် မှာ လုံးဝအယူခံဝင်လို့ မရတော့ပေ။

ခင်ဘုန်းမြတ် ဦးဘုန်းသော်လက်ကို ဆုပ်ကိုင်လိုက်သည်။

"သမီးကြောင့် လူတွေကြားထဲမှာ ဒက်ဒီ ဂုဏ်သိက္ခာတွေ ရေစုန်


www.burmeseclassic.com

www.burmeseclassic.com



ဖျောက်နိုင်ပြီ... မာနီ ထိုးနှက်ချက်တွေ ကြားမာလည်း ဘတ်ဒီ အ... အလိမ့် ကျုံးရှုံးခဲ့တော့မယ်... သမီးကို တစ်ခါတည်း မေစာရှင်း သွင်... ခေမွေ့စင်လိုက်ပြီတော့ ဘက်ဒီ... သမီးမိတ်ဘာ သမီး တစ်ယောက်မ ခံ... ရစေ...

ဦးဘုန်းသော် သမီးကြီး မျက်နှာကို ကရုဏာ မျက်ဝန်းတို့... ပြန်ကြေးကြည့်မိသည်။

မလိမ္မာ တစ်ခါမိုက်တဲ့ သမီးကတော့ အခ်ပေါင်းများစွာ မိုက်... ပါသား...

နောက်ဆုံး ဘဝပျက်မှာစိုးလို့ သူ့ အခွင့်မ်းကုန် စိတ်ဆို့ တား... ခဲ့သည်

သမီးလုပ်သူက အခွင့်မ်းကုန် မိုက်ပြခဲ့၏။

ခုတော့ ခံရသော တစ်ယောက်တည်း...

သူ တစ်ယောက်တည်း ခံရတာလို့ သမီးမြင်တာ...

ဒီထဲမှာ ရေခုန်မျောကူန်ခဲ့တဲ့ ဘဝတွေ သိက္ခာတွေ ဘာ... ပြုပြင်ပြောင်းလဲဖို့ မဖြစ်နိုင်တော့တဲ့ ကျိုးပဲ့ပျက်စီးခြင်းတွေ...

တမာချီး...

မင်းပြောတာ မှန်ပါတယ်...



မင်းလုပ်တာလည်း မှန်ပါတယ်...

သူ့လုပ်ရပ်အပေါ် မှန်ခွင့်ပေးလိုက်ဘာပေမယ့် ဦးဘုန်းသော် အနိုင်ပေးခြင်း မဟုတ်ပါ။

ရင်ထဲမှာ နာကျည်းချက်သည်သာ တစ်ရစ်ပြီး တစ်ရစ် ဖြစ်တည်လျက်...

ကိုယ့်မှာ ဘယ်လိုဆုံးရှုံးမှုတွေပဲ ဖြစ်လာလာ ပဲ့ကြွေသွားတဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် သတ်မှတ်သည်။

သမီး ဒီလိုဖြစ်တာ ဖုန်းဆက်တော့ 'ဘာ' ဆိုတဲ့ ခြောက်ခြား တုန်လှုပ်စွာ တော်လဲသံကြီးလို ဘာစ်လုံးတည်းဆို၍ ဖုန်းကို ပိတ်ပစ်ခဲ့သည်။

ဘာမှ လာမပြောနဲ့လို့ ဆိုလိုက်တာလား...

ရတယ် တမာချီ...

သမီးတစ်ယောက် ဘဝဆုံးခဲ့ရတာ ငါ့ရဲ့ ညှဖျင်းမှုကြောင့်လို့ ဆိုပေမယ့် မင်းမွေးခဲ့တဲ့ သမီး...

မင်းမှာရော မဆုံးရှုံးဘူးတဲ့လား...

မင်းခံစား နေရမှာပါ။

မင်း မာနတွေနဲ့ ဖုံးထားစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းသော် သမီး လက်ကလေးကို ပြန်လည်ဆုပ်ကိုင်လိုက်သည်။

ခြေမမကောင်း ခြေမ. . .

လက်မမကောင်း လက်မဆိုတဲ့ ဝါဒနဲ့ မင်းကပြတ်သားခဲ့ပေမယ့် ငါမွေးတဲ့ သမီးကို ငါမပစ်ပယ်နိုင်ဘူး. . .

သူ့ရဲ့ မိုက်မဲမှုကိုပဲ မျှဝေခံစားပြီး ငါ ဖက်တွယ်သွားမယ်. . .

"မှားခဲ့တာကို ထပ်ထပ်ပြီး တွေးရင် ထပ်ထပ် မှားတတ်ပါတယ် သမီးရယ်. . . ပြီးခဲ့တာကို မေ့ပြီး ဒက်ဒီတို့ ရှေ့ဆက် အကောင်းဆုံးဖြစ်ဖို့ ကြိုးစားမယ်နော်. . ."

ခွင့်လွှတ်နေမြဲသော မိဘရဲ့ အေးချမ်းတဲ့ မေတ္တာကို ခံစားရင်း ခင်ဘုန်းမြတ် ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာသည်။

"သမီးကို ခွင့်မလွှတ်ပါနဲ့ ဒက်ဒီရယ်. . . သမီးအတွက် ဘာမှ မကြိုးစားပါနဲ့. . . ဒက်ဒီ ခွင့်လွှတ်ပေးနေတိုင်း သမီး ရင်နဲ့မမျှအောင် ခံစားရပါတယ်. . ."

ဝဲလာသည့် မျက်ရည်ကို ပြန်လည်သိမ်းဆည်း၍ ဦးဘုန်းသော် ပြုံးနိုင်အောင် ကြိုးစားနေသည်။

"သမီးကို ဒက်ဒီ မြှုပြင်မယ်. . . သမီး ဘယ်အမှားမျိုးပဲ ဖြစ်ခဲ့





ဖြစ်ခဲ့. . . နောက်ထပ်မမှားရဘူးဆိုတဲ့ ပြုပြင်ဖို့ ဆင်ခြင်ဉာဏ်ရှိနေရင် ဒက်ဒီဘာလို့ ခွင့်မလွှတ်နိုင်ရမှာလဲ. . ."

"မဟုတ်ဘူး ဒက်ဒီ. . ."

"သမီး မာမီကိုလည်း မပြစ်မှားပါနဲ့ သမီးရယ်. . . သူဘာ. . ."

"ဒက်ဒီ. . ."

ခင်ဘုန်းမြတ်ရဲ့ မျက်နှာမှာ ဒီစကားတွေ လက်ခံလို့ခြင်း မရှိ။

"ဒက်ဒီ သမီးကို ချစ်သေးတယ်မှုလား ဟင်. . ."

"ဘယ်လို မေးလိုက်တာလဲ သမီးရယ်. . ."

"မေးတာကိုပဲ ဖြေပါ ဒက်ဒီ. . ."

"သိပ်ချစ်တာပေါ့ သမီးရယ်. . . အဖေတစ်ခု သမီးတစ်ခု ဘဝနဲ့ ဖက်တွယ် ရုန်းကန်ခဲ့ကြရတာ. . . နည်းတဲ့ သံယောဇဉ်တွေလား. . ."

ခင်ဘုန်းမြတ် စီးကျလာတဲ့ မျက်ရည်တွေကို သုတ်ပစ်လိုက်၏။

"သမီး လိုချင်တာ အဲဒါပဲ. . . ဒက်ဒီ အချစ်တွေကို မဆုံးရှုံးရသေးဘူးဆိုရင်ကျတော့ သမီး ဘာမှ မမက်မောဘူး. . . နွေးထွေးတဲ့ ကြင်နာမှုကို သမီး ဒက်ဒီဆီကပဲ ရခဲ့တာ ခုလည်း နစ်နစ်နာနာ ကြေကွဲခံပြီး ဒက်ဒီ ခွင့်လွှတ်ခဲ့တယ်. . . အဲဒီ ခွင့်လွှတ်ခြင်းမျိုး သမီးကို ဘယ်သူမှ မပေးနိုင်မှ မဟုတ်သလို. . . ဘယ်သူ့ဆီကမှလည်း သမီး မလိုချင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး. . . သမီးကို နားလည်ပေးပါ ဒက်ဒီရယ်. . .

သမီးရယ်. . .

"သမီးရင်ထဲက အမြစ်တွယ်စပြုနေတဲ့ တယုသန်စိတ်လေးကို ဦးဘုန်းသော် မြင်လိုက်ရပြီ။

တမာချို. . .

အဲဒါ မင်း ပေးလိုက်တဲ့ လက်ဆောင်ပဲ. . .။

♥ ♥ ♥

ဪ. . .

ဒီနှစ် အကယ်ဒမီ ရွှေရှင်ဆုကိုလည်း သမီးက ဆွတ်ခူးလိုက်နိုင်ပြီကိုး. . .

ရွှေစင်ဆုကို ကိုင်ထားသည့် မင်းသမီး ခင်ဘုန်းဆက်ရဲ့ နံဘေးမှာ ရုပ်ရှင်စာနယ်ဇင်းသမားတွေ ဝါသနာရှင် ပရိသတ်တွေ ကြိတ်ကြိတ်တိုးလျက် ကင်မရာမီးဖလက်တို့က ဝင်းခနဲ လက်ကနဲ။

နံဘေးမှာလည်း သမီးဘဝရဲ့ ဒါရိုက်တာမကြီး ပါသေးသည်. . .

ဒီပြင် အကယ်ဒမီ မင်းသား မင်းသမီးတို့နှင့် ပေါ်ရှင်မြူးကြနေတဲ့ သားအမိဆီသို့ ငေးကြည့်နေသည့် ဦးဘုန်းသော် မျက်ဝန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ရေပူ စမ်းတို့ ဝေခဲ့ပြီ။

သမီးလေး မျက်နှာ သမီးလေးရဲ့ဂုဏ်. . .

အားလုံးဟာ ကျက်သရေ မင်္ဂလာရှိလိုက်ပါဘိ။

တိုးမပေါက်နိုင်သော လူထုပရိသတ် ကြားကနေ မေမေ့လက်ကို ဖက်တွယ်၍ တဖြည်းဖြည်း ထိုးဖောက်ထွက်လာနိုင်သည့်တိုင်။

ခင်ဘုန်းဆက် မျက်နှာဝှလေး နွမ်းလျစ ပြုလာသည်။

"ဟေား. . . မောင်. . ."

မောင် ကမ်းထားတဲ့ လက်နှစ်ဖက်ကို သူ လက်အလှမ်းမှာ မီး ရောင်တွေ ဝင်းခနဲ ဝင်းခနဲ ဖြစ်ကုန်သည်။

ဒီပုံကို အမိအရ ရိုက်ယူကြ၍ ခင်ဘုန်းနဲ့ မောင့်အကြောင်း သူတို့ ကြေညာမိလျှင်. . .

"ဖေဖေ. . ."

ခင်ဘုန်းအသံကြောင့် မေမေ့မျက်နှာ ဆတ်ခနဲ လှည့်လာပုံက အလန့်တကြား နက်မှောင်နေသည့် ကားရဲ့နံဘေးမှာ လျော့ရဲစွာ ရပ်နေ သည့် ဦးဘုန်းသော် မျက်နှာက ပြုံးနေပေမယ့် မျက်ဝန်းတို့က ဆွေးမြေ့ လှစွာ. . .





"ဖေဖေ. . ."

ခင်ဘုန်း ဟန်မဆောင်နိုင်ရှာ။

ဖအေဖြစ်သူဆီ လျှောက်သွားမိရင်း ဖေဖေ့ ရှေ့မှာ ခြေစုံရပ် လိုက်သည်။

"ဒက်ဒီ. . . အဲ. . . ဖေဖေ ဂုဏ်ယူပါတယ် သမီးရယ်. . . ချီး လည်း ချီးကျူးပါတယ်. . . ဒီနေ့ ဖေဖေ့ရဲ့ ချီးကျူး ဝမ်းမြောက်ခြင်းဟာ တကယ့် လှိုက်လှိုက်လှဲလှဲ ခံစားရင်း ဖြစ်ပေါ်လာတာဆိုတာ ယုံပါ. . ."

မေမေ့ အပေါ်ထားသည့် အာဃာတများကြောင့် ခင်ဘုန်းကို တစ်ခါတရံ ခပ်လှောင်လှောင် စကားနှင့် သမီးဆိုသည့် သံယောဇဉ်တံ တိုင်းကို ကန့်ကြောက် ကျော်ခိုင်းတတ်ဖူးသည့် ဖေဖေပါ။

ဒါပေမယ့် ခင်ဘုန်း ဖေဖေ့ကို အရှိအသေ မပျက်စွာ လေးစား ချင်ခင်နေမြဲ။

အရင်အချိန်များနှင့် မတူသော ဒီနေ့ ဖေဖေ့ စကားတွေဟာ လေးနက်မှုတွေ လှိုက်လှဲမှုတွေ အပြည့်အဝ ပါနေမှန်း သိနေပါလျက်. . .

ဖေဖေ့ မျက်ဝန်းထဲမှာ ဧသောကရိပ်တွေ ရှိနေတာ ခင်ဘုန်း နားလည်လိုက်သည်။

ဘာ့ကြောင့်ဆိုတာကို မမှန်းဆတတ်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဘုန်း ခုလိုရလာတဲ့ အောင်မြင်မှုတွေဟာ မိဘဆရာသမား တို့ရဲ့ ဂုဏ်ကျေးဇူးကြောင့်ပါ ဖေဖေ. . . အနန္တငါးပါးကို သမီး ဘယ်တော့မှ မမေ့ပါဘူး. . ."

"ဆက်လက်နိုင်မြဲပါစေ. . ."

ဆုတောင်းပေးရှာသည့် ဖေဖေ့ရဲ့ အဖျားသတ် စကားလုံးတွေ တုန်ယင်စွာ ပျောက်ကွယ်ကုန်၏။

ခင်ဘုန်းတို့နားမှာ လူတွေ ဝိုင်းအုံစပြုလာသည်။

သမီး အပေါ် အလိုမကျတာလား. . .

တစ်ချိန်က ခင်ပွန်းဖြစ်ခဲ့သူကို မကျေနပ်တာလား မသိ. . .

ဒေါ်တမာချို ကားထဲမဝင်နိုင်သေးပဲ သူတို့ သားအဖဆီ ကြည့်နေသည့် မျက်လုံးတို့က မီးပွင့်မတတ် လက်ဖြာနေသည်။

ငါသိလိုက်ပါပြီ တမာချိုရယ်. . .

မင်းကိုလည်း နှလုံးသားနဲ့ရင်းပြီး ဂုဏ်ပြုလိုက်ပါတယ်. . .

မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်မှုနဲ့ အချုပ်ထဲ ရောက်နေတဲ့ သမီးတစ်ယောက်ရဲ့ မိခင် မင်းဖြစ်ချင်မှာ မဟုတ်ဘူး. . .

သူ့ရဲ့ညီမ အဖြစ်လည်း သမီးကို မင်းတော်စပ်စေချင်မှာ မဟုတ် ဘူးဆိုတာ ငါသိတယ်. . .



မျက်ဝန်းထဲက အဖြေကို ကောင်းစွာ ဖတ်ရှုနားလည်နိုင်သော အကွာအဝေးမို့ ဦးဘုန်းသော်နှင့် ဒေါ်တမာချိုတို့ မျက်လုံးချင်း စစ်ခင်းကြလေသည်။

ရင်ထဲမှာ သောကကိုယ်စီရှိကြပေမယ့် တစ်ဦးက ခွင့်မလွှတ်နိုင်သော ဒေါသနှင့် ယှဉ်သည့်သောကာ. . .

တစ်ဦးက သည်းကြွေပြုန်းမျှ ခံစားနေရလျက် နောင်တ၏ သောကများ. . .

သမီး နှစ်ယောက်၏ ဘဝများက အကျိုးပေးခြင်း ကွာခြားလှသည်။

ဒီနေ့ တိုက်ဆိုင်လွန်းလှစွာ သမီးငယ်က အောင်မြင်မှု သရဖူဆောင်းလျက် ဝမ်းမြောက်ဝမ်းသာ ရွှေစင်ဆုကို ဆွတ်ခူးနိုင်သောနေ့။

ပြည်သူပရိသတ်တို့ကြားမှာ ချီးကျူးဂုဏ်ပြု နှုတ်ဆက်အနမ်းတွေကြားမှာ ဓါတ်ပုံရိုက်ချက်တွေ တဝင်းဝင်းနှင့် တင့်တယ်နေသောနေ့။

သမီးကြီးကို မူးယစ်ဆေးဝါးမှုနှင့် အချုပ်ထဲမှာ ရင့်နင့်စွာ မြင်လိုက်ရသောနေ့။

ပြည်သူလူထု စက်ဆုပ်မုန်းတီးသော ပြစ်မှုနှင့် အပြစ်ပေးခြင်း ခံရတော့မည့် သမီးကြီးဘဝကို ဘယ်သူ့ကို တိုင်တည်၍မှ ငိုစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ပွပြင်းသော အပူသောကတွေကို အဖေ တစ်ယောက်က မထွေး နိုင် မအံ့နိုင် ရင်မှာပိုက်လျက် အမေဖြစ်သူရဲ့ ရှေ့မှာ ဖွင့်ချပြနိုင်စွမ်း မရှိ။

မင်း သိတယ်. . .

မင်း သမီးကြီးကိစ္စကို သိရက်နဲ့. . .

ချီးကျူးပါတယ် တမာချို့. . .

ဦးဘုန်းသော် အံကြိတ်လိုက်သည်။

သမီးအကြောင်း သူ့အကြောင်းကြားလိုက်စဉ်က ဖုန်းထဲမှ တုံ့ ပြန်သံမလာတော့သည့် သူမအသံကို စောင့်မျှော်ရင်း သူ့ အသားဆတ် ဆတ် တုန်ခဲ့ရသည်။

ဘာမှသိရှာပုံမရသော သမီးငယ်ကို အားတင်းပြုံးပြဖို့တောင် သူ့မှာ အင်အားမရှိတော့သလို ဖြစ်ခဲ့ရသည်။

ဒေါ်တမာချို့ထံ အကြည့်တွေ ပြန်ရောက်၏။

"ဒါတွေကို ရှင်နားလည်ရင် ကျွန်မကို အပြစ်တင်ဖို့ မကောင်း ဘူး ကိုဘုန်းသော်. . . လူတွေရဲ့ ဖြစ်လာသမျှ အကြောင်းတရားတွေဟာ ကံကြောင့်လို့ ပုံချလို့ရပေမယ့် ပစ္စုပ္ပန် ပြုလုပ်ချက်တွေနဲ့လည်း ဆိုင် တယ်. . .





. . သမီး ဒီလိုဖြစ်ရတာ ဘယ်သူ့ကြောင့်လည်း ရှင်နားလည်စမ်း ပါ. . ."

ထက်မြက်သည့် ဒေါ်တမာချို့ မျက်ဝန်းက စကားသံတို့ကို ဦးဘုန်းသော် ခံစားဖတ်ရှု နိုင်ခဲ့ပါသည်။

"မင်း ဘာတွေ ပြောချင်နေသလဲဆိုတာ ငါသိတယ် တမာချို့ သမီး တစ်ယောက် အတွက် အေးစက်နေတဲ့ မင်းရဲ့ သံယောဇဉ် မေတ္တာ ကို ချီးကျူးနိုင်သလိုပဲ. . .

. . ငါ့လုပ်ရပ် အယူအဆမှားခဲ့လို့ ငါ့မှာ နောင်တတွေ တမွေ့ တပိုက် ရနေပေမယ့် မင်းရှေ့မှာ ဘယ်တော့မှ ဒူးမထောက်ဘူးဆိုတာ လည်း ယုံစမ်းပါ. . ."

ဦးဘုန်းသော်၏ မျက်ဝန်းဖျော့ဖျော့များက မာနရောင်ကြောင့် စိုလက်လာကြသည်။

"ငါ့ရဲ့ နောင်တတွေဟာ အနာဂတ်အတွက်ပေမယ့် မင်း အတွက် ဖြစ်မလာစေရဘူး. . . ငါ့ရဲ့ ကျဆုံးခန်းကို မင်း ဝမ်းမြောက်ဝမ်း သာကြည့်နေခွင့်တော့ ငါပေးခဲ့မိတယ်. . .

. . ဒီအတွက်လည်း ငါ နောင်တရ လို့ မဆုံးဘူး. . , တကယ်ဆို မိဘ်သားအဖရဲ့ ကြေကွဲခြင်းတွေကို မင်းဆီ အရောက်ပို့လိုက်မိတာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့အမှားပါ. . .”

မိဘနှစ်ဦးကြားမှာ ခင်ဘုန်းဆက် တစ်လှည့်စီ ကြည့်ရင်း
ကိုမှ နားမလည်နိုင်တော့ အဲဒီမျက်လုံးတွေကို သူမ အဓိပ္ပာယ် မရှာတ
ပါ။

မေမေတို့ ဘာတွေပြောနေကြတာလဲ ဟင်. . .

အပြစ်ကင်းစင်လှသည့် သမီးလေးရဲ့ လက်မောင်းလေး
ဦးဘုန်းသော် ခပ်ဖွဖွ ဆုပ်ကိုင်လိုက်သည်။

“ကိုဘုန်းသော်. . . ရှင့်သမီးရဲ့ ပျော်ရွှင်မှုတွေကို မဖျက်ဆီး
ပါနဲ့. . .”

သူမဆီ ဖျတ်ကနဲ မျက်စိပြန်အရောက် စကားလုံးတွေ ခုန်ထွ
လာတော့ မတတ် အရောင်တွေ လက်နေသည့် မျက်ဝန်းတွေကို မြင်လို
ရ၏။

ဦးဘုန်းခသော် နှုတ်ခမ်းမှာ မချိပြုံးတစ်ခု ဖြစ်ထွန်းသွား၏။

“မင်းဆန္ဒတွေကို ငါ နားလည်တယ်. . . မင်းအတွက် လို
လျော်တာမျိုး မဟုတ်ပေမယ့် စိတ်ချစမ်း တမာချို. . . သမီးတစ်ယော
အတွက် ခံစားချက် မဲ့နေလောက်အောင် မင်း မာနကြီးပေမယ့်. . .
. . . ဒီသမီးလေးရဲ့ အောင်မြင်ပျော်ရွှင်မှုကို ဖျက်စီးရ

သန္တာမွှန်စာပေ

ခလောက်ခဲ့အောင် ငါ မာနမကြီး နိုင်ပါဘူး. . . ဆိုးရွားတဲ့ ငါ့ပြဿနာတွေကို
ငါ့ဆန္ဒအလျောက်ပဲ. . . သမီးဆီ ဘယ်တော့မှ မကူးစက်စေဘူးဆိုတာ
ယုံ. . .”

မျက်ဝန်းစကားများနှင့် နှုတ်ဆက်သော မိဘတို့၏ တွေ့ဆုံပွဲကို
ခင်ဘုန်း ကြေကွဲစွာ ခံစားလာမိသည်။

မေမေ့ မျက်ဝန်းတို့က တခါးမှာ ခက်ထန်နေလျက်. . .

ဖေဖေ့ကျတော့ ဗုန်းဗုန်းပုံကျအောင်မတတ် သောကရိပ်တွေ
ထင်းလို့. . .

နောက်ဆုံး မေမေ့ရဲ့ အေးစက်စက် မျက်ဝန်းတွေ ရှေ့မှာ အံခဲ
တွန်းလှန်လိုသည့် မာန်ရိပ်များနှင့် မချိတရိ မဲ့ပြုံးများ. . .

ဖေဖေ့အပေါ် ခင်ဘုန်း နားလည်စွာ ဖေဖေ့ ကြေကွဲမှုတွေကို
လည်း ခန့်မှန်းမိရရင်း မိဘ နှစ်ဦးကြားက ပဟေဠိတစ်ခုကို အဖြေရှာ
မရပါ။

မိနစ်ပေါင်းများစွာ အတွင်း ဖြစ်ပွားခဲ့သော ရင်တွင်းမှ ပေါက်ကွဲ
ပစ်ခတ်ခဲ့ကြသည့် စစ်ပွဲမှာ ဘယ်သူကျဆုံးခဲ့ပါသနည်း။

သူမ အမြဲမြင်နေကျ မေမေ့ မျက်ဝန်းတို့မှာ အေးစက်မာကြော
နေဆဲအတိုင်း ရှိသလို။

သန္တာမွှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းငိုက်စိုက်ချ ပြန်သွားတာမျိုး မဟုတ်သော ဖေဖေ့နှုတ်ခမ်းတို့မှာ မာနရိပ်နှင့် မထိတရိ အပြုံးတို့ကို မြင်နေရဆဲ။

ပျောက်ကွယ်သွားသော ဖေဖေ့ကားလေးဆီ မှန်းဆမျှော်ငေးကြည့်နေရင်း ထပ်ဆင့်အကယ်ဒမီ မင်းသမီးလေး၏ မျက်ဝန်းမှာ မျက်ရည်စလေးတွေ ဝေ့နေလျှက်. . .

ပြီးပါပြီ။

သျှင်မ

BURMESE CLASSIC



www.burmeseclassic.com